www.burmeseclassic.com

# မြင့်မြတ်သူတို့ရဲ့အလုပ်

ရဝေနွယ် (အင်းမ)

www.yawainwe.net

ဖြန့်ချိရေး
**နေလစာပေ**
အမှတ်(၂၁၆)၊ ၃၁–လမ်း(ထက်)၊ ရန်ကုန်မြို့။
ဖုန်း – ၇၀၃၈၂၃

ပင်ထိုး
**New Day**
အမှတ်(၁၄၈)၊ လမ်း – ၅၀(ထက်)၊ ရန်ကုန်မြို့။
ဖုန်း – ၂၀၁၄၃၇၊ ၂၉၈၆၄၂

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက် | ၃၂၀၇၂၅၁၀၀၇ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀၀၂၅၀၁၀၈ |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ်<br>၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ |
| အုပ်ရေ | ၂၀၀၀၀ |
| မျက်နှာဖုံးပန်းချီ | ဝသုန် |
| ကွန်ပြူတာစာစီ | အလင်းအိမ် |
| အတွင်းဖလင် | AZ |
| ကာလာခွဲ | New Day |
| ထုတ်ဝေသူ | ဒေါ်ခင်အေးမြင့် (၀၃၈၀၁)<br>ရာပြည့်စာပေ<br>အမှတ်(၃၈)၊ ၁၀၉ - လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဒေါ်ခင်အေးမြင့်<br>ရာပြည့်အော့ဖ်ဆက်<br>အမှတ်(၁၉၉)၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| စာအုပ်ချုပ် | ကိုမြင့် |

အာနန္ဒာဘုရားအတွင်း တောင်ဘက်မတ်ရပ်ကိုယ်တော်ကြီး၏
အရှေ့ဘက်မုခ်ကပ်အချိုင့်အတွင်းမှ
'ဘုရားလောင်းနန်းစံနေဟန်'ကို ပန်းချီဝသုန် ရေးဖွဲ့ပူဇော်သည်။

| | |
|---|---|
| တန်ဖိုး | ၆၀၀ ကျပ် |


# မာတိကာ


| | | |
|---|---|---|
| က | စာရေးသူရဲ့အမှာ | ၅ |
| ၁။ | မြင့်မြတ်သူတို့ရဲ့အလုပ် (၁)<br>ဒါနပါရမီ (ပထမပိုင်း) | ၉ |
| ၂။ | မြင့်မြတ်သူတို့ရဲ့အလုပ် (၁)<br>ဒါနပါရမီ (ဒုတိယပိုင်း) | ၂၇ |
| ၃။ | မြင့်မြတ်သူတို့ရဲ့အလုပ် (၁)<br>ဒါနပါရမီ (တတိယပိုင်း) | ၄၇ |
| ၄။ | မြင့်မြတ်သူတို့ရဲ့အလုပ် (၂)<br>သီလပါရမီ | ၆၃ |
| ၅။ | မြင့်မြတ်သူတို့ရဲ့အလုပ် (၃)<br>နေက္ခမ္မပါရမီ | ၈၅ |
| ၆။ | မြင့်မြတ်သူတို့ရဲ့အလုပ် (၄)<br>ပညာပါရမီ | ၁၀၁ |
| ၇။ | မြင့်မြတ်သူတို့ရဲ့အလုပ် (၅)<br>ဝီရိယပါရမီ | ၁၁၁ |


www.burmeseclassic.com

www.burmeseclassic.com


၈။ မြင့်မြတ်သူတို့ရဲ့အလုပ် (၆) ―――― ၁၂၁
ခန္တီပါရမီ
၉။ မြင့်မြတ်သူတို့ရဲ့အလုပ် (၇) ―――― ၁၃၃
သစ္စာပါရမီ
၁၀။ မြင့်မြတ်သူတို့ရဲ့အလုပ် (၈) ―――― ၁၄၅
အဓိဋ္ဌာန်ပါရမီ
၁၁။ မြင့်မြတ်သူတို့ရဲ့အလုပ် (၉) ―――― ၁၅၅
မေတ္တာပါရမီ
၁၂။ မြင့်မြတ်သူတို့ရဲ့အလုပ် (၁၀) ―――― ၁၆၉
ဥပေက္ခာပါရမီ
ခ ဆုတောင်း ―――― ၁၈၅
ဂ အလှူရှင်စာရင်း ―――― ၁၈၆




## စာရေးသူရဲ့အမှာ

ပါရမီ (၁၀) ပါးကို ရေးချင်နေတာကြာလှပါပြီ။ အကြောင်းအရာပိုင်းကို စာအုပ်တွေ ဖတ်ထားလို့ သိထားရပေမယ့် အယူအဆပိုင်းမှာ အားမရသေးလို့ပါ။

ပထမဆုံးဖြစ်တဲ့ ဒါနပါရမီကို ဘယ်လိုရေးရမှန်းကို မသိပါဘူး။ အယူအဆပိုင်းနဲ့ ပတ်သက်လို့ ဓမ္မဘေရီ ဆရာတော်အရှင်ဝီရိယ (တောင်စွန်း)ရဲ့ "အမြင့်ဆုံး စိတ်ထားများ" တရားတိတ်ခွေနဲ့ အတွေးသစ်ဂျာနယ်မှာပါတဲ့ "မထေရ်မြတ်တို့စကားဝိုင်း"ဆောင်းပါးကို ဖတ်ပြီးမှ သဘောပေါက်သွားရတာပါ။ ဘုန်းကြီးနဲ့မကြာခဏတွေ့နေတာဆိုတော့ အယူအဆပိုင်းကို ထပ်မေးဖြစ်ပါတယ်။

မထင်မှတ်တဲ့ တိုက်ဆိုင်မှုကတော့ စာရေးသူရဲ့ (၁၀) အုပ်မြောက်မှာ ပါရမီ (၁၀)ပါးကို ရေးသားပူဇော်ခွင့်ရလိုက်တာက တကယ့်အမှတ်တရတစ်ခုပါပဲ။

ဒါနပါရမီကို ရေးတဲ့အခါ အကြောင်းအရာပိုင်းနဲ့ အယူအဆပိုင်းကို ငဲ့ငဲ့ပြီး ရေးနေရတဲ့အတွက် စကာနည်းနည်းတော့ လေးသလိုဖြစ်သွားပါတယ်။ ဒါကိုတော့ သည်းခံ ဖတ်ပေးစေချင်ပါတယ်။ နောက်ပိုင်း ပါရမီတွေ

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ အရင်ရေးနေကျအတိုင်းပဲ ရေးဖြစ်ခဲ့ပါတယ်။

<u>အစဖြစ်တဲ့ ဒါနပါရမီကို ဖတ်ရတာ လေးနေရင် နောက်ဆုံး ဥပေက္ခာပါရမီက စဖတ်လည်းရပါတယ်</u>။

ပါရမီ (၁၀)ပါးကိုရေးတဲ့အခါ အကြောင်းအရာပိုင်းကို တိပိဋကမင်းကွန်းဆရာတော်ဘုရားကြီးရဲ့ မဟာဗုဒ္ဓဝင်ကိုကိုင်ပြီး ရေးပါတယ်။ အယူအဆပိုင်းကို လယ်တီဆရာတော်ဘုရားကြီးရဲ့ ဥတ္တမပုရိသဒီပနီကိုကိုင်ပြီး ရေးပါတယ်။ သဘောအဓိပ္ပါယ်ပိုင်းကို ဆရာတော်အရှင်ဇနကာဘိဝံသရဲ့ ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေကိုကိုင်ပြီး ရေးပါတယ်။ အတွေးအခေါ်ပိုင်းကိုတော့ ဆရာကြီး ဦးရွှေအောင်ရဲ့ ဗုဒ္ဓ (သို့မဟုတ်) လောကသားတို့ရဲ့အန္တိုင်းမဲ့ ကျေးဇူးရှင်စာအုပ်ကိုကိုင်ပြီး ရေးခဲ့ပါတယ်။

ပြီးတော့ ပါရမီ(၁၀)ပါးကို ဗဟုသုတကြည့်ညို့ရုံသက်သက်မဟုတ်ဘဲ အသုံးချပါရမီဖြစ်အောင် ကြိုးစားရေးထားပါတယ်။

နောင်တော် ဦးဇင်းအရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)က စာရေးသူကို စိတ်ဓာတ်ရေးရာအရ အမြဲဖေးမပံ့ပိုးပေးခဲ့ပါတယ်။ အထူးသဖြင့် အနှောင်အဖွဲ့ကင်းပြီး စိတ်ကလေးကို ငြိမ်းအေးအောင်နေဖို့နဲ့ အာရုံတိုင်း ကုသိုလ်ဖြစ်အောင်နေပါတဲ့။

ဥပမာ စာရေးတဲ့အခါတိုင်း မရေးခင် ပဋ္ဌာန်းရွတ်ဖို့၊ မေတ္တာသုတ်ရွတ်ဖို့၊ နိဗ္ဗာန်ကိုဆုတောင်းဖို့၊ စာဖတ်ပရိသတ်ကို မေတ္တာပို့ဖို့၊ စာမူချောရေးပြီးတဲ့အခါ ဘုရားကပ်ဖို့၊ ဆုတောင်းမေတ္တာပို့ဖို့၊ ဂျာနယ်မဂ္ဂဇင်းမှာ စာမူပါလာတဲ့အခါ ဘုရားကို ထပ်ကပ်ဖို့ စသည်တွေပါ။



ဒီတော့ ပြောတဲ့အတိုင်း စာမရေးခင် ရွတ်စရာရှိတာ ရွတ်ပါတယ်။ ကွန်ပျူတာစီပြီး အချောထုတ်ပြီးတဲ့အခါ မြတ်စွာဘုရားကိုကပ်ပြီး "မြတ်စွာဘုရား . . မြတ်စွာဘုရားတရားတော်များကို ပြန်လည်ပူဇော်သောအားဖြင့် ရေးသားထားသော တရားစာမူများကို ကပ်လှူပူဇော်ပါ၏။ ဖတ်ကြည့်တော်မူပါဘုရား"လို့ ဆိုပြီး ကပ်ပါတယ်။ ပြီးတော့ တစ်ဆက်တည်း "ဤစာရေးရသော ကုသိုလ်ကောင်းမှုအဖို့ဘာဂသည် နိဗ္ဗာန်၏အထောက်အပံ့ဖြစ်ပါစေ၊ ဘုရားတပည့်တော်ရေးတဲ့ တရားစာမူလေးတွေဖတ်ပြီး စာဖတ်ပရိသတ်အားလုံး တရားအသိလေးတွေ ရသွားကြပါစေ။ ရသည့်အားလျော်စွာ ကျင့်နိုင်ကြပါစေ။ ကျင့်နိုင်သည့်အားလျော်စွာ မဂ်ဖိုလ်နိဗ္ဗာန်ရဲ့ အထောက်အပံ့ကောင်းတွေ ရသွားကြပါစေ"လို့ ဆုတောင်းမေတ္တာပို့လိုက်ပါတယ်။ ပြီးမှ ဂျာနယ်မဂ္ဂဇင်းကို ပို့တာပါ။

တစ်ခါ ဂျာနယ်၊ မဂ္ဂဇင်းမှာ စာမူပါလာတော့လည်း စာမူပါတဲ့ ဂျာနယ် မဂ္ဂဇင်းကို မြတ်စွာဘုရားကို ကပ်ပြီး ဆုတောင်းမေတ္တာထပ်ပို့ပါတယ်။

ဒီတော့ ကိုယ့်ရဲ့အလုပ်အပေါ် အဓိပ္ပါယ်တွေရှိနေတယ်လို့ ခံစားရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင် ဆရာတော်အရှင်ဇနကာဘိဝံသက ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေ စာအုပ်ကလေးကို ရေးနေတဲ့အချိန်မှာ မြတ်စွာဘုရားကို အာရုံပြုထားတဲ့အတွက် စိတ်ကလေးက အေးမြနေပါတယ်တဲ့။ ဆရာတော်ဘုရားက သူ့ရဲ့စိတ်ကလေး အေးမြချမ်းသာနေသလို စာဖတ်ရှုနေတဲ့သူတွေလည်း ဆရာတော်ဘုရားရတဲ့ အရသာမျိုးရနေလိမ့်မယ်လို့ မျှော်လင့်မိပါတယ်တဲ့။

စာရေးသူလည်း ဒီပါရမီ (၁၀)ပါးကို ရေးနေတဲ့အချိန်မှာ ဆရာတော်ဘုရားလို သိပ်ဖြစ်ချင်တာပါ။ ဒါကြောင့် စာရေးတဲ့အခါတိုင်း နိဗ္ဗာန်ကို ဦးတည်ထားပါတယ်။ စာဖတ်ပရိသတ်အကျိုးကို ငဲ့ထားပါတယ်။ ဒါကြောင့် ဆရာတော် ဘုရားလို ရာနှုန်းပြည့် အေးမြတဲ့ခံစားမှုမရပေမယ့် စိတ်ကလေးတော့ တဒင်္ဂ ငြိမ်းအေးနေခဲ့ပါတယ်။

ပါရမီ ၁၀ ပါးကို ရေးသားပူဇော်ရင်း စာရေးသူရဲ့ စိတ်ကလေး တဒင်္ဂငြိမ်းအေးခဲ့ရသလို စာဖတ်သူတွေလည်း ပါရမီ (၁၀)ပါးကို ဖတ်နေရင်း စိတ်ကလေးငြိမ်းအေးနေပါစေတည်း။

ရေးလည်းရေး ကျင့်လည်းကျင့်၊ ဖတ်လည်းဖတ် ကျင့်လည်းကျင့်ဖြစ်ကြမယ်ဆိုရင်တော့ . . . ရေးသူ ဖတ်သူတွေဟာ အမြင့်မြတ်ဆုံးပန်းတိုင်တစ်ခုဆီကို ဦးတည်နေပါလိမ့်မယ်။

**အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)**



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# မြင့်မြတ်သူတို့ရဲ့အလုပ် (၁)
## ဒါနပါရမီ (ပထမပိုင်း)

ပါရမီဆိုတဲ့ ပါဠိရဲ့အနက်က မြင့်မြတ်သူတို့ရဲ့အလုပ်လို့ အဓိပ္ပါယ်ရပါတယ်။

ဒီပါရမီ(၁၀)ပါးလို့ခေါ်ရတဲ့ မြင့်မြတ်သူတို့ရဲ့ အလုပ်ကို ဘုရားအလောင်းတော်တွေဟာ ဘုရားမဖြစ်ခင် ဘုရားဖြစ်ဖို့ ဖြည့်ကျင့်ကြရပါတယ်။

ပါရမီတစ်ပါးချင်းဟာ တကယ့်မြင့်မြတ်တဲ့အလုပ်တွေချည်းပါပဲ။ ကိုယ်ကဘုရားအလောင်း မဟုတ်ပေမယ့်လည်း ဘုရားအလောင်းလုပ်ခဲ့တဲ့အတိုင်း လိုက်လုပ်နေရင် မြင့်မြတ်တဲ့ပုဂ္ဂိုလ်ဖြစ်နေတာပါ။

လူတိုင်း လူတိုင်း မြင့်မြတ်တဲ့ပုဂ္ဂိုလ် ဖြစ်ချင်ကြတဲ့သူတွေချည်းပါပဲ။ မမြင့်မြတ်တဲ့ပုဂ္ဂိုလ် ဘယ်သူမှ မဖြစ်ချင်ကြပါဘူး။ မသိလို့ရယ်၊ ပတ်ဝန်းကျင်ကြောင့်ရယ်၊ ခန္ဓာကိုယ် မိသားစုစားဝတ်နေရေးကြောင့်ရယ် စသည်ဖြင့် အကြောင်းကြောင်းလေးတွေကြောင့်ရယ်သာ မြင့်မြတ်သူ

www.burmeseclassic.com



အဖြစ်နဲ့ ဝေးဝေးနေကြရတာပါ။

ပါရမီ(၁၀)ပါးဟာ မြင့်မြတ်သူတို့ရဲ့အလုပ်ဆိုတော့ ကိုယ်က ပါရမီ(၁၀)ပါးကို ကျင့်သုံးလိုက်ရင် မြင့်မြတ်တဲ့သူ ဖြစ်သွားတာပါ။

လူတစ်ယောက်ရဲ့ဘဝမှာ စိတ်သဘောထားမြင့်မြတ်ဖို့ သိပ်ပြီးအရေးကြီးပါတယ်။ စိတ်သဘောထားမြင့်မြတ်ရင် ဘဝခရီးတစ်လျှောက်မှာ ကိုယ်လည်း စိတ်ချမ်းသာရသလို ကိုယ်နဲ့နွယ်နေတဲ့ ကိုယ့်ပတ်ဝန်းကျင်လည်း စိတ်ချမ်းသာကြရပါတယ်။ စိတ်သဘောထားမမြင့်မြတ်ဘူးဆိုရင်တော့ ကိုယ်ကောကိုယ့်ပတ်ဝန်းကျင်ကော စိတ်ဆင်းရဲကြရတော့တာပါ။ ဒီတော့ ကိုယ်က မြင့်မြတ်တဲ့ပုဂ္ဂိုလ်ဖြစ်ချင်ရင် မြင့်မြတ်သူတို့ရဲ့အလုပ်ကို လုပ်လိုက်ရုံပါ။

အတိတ်ကံအရ ရာထူးဌာနန္တရ, ဥစ္စာ, ပညာ, ရုပ်ရည် စသည်တွေ အားနည်းချင် အားနည်းမယ်။ ဘာမှအားငယ်စရာမလိုပါဘူး။ ကိုယ်က မြင့်မြတ်တဲ့အလုပ်ဆယ်မျိုးကို လုပ်နေလိုက်ရင် မြင့်မြတ်တဲ့ပုဂ္ဂိုလ်ဖြစ်နေတာပါ။

တကယ်လို့ ကိုယ်က ရာထူးဌာနန္တရ, ဥစ္စာ, ပညာ, ရုပ်ရည် စသည်တွေလည်း ရှိမယ်။ ပါရမီ(၁၀)ပါးလည်း ဖြည့်ကျင့်မယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပါပဲ။ ပြီးတော့ ပါရမီ(၁၀)ပါးဆိုတာ တောထဲတောင်ထဲမှာ တစ်ဦးတည်း သွားနေပြီး ကျင့်ရတာလည်း မဟုတ်ပါဘူး။



အိမ်မှာနေရင်း ကျင့်လို့ရတဲ့ အရာတွေပါ။

ကဲ . . မြင့်မြတ်သူတို့ရဲ့အလုပ်ဖြစ်တဲ့ ပါရမီအကြောင်း စကြရအောင်ပါ။

* ဒါန သီလာ၊ နေက္ခမ္မာ၊ ပညာ ဝီရိယာ။
* ခန္တီ သစ္စံ၊ အဓိဋ္ဌာန်၊ မေတ္တံ ဥပေက္ခာ။
* ပါရမီဆယ်တန်၊ အရင်းခံ၊ မှတ်ရန်ဒသတာ။

ငယ်ငယ်တုန်းက သင်ခဲ့ရတဲ့လင်္ကာလေးပါ။ ပါရမီ(၁၀)ပါးကို ဒီလင်္ကာလေးနဲ့ ကပ်မှတ်ထားလိုက်ရင် ပိုမှတ်မိလွယ်ပါတယ်။

နံပါတ်(၁)က ဒါနပါရမီပါ။

ဒါနမပြုဖူးတဲ့သူဆိုတာ ဘယ်သူမှမရှိပါဘူး။ နည်းတာ များတာပဲ ကွာမယ်၊ ကိုယ့်အတိုင်းအတာနဲ့ ကိုယ်တော့ ပြုဖူးကြတာချည်းပါပဲ။

ဒီတော့ ဒါနကို ပါရမီမြောက်အောင် ဘယ်လိုပြုမလဲ . . ?။

**ဟီန မဇ္ဈိမ ပဏီတ သုံးပါးခွဲနည်း**

**ယသကာမတာယ ပဝတ္တိတံ ဟီနံ၊ ပုညဖလကာမတာယ ပဝတ္တိတံ မဇ္ဈိမံ၊ ကတ္တဗ္ဗမေဝိဒန္တိ အရိယဘာဝံ နိဿာယ ပဝတ္တိတံ ပဏီတံ။**

ယသကာမတာယ = အကျော်အစောကို လိုလားသောစိတ်ဖြင့်၊ ပဝတ္တိတံ = ဖြစ်စေအပ်သည်ရှိသော် ဟီနံ = အယုတ်တည်း၊ ပုညဖလကာမတာယ = ကုသိုလ်၏

www.burmeseclassic.com

www.burmeseclassic.com



အကျိုးကို လိုလားငဲ့ကွက်သောစိတ်ဖြင့်၊ ပဝတ္တိတံ = ဖြစ်စေအပ်သည်ရှိသော်၊ မဇ္ဈိမံ = အလတ်တည်း။

ဣဒံ = ဤအမှုကား၊ ကတ္တဗ္ဗံဧဝ = ပြုသင့်ပြုထိုက်သောအမှုပေသာတည်း၊ ဣတိ = ဤသို့၊ အရိယဘာဝံ = အရိယာနွယ် စင်ကြယ်ဖြူဖြောင့်သော သူတော်ကောင်းအလေ့ကို၊ နိဿာယ = မှီ၍၊ ပဝတ္တိတံ = ဖြစ်စေအပ်သည်ရှိသော် ပဏီတံ = အထွတ်အမြတ်တည်း။

**(ဝိသုဒ္ဓိမဂ်၊ ၄၊ ပ–တွဲ၊ နှ၁–၁၃)**

အထက်ပါ စာစကားကိုထောက်ပြီး ဒါနပြုတဲ့နေရာမှာ သုံးမျိုးထွက်လာပါတယ်။

ဟီနဒါနရယ်၊ မဇ္ဈိမဒါနရယ်၊ ပဏီတဒါနရယ်ပါ။

မြန်မာလိုပြောရင်တော့ ထင်ရှားကျော်ကြားလိုစိတ်နဲ့ပြုတဲ့ ဒါနရယ်၊ လောကီအကျိုးကို လိုလားတဲ့စိတ်နဲ့ပြုတဲ့ ဒါနရယ်၊ အရိယာတို့ရဲ့အလေ့ကိုမှီပြီး နိဗ္ဗာန်ကိုဦးတည်ပြီး ပြုတဲ့ ဒါနရယ်ပါ။ နောက်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ကိုဦးတည်ပြီး ပြုတဲ့ဒါနမှ ပါရမီမြောက်တဲ့ဒါနပါ။

နည်းနည်းချဲ့ကြည့်ရအောင်ပါ။

ဒါကို ဥတ္တမပုရိသဒီပနီမှာ လယ်တီဆရာတော်ဘုရားက ပထမဒါနက ပကာသနစိတ်နဲ့ပြုတဲ့ဒါနပါတဲ့။

ပကာသနစိတ်နဲ့ ပြုတယ်ဆိုတာ သိပ်ပြီးထင်ရှားပါတယ်။ လတ်တလော ကိုယ့်ကို အထင်ကြီးဖို့ အပျော်သဘော သက်သက်နဲ့ မွေးနေ့ပွဲကြီးတွေ၊ ပါတီပွဲကြီးတွေ၊



ဧည့်ခံပွဲကြီးတွေ ပြုပစ်တာပါ။

ပကာသနစိတ်သက်သက်နဲ့ ပြုတာဖြစ်တဲ့အတွက် လတ်တလော ထင်ရှားကျော်ကြားမှုတော့ ဖြစ်သွားပါရဲ့။ ဒါပေမယ့် ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိအကျိုးကို မရနိုင်သလို ပါရမီမြောက်ဖို့ဆိုတာကတော့ ဝေးလာဝေးပါတဲ့။

ဒုတိယက လောကီကျိုးကို တောင်းတပြီး ပြုတဲ့ဒါနပါ။ ပြုပုံကတော့ "ဤကုသိုလ်ကောင်းမှုကြောင့် နောက်ဘဝ ရုပ်လှရပါလို၏၊ ပစ္စည်းဥစ္စာ ပေါရပါလို၏ " စသည်ဖြင့် လောကီကျိုးတွေကို တောင်းတပြီး ပြုတာပါ။ နိဗ္ဗာန်ကိုတော့ လုံးဝဆုမတောင်းပါဘူး။

ဒီဒါနမျိုးဟာ ကုသိုလ်တော့ဖြစ်ပါရဲ့၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိအကျိုးကိုတော့ ပေးပါရဲ့၊ ဒါပေမယ့် ပါရမီတော့ မမြောက်ပါဘူးတဲ့။

ဒီဒါနမျိုးတွေဟာ ဇာတ်, ဓမ္မပဒတို့မှာ တော်တော်များများ တွေ့ရပါတယ်။

သူတို့ပြုတဲ့ဒါနတွေဟာ ကုသိုလ်တော့ဖြစ်ကြပါရဲ့။ သူတို့တောင်းတတဲ့အတိုင်း ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိအကျိုးတွေလည်း ရကြပါရဲ့။ ဒါပေမယ့် နိဗ္ဗာန်ကိုဦးမတည်ခဲ့တဲ့အတွက် ပါရမီတော့ မမြောက်ပါဘူး။

တတိယက ပါရမီမြောက်အောင်ပြုတဲ့ဒါနပါ။

ပါရမီမြောက်ဖို့အတွက် အင်္ဂါ(၃)ချက်ကို အာရုံပြုထားရပါမယ်။ အဲဒါတွေက –

www.burmeseclassic.com

www.burmeseclassic.com



(၁) နိဗ္ဗာန်ကို ဦးတည်ရမယ်။

(၂) သူတစ်ပါးအကျိုးကို ငဲ့ရမယ်။

(၃) မိမိအကျိုးကို မငဲ့ရဘူး။ ဒီ(၃)ချက်ပါပဲ။

ဒီ(၃)ချက်ကို အောက်ပါလင်္ကာလေးနဲ့ ကပ်မှတ်ထားလိုက်ပါ။

* ဒါနပြုရာ၊ မြတ်နိဗ္ဗာ၊ စိတ်မှာဦးတည်ထား။
* သူတစ်ပါးတွက်တာ၊ ငဲ့တုံပါ၊ မှတ်ပါကျမ်းမှာထား။
* မိမိအတွက်၊ မငဲ့ကွက်၊ မှတ်ချက်သိကာထား။

ဘုရားအလောင်းတော်ဟာ ကာလတစ်လျှောက်လုံး ဒါနပြုတိုင်း ပြုတိုင်း သဗ္ဗညုတဉာဏ်ကိုပဲ ဦးတည်ပါတယ်။ သူတစ်ပါး အကျိုးကိုငဲ့ပြီး လှူပါတယ်။ မိမိအကျိုးကို လုံးဝမငဲ့ပါဘူး။ ဒါကိုအတုယူပြီး ကိုယ်က ဘုရားအလောင်း မဟုတ်တော့ သဗ္ဗညုတဉာဏ်နေရာမှာ နိဗ္ဗာန်ကို အစားထိုးလိုက်ရုံပါ။ သူတစ်ပါးအကျိုးကို ငဲ့တယ်ဆိုတာ အလှူခံပုဂ္ဂိုလ်ရဲ့ ကောင်းကျိုးကို လိုလားပြီး မေတ္တာစိတ် ကရုဏာစိတ်နဲ့ ပေးလှူတာပါ။ မိမိအကျိုးကို လုံးဝမငဲ့ဘူးဆိုတာက ရုပ်လှဖို့၊ ပစ္စည်းပေါဖို့၊ ထင်ရှားကျော်ကြားဖို့ စသည်တွေကို လုံးဝ ဆုမတောင်းတာပါ။

ဒါပေမယ့် အံ့ဩဖို့ကောင်းတာက ဘုရားအလောင်းဟာ ဒါနပြုတိုင်း ရုပ်လှဖို့၊ ဥစ္စာပေါဖို့၊ ပညာတတ်ဖို့၊ ထင်ရှားကျော်ကြားဖို့စတဲ့ လောကီကျိုးတွေကိုငဲ့ပြီး မလှူခဲ့ပေမယ့် ဖြစ်လေရာဘဝတိုင်းမှာ ရုပ်လှတာ၊ ဥစ္စာပေါတာ၊ ပညာတတ်



တာ၊ ထင်ရှားကျော်ကြားတာတွေ ဖြစ်ဖြစ်နေခဲ့ပါတယ်။

ဒါဟာ ဒါနကို ပါရမီမြောက်အောင် ပြုခဲ့တဲ့ ပါရမီရဲ့သတ္တိတွေပါပဲ။

ဆိုလိုတာက ပါရမီမြောက်အောင် ပြုရင် ဆုမတောင်းပေမယ့် ထင်ရှားကျော်ကြားမှုတွေ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိတွေ ဖြစ်ဖြစ်နေတတ်ပါတယ်။ ဆရာကြီး ဦးရွှေအောင်က ပါရမီမြောက်အောင် ပြုရင် ကိုယ်ပြုခဲ့တဲ့ ကုသိုလ်က ဘယ်သောအခါမှ အဟောသိကံမဖြစ်ဘူးလို့ ဆိုထားပါတယ်။

ဒီတော့ ဒါနပြုတဲ့အခါ ပကာသနစိတ်နဲ့ ပြုမလား၊ လောကီကျိုးသက်သက်ကို တောင့်တပြီး အလယ်အလတ် ကုသိုလ်ဖြစ်ပဲ ပြုမလား၊ ပါရမီမြောက်အောင်ပဲ ပြုမလား၊ ဘယ်လိုပြုမလဲ . . ?။

တကယ်တော့ စိတ်ပါပဲ။ ဒါနပြုခိုက် တဒင်္ဂလေးမှာ ကိုယ့်စိတ်ကလေးကို ရွေ့ပေးညွှတ်ပေးလိုက်ရုံရယ်ပါ။

ပကာသနဘက်ကို စိတ်ကလေးညွှတ်လိုက်တာနဲ့ ပကာသနဒါနဖြစ်သွားတာပါ။ လောကီကျိုးဘက်ကို စိတ်ကလေးညွှတ်လိုက်တာနဲ့ အလယ်အလတ် ကုသိုလ်ဒါနဖြစ်သွားတာပါ။ ပါရမီဘက်ကို စိတ်ကလေးညွှတ်လိုက်တာနဲ့ ပါရမီဒါနဖြစ်သွားတာပါ။

ဒါနပြုလိုက်တဲ့အချိန်ကလေးက ဘာမှကြာလိုက်တာ မဟုတ်ပါဘူး။ အဲဒီ ဒါနပြုခိုက်လေးမှာပဲ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကလေးကို တစ်ခုခုဆီ ညွှတ်ပေးလိုက်ရတာ ဆိုတော့ ထူးပြီးလည်း မပင်ပန်းလှပါဘူး။

လိုရင်းကတော့ ဒါနပြုတဲ့နေရာမှာ ပကာသနစိတ်ရယ်၊ သာမန်ကုသိုလ်ဖြစ်စိတ်ရယ်၊ ပါရမီစိတ်ရယ်ပါ။

ပါရမီအင်္ဂါထဲမှာ နိဗ္ဗာန်ကိုဦးတည်ရမယ်၊ သူတစ်ပါးအကျိုးငဲ့ရမယ်၊ မိမိအကျိုးကို မငဲ့ရဘူးဆိုတော့ ဥပမာ – စာကလေးတွေကို အစာကျွေးတယ်ဆိုပါတော့။ အစာကျွေးခါနီးမှာ "ဤကုသိုလ်ကောင်းမှုသည် နိဗ္ဗာန်၏ အထောက်အပံ့ ဖြစ်ပါစေ၊ ဤအစာကလေးတွေစားပြီး စာကလေးတွေ ကိုယ်ဆင်းရဲကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ အစစအရာရာ အဆင်ပြေကြပါစေ"လို့ ဆုတောင်းမေတ္တာပို့ပြီး ကျွေးလိုက်ရင် လှူလိုက်ရင် လောကီကျိုးကိုမတောင့်တရင် အင်္ဂါသုံးချက် ဝင်သွားတဲ့ အတွက် ကိုယ့်ဒါနဟာ ပါရမီမြောက်တဲ့ ဒါနဖြစ်သွားတာပါ။ လိုရင်းကတော့ အင်္ဂါသုံးချက်ပါသွားဖို့ပါ။

တကယ်လို့ ကိုယ်ကကျောင်းဆရာမတစ်ယောက် ဖြစ်တယ်ဆိုရင်လည်း စာသင်ခါနီးမှာ "ဤစာသင်ရသော ကုသိုလ်ကောင်းမှုသည် နိဗ္ဗာန်၏အထောက်အပံ့ဖြစ်ပါစေ၊ ငါသင်လိုက်တဲ့ စာပေတွေကြောင့် ကျောင်းသားကျောင်းသူလေးတွေ ပညာတတ်ကလေးတွေ ဖြစ်သွားကြပါစေ။ သူတို့ အနာဂတ်ဘဝကလေးတွေလည်း အစစအရာရာ အဆင်ပြေသွားကြပါစေ"လို့ စိတ်ညွှတ်လိုက်ရင် လောကီကျိုးကိုမငဲ့ရင်



ပါရမီဒါနဖြစ်သွားတာပါ။

ဒါမှမဟုတ် ကိုယ်က ဂျာနယ် မဂ္ဂဇင်းထုတ်ဝေသူ အယ်ဒီတာဖြစ်တယ်ဆိုရင်လည်း "ဤဂျာနယ် မဂ္ဂဇင်း ထုတ်ဝေရသော ကုသိုလ်ကောင်းမှုသည် နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်ပါစေ၊ ငါတို့ ထုတ်ဝေလိုက်တဲ့ ဂျာနယ် မဂ္ဂဇင်းတွေဖတ်ပြီး ပြည်သူပြည်သားတွေ ပညာဗဟုသုတ အသိတွေ ရသွားကြပါစေ၊ အသိဉာဏ်တွေ တစ်ဆင့်ထက်တစ်ဆင့်ဖွံ့ဖြိုးသွားကြပါစေ"စသည်ဖြင့် စိတ်ညွှတ်ပြီး ထုတ်ဝေလိုက်ရင် လောကီကျိုးကိုမငဲ့ရင် ကိုယ့်ရဲ့ ဂျာနယ် မဂ္ဂဇင်းထုတ်ဝေမှုဟာ ပါရမီမြောက်တဲ့ ဒါနဖြစ်သွားတာပါ။ စိတ်ထားတတ်ဖို့ပဲ အရေးကြီးပါတယ်။ စိတ်ထားတတ်ရင် ထားတတ်သလို ပါရမီကုသိုလ်တွေ ရနေတာပါ။

ဒါမှမဟုတ် နွမ်းပါးတဲ့သူတစ်ယောက်ယောက်ကို အဝတ်အစားလှူလိုက်မယ်။ "ဤကုသိုလ်ကောင်းမှုကြောင့် နောက်ဘဝ အဝတ်အစားပေါရပါလို၏"လို့ ဆုတောင်းပြီး လှူလိုက်မယ်။ နိဗ္ဗာန်ကိုတော့ ဆုမတောင်းဘူး။ ဒါဆိုရင် သာမန် မဇ္ဈိမကုသိုလ်ဒါနပဲ ဖြစ်သွားပါတယ်။

အဲဒီလိုမှမဟုတ်ဘဲ "ဒီအဝတ်အစားတွေ လှူလိုက်ရင်တော့ ငါ့လူတွေ အထင်ကြီးသွားမှာပဲ"ဆိုတဲ့ အတွေးနဲ့ သူတစ်ပါး အထင်ကြီးဖို့သက်သက် လှူရင်တော့ ပကာသနဒါနပဲ ဖြစ်သွားပါတယ်။ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိအကျိုးကို လုံးဝမပေးနိုင်သလို ပါရမီမြောက်ဖို့ဆိုတာတော့ ဝေလာ

www.burmeseclassic.com

www.burmeseclassic.com



ဝေးပါပဲ။

တချို့ တချို့ပုဂ္ဂိုလ်တွေ၊ တချို့ တချို့အနုပညာရှင်တွေများ ဟိုတယ်ကြီးတွေမှာ ဧည့်ခံပွဲကြီးတွေ လုပ်ပစ်လိုက်တာ သိန်းခြောက်ဆယ်နီးပါးလောက်ကုန်ပါသတဲ့။

သူတို့မျှော်လင့်တဲ့အတိုင်း ထင်ရှားကျော်ကြားမှုတွေတော့ ဖြစ်ပါရဲ့။ ဒါပေမယ့် ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိအကျိုးကို လုံးဝမပေးနိုင်သလို ပါရမီမြောက်ဖို့ဆိုတာကတော့ ဝေလာဝေးဖြစ်သွားရပါတယ်။

တကယ်လို့သာ အဲဒီသိန်းခြောက်ဆယ်လောက်ကို ရေရှားနေတဲ့ တောကျေးလက်တွေမှာ ရေတွင်းတွေ သွားပြီး တူးပေးလိုက်မယ်ဆိုရင်တော့ တောရွာသူ၊ တောရွာသားတွေအတွက် တကယ့်ကို ကျေးဇူးများသွားတာပါ။

ကိုယ့်ဒါနဟာလည်း တကယ့်ပါရမီမြောက် ဒါနဖြစ်သွားတာပါ။

တစ်ခါတလေ စိတ်ညစ်တဲ့အခါလေးတွေမှာ ကိုယ်တူးခဲ့တဲ့ ရေတွင်းလေးတွေလှမ်းပြီး အာရုံပြုလိုက်ရင် စိတ်ညစ်နေတာတွေ အနည်းနဲ့အများ လျော့ကျသွားပါလိမ့်မယ်။ ပြန်ပြန်အာရုံပြုတိုင်း စိတ်ချမ်းသာရတဲ့အရာတွေပါ။

အပြစ်တင်တဲ့အနေနဲ့ ဒီစကားတွေကို ပြောနေတာမဟုတ်ပါဘူး။ ကိုယ်လုပ်လိုက်တာတွေဟာ အများကြီးကုန်ပြီး ဘာမှအရာမထင် ဖြစ်သွားရလို့ ပြောပြတာပါ။



သေချာစဉ်းစားကြည့်ရင် လောကီကျိုး လောကုတ္တရာကျိုး ဘာတစ်ခုမှ ဖြစ်မသွားတဲ့အတွက် သိပ်နှမျောဖို့ကောင်းတာပါ။ ကိုယ့်တိုင်းပြည်အတွက်လည်း ဘာမှအကျိုးမရှိပါဘူး။

ပါရမီဒါနရဲ့သတ္တိက အဟောသိကံ ဘယ်တော့မှ မဖြစ်သလို လောကီကျိုးတွေကို ဆုမတောင်းပေမယ့်လည်း ထင်ရှားကျော်ကြားမှုတွေ၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိစတဲ့ လောကီကျိုးတွေက ဖြစ်ဖြစ်နေတာပါ။

ပါရမီဒါနကို အထုံတစ်ခုဖြစ်နေအောင် ဆက်ကာဆက်ကာ လေ့ကျင့်ထားလိုက်နိုင်ဖို့ပါ။ ဒါနတစ်ခုပြုလိုက်တာနဲ့ နိဗ္ဗာန်ကို ဆုတောင်းလိုက်၊ သူတစ်ပါးအကျိုးကို ငဲ့လိုက်နဲ့ သုံးလေးလလောက် လေ့ကျင့်ထားလိုက်ရင် ထုံသွားတာ များပါတယ်။

ထုံသွားပြီးဆိုရင် ဒါနတစ်ခုပြုလိုက်တာနဲ့ အလိုလို ပါရမီမြောက်ပြုပြီးသားဖြစ်ဖြစ်နေတတ်ပါတယ်။ ကိုယ်ကတောင် အထူးကြောင့်ကြစိုက်စရာ မလိုတော့ပါဘူး။

စိတ်ကို လေ့ကျင့်ထားလိုက်နိုင်ဖို့ပါ။

ဒီတော့ ကိုယ့်အောက်နိမ့်တဲ့အလုပ်သမားလေးတွေ၊ အိမ်ဖော်လေးတွေကို ပေးကမ်းလှူဒါန်းတဲ့အခါမှာလည်း လက်နှစ်ဖက်နဲ့ ရိုရိုသေသေ ပါရမီမြောက်အောင် ပေးလှူရပါမယ်။

ပါရမီမြောက်အောင်လုပ်ခဲ့တဲ့သူဟာ ဘယ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရောက် အလိုလို ကျော်ကြားပြီးသားပါ။

ဒီနေရာမှာ မေးခွန်းတစ်ခု ဝင်လာနိုင်ပါတယ်။ နိဗ္ဗာန်ကိုလည်း ဆုတောင်းမယ်၊ လောကီကျိုးကိုလည်း ဆုတောင်းမယ်၊ ဒါဆိုရင်ကော ပါရမီမြောက် မမြောက်.. ဆိုတဲ့ မေးခွန်းပါ။

ဒါကိုကြိုသိထားတဲ့ လယ်တီဆရာတော်ဘုရားကြီးက ကိုယ်တိုင်မေးခွန်းထုတ်ပြီး ကိုယ်တိုင်ပဲဖြေပြထားပါတယ်။

နိဗ္ဗာန်နဲ့ လောကီကျိုးနှစ်ပါးကိုတွဲဖက် တောင့်တပြီးပြုတဲ့ ကုသိုလ်ဟာ ပါရမီဆိုထိုက်မထိုက်ဆိုတဲ့ အမေးကို လယ်တီဆရာတော်ဘုရားက ဆိုထိုက်ပါတယ်တဲ့။ ဒါပေမယ့် ဗောဓိဉာဏ်ကို မြန်မြန်ဆိုက်စေတဲ့ ကုသိုလ်မျိုးတော့ မဟုတ်ပါဘူးတဲ့။

ဆရာတော်ဘုရားက ဇောတိကသူဌေးလောင်းရဲ့ အတ္ထုပ္ပတ္တိကို နမူနာပြပြီး ရှင်းပြပါတယ်။

ဝိပဿီမြတ်စွာဘုရား ပွင့်တော်မမူမီ သာသနာပ ကာလက ညီအစ်ကိုနှစ်ယောက်ရှိပါတယ်။

တစ်နေ့တော့ ညီဖြစ်သူက ကြံခင်းကို သွားပါတယ်။ အပြန်ကျတော့ အိမ်မှာကျန်ခဲ့တဲ့ အစ်ကို့အတွက် တစ်ချောင်း၊ သူ့အတွက် တစ်ချောင်းဆိုပြီး ကြံနှစ်ချောင်း ခုတ်ခဲ့ပါတယ်။

သူတို့ခေတ်က ကြံကို စက်နဲ့ကြိတ်စရာမလို



ပါဘူး။ ကြံပင်ကို အရင်းကပဲဖြစ်ဖြစ်၊ အဖျားကပဲဖြစ်ဖြစ် မြှောက်လိုက်ရင် ကြံရည်တွေ ထွက်ကျလာတာပါ။

ဒါကြောင့် ညီဖြစ်သူက ကြံရည်တွေ အပြင်ထွက်မကျအောင် ဖြတ်ထားတဲ့အရင်းပိုင်းကို သစ်ရွက်နဲ့အုပ်ချည်ချည်ပြီး ယူခဲ့ပါတယ်။

ဒီလိုနဲ့ ကြံပင်နှစ်ချောင်းကိုယူလာရင်း လမ်းမှာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးနဲ့ တွေ့ပါတယ်။ ညီဖြစ်သူက အရှင်မြတ်ကို ခေတ္တထိုင်ခိုင်းပြီး သပိတ်ထဲကို ပါလာတဲ့ ကြံနှစ်ချောင်းထဲက တစ်ချောင်းကို စိုက်ချလိုက်ပါတယ်။ ဒီတော့ ကြံရည်တွေ သပိတ်ထဲကို ကျလာပါတယ်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်ကလည်း နေရာမှာတင်ထိုင်လျက် ဘုဉ်းပေးပါတယ်။

အရှင်မြတ် တစ်ခါတည်းဘုဉ်းပေးတာကိုကြည့်ပြီး သဒ္ဓါတရားတွေ ပိုဖြစ်သွားပါတယ်။ ဒါကြောင့် အစ်ကိုဖြစ်သူရဲ့ ကြံချောင်းကို ကိုင်ရင်း "အစ်ကို့အနေနဲ့ ကြံတန်ဖိုးကို ယူချင်ယူ၊ ဒါမှမဟုတ် ကုသိုလ်အဖို့ကို ယူချင်ယူ အစ်ကို့ရဲ့ကြံချောင်းကိုလည်း လှူလိုက်တော့မယ်"လို့တွေးပြီး အစ်ကိုလုပ်သူရဲ့ ကြံချောင်းကိုပါ လောင်းထည့်ပြီး လှူလိုက်ပါတယ်။

ဒါပေမယ့် ပစ္စေကဗုဒ္ဓါအရှင်မြတ်က ပထမကြံချောင်းနဲ့တင် ပြည့်စုံသွားပြီဆိုတော့ ဒုတိယကြံချောင်းကိုတော့ အခြားပစ္စေကဗုဒ္ဓါအရှင်မြတ်တွေအတွက် အလှူခံ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ်။

ညီဖြစ်သူလည်း အရှင်မြတ်ကို ရှိခိုးဦးချပြီး "ဘုရား တပည့်တော်သည် ဤကြံရည်လှူဒါန်းရသော ကုသိုလ် ကောင်းမှုကြောင့် နတ်ပြည် လူ့ပြည်တို့၌ စည်းစိမ်ကို ခံစား စံစားသုံးဆောင်ပြီးလျှင် အဆုံးဘဝနောက်ကာလ၌ အရှင် မြတ်သိတဲ့တရားကိုသာ ရရပါလို၏"လို့ ဆုတောင်းလိုက် ပါတယ်။

အရှင်မြတ်ကလည်း "ဧဝံ ဟောတု - သင် ဆုတောင်းတဲ့ဆုအတိုင်းပြည့်စေ"လို့ ဆုပြန်ပေးလိုက် ပါတယ်။

နောက်တော့ အရှင်မြတ်လည်း ကောင်းကင်ခရီးနဲ့ ပြန်ကြွသွားပါတယ်။ ကောင်းကင်ခရီးနဲ့ ကြွသွားတဲ့ အရှင်မြတ်ကိုကြည့်ပြီး ညီဖြစ်သူက ပိုပြီးသဒ္ဓါတရားတွေ ဖြစ်သွားရပြန်ပါတယ်။

အိမ်ရောက်တော့ အစ်ကိုဖြစ်သူကို အကြောင်းစုံ ပြောပြပြီး ကြံဖိုးကို ယူမလား၊ ကုသိုလ်အဖို့ကို ယူမလားလို့ မေးပါတယ်။

အစ်ကိုဖြစ်သူကလည်း "နေပါဦး အရှင်မြတ် အကြောင်းကို သေချာပြောပြပါဦး"လို့ မေးပါတယ်။

ဒီတော့ ညီဖြစ်သူက "အစ်ကိုရယ် အရှင်မြတ်က ကျွန်တော်ကပ်တဲ့ ကြံရည်ကို နေရာမှာတင်ထိုင်ပြီး ဘုဉ်းပေး တယ်။ အစ်ကို့အတွက် လှူတဲ့ ကြံရည်ကိုတော့ အခြား



ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေအတွက် အလှူခံသွားတယ်။ ပြီးတော့ ကောင်းကင်ခရီးနဲ့ ပြန်ကြွသွားတယ်အစ်ကိုရ"လို့ အားရပါးရ ရှင်းပြလိုက်ပါတယ်။

အစ်ကိုဖြစ်သူက သူ့အတွက် လှူတဲ့ကြံရည်ကို အခြားပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ ဘုဉ်းပေးဖို့ ယူသွားတာ ရယ်၊ ကောင်းကင်ခရီးနဲ့ ကြွသွားတာရယ်ကို ကြားလိုက်ရ တော့ တစ်ကိုယ်လုံး ပီတိတွေ ဖြစ်သွားပါတယ်။

ဒါကြောင့် လက်အုပ်ကလေးချီပြီး "ဤကြံရည် လှူဒါန်းရသောကုသိုလ်ကြောင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ သိအပ်သော တရားထူးကိုသာ ရရပါလို၏"လို့ ဆုတောင်း လိုက်ပါတယ်။

ဒီနေရာမှာ စကားကိုဖြတ်ပြောရရင် ညီအစ်ကို နှစ်ယောက်ရဲ့ အပြုအမူကိုထောက်ပြီး သက်ရှိတစ်စုံ တစ်ယောက်ဟာ သက်ရှိတစ်စုံတစ်ယောက်အတွက် ကုသိုလ်ပြုပေးလို့ ရတယ်ဆိုတာပါပဲ။ ကိုယ်ကြည်ညို လေးစားတဲ့ ကျေးဇူးများတဲ့ ချစ်ခင်ရတဲ့ တစ်စုံတစ်ယောက် အတွက် ကုသိုလ်ပြုပေးမယ်ဆိုရင် ဟိုတစ်ဖက်သားမှာ ကုသိုလ်တွေရသွားပါတယ်။ တစ်ခုတော့ ရှိပါတယ်။ ဟိုတစ်ဖက်သားက သိဖို့ရယ် ဝမ်းမြောက်ဖို့ရယ်တော့ လို ပါတယ်။ သိအောင်တော့ ကိုယ့်ဘက်က ပြောပြဖို့လို ပါတယ်။

ဥပမာ - ကိုယ်က ခရီးဝေးတစ်ခုကို သွားမယ်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်တဲ့အရပ်မှာ ကိုယ့်အမေအတွက် အမေ့နာမည်နဲ့ ကုသိုလ်ကောင်းမှုလေးတွေ ပြုခဲ့မယ်။ အိမ်ပြန်ရောက်တဲ့အခါ အမေ့နာမည်နဲ့ လှူဒါန်းထားတဲ့ အလှူခံဖြတ်ပိုင်း ပြေစာလေးကိုပြပြီး "အမေ့အတွက် လှူခဲ့ပါတယ်၊ အမေ သာဓုခေါ် ဆုတောင်းပါနော်"လို့ ပြောပြမယ်ဆိုရင်လည်း ကိုယ့်မိဘအတွက် ကျေးဇူးဆပ်ခြင်းတစ်မျိုးပါပဲ။ ဒါက ကုသိုလ်နဲ့ ကျေးဇူးဆပ်တာပါ။

ဒါမှမဟုတ် ရွှေတိဂုံဘုရားသွားရင်း အမေ့အတွက် တစ်ညတာ မီးပူဇော်ပေးမယ်။ ပြန်လာတဲ့အခါ အလှူခံဖြတ်ပိုင်း ပြေစာလေးကိုပြပြီး "အမေ့အတွက် မီးပူဇော်ပေးခဲ့ပါတယ်။ အမေ့ကုသိုလ်နော်"လို့ ပြောပြပေးမယ်ဆိုရင်လည်း မိဘအတွက် လက်ဆောင်ကောင်းတစ်ခုပါ။

ဒီလိုပါပဲ။ ကိုယ်ကြည်ညိုတဲ့ ချစ်ခင်တဲ့ သံယောဇဉ်ရှိတဲ့ တစ်စုံတစ်ယောက်အတွက် ကုသိုလ်ပြုပေးရင်လည်း ဟိုတစ်ဖက်သားမှာ ကုသိုလ်တွေဖြစ်နေတာပါ။

ဘဝမှာ အဓိပ္ပါယ်ရှိတဲ့အလုပ်ကလေးတွေ လုပ်လုပ်နေရတာကကို အဓိပ္ပါယ်ရှိနေတာပါ။ ဘဝကိုအဓိပ္ပါယ်ရှိရှိလေး နေနေရတဲ့အချိန်မှာ သိပ်ပျော်ရတာပါ။ စိတ်ထဲမှာ ပျော်နေရင် လောကီအလုပ်ပဲလုပ်လုပ် လောကုတ္တရာအလုပ်ပဲလုပ်လုပ် လုပ်ရတာအဆင်ကို ပြေနေတော့တာပါပဲ။

ကိုယ်သံယောဇဉ်ရှိတဲ့ မိတ်ဆွေတစ်ယောက်ရဲ့ မွေးနေ့မှာ ငါးဈေးတန်းမှာ သတ်တော့မယ့် ငါးအရှင်



လတ်လတ်တွေကိုဝယ်ပြီး မြစ်ချောင်းတစ်ခုခုမှာ ဘေးမဲ့လွှတ်ပေးမယ်ဆိုရင်လည်း သူငယ်ချင်း မိတ်ဆွေအတွက် ထူးခြားတဲ့ ဇီဝိတဒါန မွေးနေ့လက်ဆောင်ကောင်းတစ်ခုပါပဲ။

ပစ္စည်းဝတ္ထုကိုပေးတာက ဒီဘဝအတွက်ပါ။ ကုသိုလ်ပြုပေးတာက သံသရာတစ်လျှောက်လုံးအတွက်ပါ။ တစ်စုံတစ်ယောက်ကို ကိုယ်တကယ် သံယောဇဉ်ရှိတယ်၊ အကျိုးလိုလားတယ်ဆိုရင် ပစ္စည်းဝတ္ထုတင်မကဘဲ ကုသိုလ်လေးတွေပါ ပြုပြုပေးတာကတော့ အကောင်းဆုံးလက်ဆောင်တစ်ခုပါပဲ။

ဒါက သီးခြားဖြတ်ပြောတာပါ။ ရှေ့ကစကားပြန်ဆက်ရရင် ညီအစ်ကိုနှစ်ယောက် ကုသိုလ်ပြုပြီး ဆုတောင်းတဲ့ နေရာမှာ ညီက လူ့စည်းစိမ် နတ်စည်းစိမ်ရယ် နိဗ္ဗာန်ရယ် ဆုတောင်းပါတယ်။ အစ်ကိုကတော့ နိဗ္ဗာန်တစ်ခုပဲ ဆုတောင်းလိုက်ပါတယ်။ ပြောရရင်တော့ ညီက နိဗ္ဗာန်အပြင် အပိုအဆစ်လောကီဆုလေးပါ တွဲတောင်းပါတယ်။

ဆုတောင်းကွာတော့ အကျိုးပေးလည်း ကွာသွားပါတယ်။ အစ်ကိုဖြစ်သူက ဝိပဿီမြတ်စွာဘုရားလက်ထက်မှာ အရဟတ္တမဂ် အရဟတ္တဖိုလ်ရပြီး ရဟန္တာဖြစ်သွားပါတယ်။ ညီဖြစ်သူကတော့ သူ့ဆုတောင်းအတိုင်း လူ့စည်းစိမ်နတ်စည်းစိမ်တွေကို အပြည့်အဝ ခံစားပြီး ဂေါတမဘုရားရှင်လက်ထက်ကျမှ အရဟတ္တဖိုလ်ကို ရသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်တစ်ခုပဲ ဆုတောင်းသူနဲ့ နိဗ္ဗာန်နဲ့အတူ လောကီကျိုးလေးပါ တွဲဆုတောင်းသူတို့ရဲ့ ကွာဟချက် သက်သေတစ်ခုပါပဲ။ တစ်နည်းအားဖြင့် ပြောရရင် ဗောဓိဉာဏ်ကို မြန်မြန်ရစေတဲ့ဆုတောင်းနဲ့ နှေးနှေးရစေတဲ့ ဆုတောင်းတို့ရဲ့ ကွာခြားချက်ပါပဲ။

ဆရာတော်ဘုရားက ဆက်ပြီးရေးပြထားပါတယ်။ ကုသိုလ်ပြုတဲ့အခါ ဘဝတဏှာ ဘောဂတဏှာတွေမပါဘဲ ဝိဝဋ္ဋကုသိုလ်မျိုးဖြစ်တဲ့ ပါရမီမြောက်အောင် ပြုခဲ့ရင် ပဒေသရာဇ် ဧကရာဇ် စကြာမန္တာတ်မင်းစည်းစိမ်ကို ရနေဦး တော့ တရားနဲ့တွေ့လိုက်ရင် အဲဒီစည်းစိမ်တွေကို ချက်ချင်း စွန့်နိုင် ခွာနိုင်ပါတယ်တဲ့။ အပြန်အားဖြင့် ပြောရင်တော့ ပါရမီမြောက်အောင်မပြုခဲ့ရင် တရားနဲ့တွေ့ပေမယ့် ကိုယ် ရထားတဲ့ စည်းစိမ်တွေကို မခွဲနိုင် မခွာရက် မစွန့်ရက် ဖြစ်နေ ရတယ်ပေါ့လေ။

ဒါလည်း သတိထားရမယ့် အချက်တစ်ချက်ပါ။ တရားနဲ့တွေ့နေပေမယ့် ပါရမီမြောက်အောင် မပြုခဲ့ရင်တော့ ကိုယ့်စည်းစိမ်တွေကို မစွန့်ရက်ဖြစ်နေတတ်ပါတယ်။ လူ တစ်ယောက်ရဲ့ဘဝမှာ စွန့်ရက်ရဲတဲ့ သတ္တိရှိဖို့လည်း သိပ်ပြီး လိုအပ်ပါတယ်။ ဒီသတ္တိရဖို့ကျတော့ ပါရမီနဲ့ ဆိုင်သွားပါပြီ။

**ရပ်ရှင်တေးကဗျာမဂ္ဂဇင်း**
**နိုဝင်ဘာ၊ ၂၀၀၆။**



## မြင့်မြတ်သူတို့ရဲ့အလုပ် (၁)
## ဒါနပါရမီ (ဒုတိယပိုင်း)

လူတစ်ယောက်ဘဝမှာ ကုသိုလ်ပြုနေရုံနဲ့တော့ ဘဝကပြည့်စုံနေပြီလို့ ပြောလို့မရသေးပါဘူး။ ကုသိုလ်ပြု ခြင်းနဲ့အတူ တွဲလျက်ပါပါနေတဲ့ ဆုတောင်းလေးကလည်း ဘဝအတွက် တော်တော်လေးအရေးပါနေပြန်ပါတယ်။

ဆုတောင်းမှားခဲ့လို့ ဆုတောင်းချွတ်ချော်ခဲ့လို့ ဘဝတွေ ကမောက်ကမဖြစ်သွားရတဲ့ သာဓကတွေလည်း အများကြီးရှိပါ။

ဒီနေရာမှာ လယ်တီဆရာတော်ဘုရားကြီးက "ဆုတောင်းမှားတယ်"ဆိုတဲ့စကားကို လုံးဝမသုံးပါဘူး။ "ဆုတောင်း ချွတ်ချော်တယ်"လို့ပဲ သုံးပါတယ်။ စာရေးသူ ကတော့ ဆရာတော်ဘုရားကြီးရဲ့ ဆုတောင်းချွတ်ချော်တယ် ဆိုတဲ့ စကားလုံးသုံးနှုန်းပုံလေးကို တော်တော်လေး ကြည့်နူးရ ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဆုတောင်းမှားတယ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



စကားလုံးဟာ အပြစ်တင်တဲ့ လေသံလေးနည်းနည်းပါနေသလားလို့ပါ။

ဆုတောင်းချွတ်ချော်တယ်ဆိုတဲ့ စကားကတော့ တစ်ဖက်သားကို သနားကရုဏာသံလေးပါနေပါတယ်။

ဒါကြောင့် ရှေ့ကို လယ်တီဆရာတော်ဘုရားကြီးရဲ့ စကားလုံးအတိုင်း ဆုတောင်းချွတ်ချော်တယ်ဆိုတဲ့ စကားလုံးလေးနဲ့ပဲ ရေးပြသွားရအောင်ပါ။

တချို့ ဆုတောင်းတွေဟာ ပတ်ဝန်းကျင်, ဆရာသမား, လတ်တလော ခံစားမှု, ဗဟုသုတအားနည်းမှု စသည်တွေကြောင့် ချွတ်ချော်သွားကြရတာပါ။

ပတ်ဝန်းကျင် ဆရာသမားတွေကြောင့် ဆုတောင်းချွတ်ချော်ခဲ့တဲ့အထဲမှာ ရှင်ရာဟုလာနဲ့ ရှင်ရဋ္ဌပါလတို့ရဲ့ ဝတ္ထုက ထင်ရှားပါတယ်။

ပဒုမုတ္တရမြတ်စွာဘုရားရှင် ပွင့်တော်မမူခင် ရှေ့ပိုင်းသာသနာပကာလတစ်ခုမှာ ရှင်ရာဟုလာလောင်းနဲ့ ရှင်ရဋ္ဌပါလလောင်းတို့ဟာ သူငယ်ချင်းသူဌေးနှစ်ယောက်ဖြစ်ခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ ရှင်ရသေ့နှစ်ပါးကို ကိုယ်စီကိုးကွယ်ကြပါတယ်။ ရသေ့နှစ်ပါးထဲမှာ ရှင်ရာဟုလာလောင်း ကိုးကွယ်တဲ့ ရသေ့ရဲ့ကိုယ်ခန္ဓာက ပူတဲ့သဘောရှိပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့ခန္ဓာကိုယ် သပ္ပါယသင့်ဖို့ ရထားတဲ့တန်ခိုးနဲ့ မဟာသမုဒ္ဒရာကို နှစ်ခြမ်းခွဲပြီး ပထဝိန္ဓရ



နဂါးမင်းရဲ့ ဘုံဗိမာန်မှာသွားပြီး နေ့သန့်တော်မူပါတယ်။

ဒါကြောင့် လှူပြည်ပြန်ရောက်လို့ ရှင်ရာဟုလာလောင်းအိမ်မှာ ဆွမ်းစားတဲ့အခါတိုင်း "ပထဝိန္ဓရနဂါးမင်းရဲ့စည်းစိမ်အတိုင်း ဖြစ်ပါစေ"လို့ဆုပေးပြီး ပထဝိန္ဓရနဂါးမင်းရဲ့ စည်းစိမ်ချမ်းသာမှုတွေကို ပြောပြောပြပါတယ်။

ကြာလာတော့ ရှင်ရာဟုလာလောင်းက ပထဝိန္ဓရနဂါးမင်းရဲ့ စည်းစိမ်ချမ်းသာကို အားကျပြီး ကုသိုလ်ပြုတိုင်း နဂါးမင်းရဲ့ စည်းစိမ်ချမ်းသာကို ရရပါလို၏လို့ဆုတောင်းစိတ်ညွတ်ထားပါတော့တယ်။

ရှင်ရဋ္ဌပါလလောင်းရဲ့ ရသေ့ကျတော့ တာဝတိံသာနတ်ပြည်မှာ သွားပြီး နေ့သန့်ပါတယ်။ နေ့သန့်သွားရင်း သိကြားမင်းရဲ့စည်းစိမ်ချမ်းသာကို အမြဲတွေ့တွေ့နေရပါတယ်။ လှူပြည်ပြန်ရောက်လို့ ရှင်ရဋ္ဌပါလလောင်းအိမ်မှာ ဆွမ်းစားပြီးတဲ့အခါ သိကြားမင်းရဲ့ စည်းစိမ်ချမ်းသာကြီးကျယ်ပုံကို ပြောပြောပြပါတယ်။

ဆရာရသေ့စကားကို ကြားရဖန်များလာတော့ ကုသိုလ်ပြုတိုင်း သိကြားမင်းစည်းစိမ်ချမ်းသာကိုပဲ ဆုတောင်းစိတ်ညွတ်ထားပါတော့တယ်။

သေလွန်တဲ့အခါကျတော့ သူတို့ဆုတောင်းစိတ်ညွတ်ခဲ့တဲ့အတိုင်း ရှင်ရာဟုလာလောင်းက နဂါးပြည်မှာ နဂါးမင်းသွားဖြစ်ပါတယ်။ ရှင်ရဋ္ဌပါလလောင်းကတော့ တာဝတိံသာနတ်ပြည်မှာ သိကြားမင်းသွားဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးထဲက နဂါးမင်းဖြစ်လာရတဲ့ ရှင်ရာဟုလာလောင်းက ကိုယ့်ခန္ဓာကိုယ်ကိုယ်ပြန်ကြည့်ပြီး ဆုတောင်းချွတ်ချော်ခဲ့ပြီဆိုတာ သိလိုက်ရပါတယ်။ တိရစ္ဆာန်တစ်မျိုးဖြစ်တဲ့ နဂါးဘဝကိုကြည့်ပြီး တော်တော်လေးလည်း စိတ်ဆင်းရဲသွားရပါတယ်။

ဒီအချိန်မှာပဲ နဂါးကခြေသည်တွေက သီချင်း, အက, အဆိုအတီးတွေနဲ့ ဖျော်ဖြေပါတော့တယ်။ ဒီခဏအတွင်းမှာပဲ နဂါးမင်းလည်း နဂါးခန္ဓာကိုယ်ကွယ်ပြီး နတ်လုလင်အသွင်ဖြစ်သွားပါတော့တယ်။

နေ့စဉ်နေ့စဉ် နဂါးကခြေသည်တွေက ပုံစံအမျိုးမျိုးနဲ့ ဖျော်ဖြေပေးကြပါတယ်။

ဒါပေမယ့် နဂါးဖြစ်နေရရှာတဲ့ ရှင်ရာဟုလာလောင်းခမျာ "ငါတိရစ္ဆာန်ဖြစ်နေရပြီ"ဆိုပြီး မပျော်နိုင်ရှာပါဘူး။ ဒီလိုနဲ့ နှစ်တွေ ကြာသွားရောဆိုပါတော့။

စတုမဟာရာဇ်နတ်မင်းကြီးလေးပါးဟာ ၁၅ ရက်တစ်ကြိမ် သိကြားမင်းကို ခစားရပါတယ်။ ရှင်ရာဟုလာလောင်း နဂါးမင်းလည်း ဝိရူပက္ခနတ်မင်းနဲ့အတူ သိကြားမင်းကို ခစားဖို့လိုက်သွားပါတယ်။

သိကြားမင်းက သူငယ်ချင်း နဂါးမင်းကို မြင်လိုက်ရတော့ "အို . . သူငယ်ချင်းရယ် ဘယ်ဘုံမှာဖြစ်နေတာလဲ"လို့ ဆီးမေးလိုက်ပါတယ်။

ဒီတော့မှ နဂါးမင်းက "အရှင်သိကြားမင်းရယ်



မပြောပါနဲ့တော့။ ရင်နဲ့တွားပြီး သွားရတဲ့ တိရစ္ဆာန်အမျိုးအနွယ် နဂါးဖြစ်နေရပါပြီ။ အရှင်သိကြားမင်းမှာတော့ မိတ်ကောင်းဆွေကောင်းကို ရလိုက်ပါတယ်"လို့ ငိုကြီးချက်မနဲ့ ပြောပြပါတယ်။

ဝမ်းနည်းနေတဲ့ သူငယ်ချင်းနဂါးမင်းကိုကြည့်ပြီး သိကြားမင်းက "သူငယ်ချင်းရယ် စိတ်ဓာတ်တွေကျမနေပါနဲ့၊ အခုလူ့ပြည်မှာ ပဒုမုတ္တရမြတ်စွာဘုရားရှင် ပွင့်နေတယ်၊ မြတ်စွာဘုရားရှင်ဆီမှာ ကုသိုလ်ပြုပြီး သိကြားမင်းဘုံဌာနကိုရောက်အောင် ဆုတောင်းပါ"လို့ အကြံပေးလိုက်ပါတယ်။

နဂါးမင်းလည်း သူငယ်ချင်းသိကြားမင်း အကြံပေးတဲ့အတိုင်း မြတ်စွာဘုရားဆီသွားပြီး နဂါးပြည်မှာ ဆွမ်းစားကြွဖို့ သွားဖိတ်ပါတယ်။ မြတ်စွာဘုရားရှင်လည်း နဂါးမင်းရဲ့ပင့်ဖိတ်ချက်အရ နဂါးပြည်ကို ရဟန္တာတစ်သိန်းနဲ့အတူ ကြွပေးပါတယ်။ နောက်ဆုံးမှာ မြတ်စွာဘုရားရှင်ရဲ့ သားတော်ရှင်ဥပရေဝတဆိုတဲ့ သာမဏေလည်း ပါလာပါတယ်။

ဝါစဉ်အလိုက် တန်းစီထိုင်တဲ့အခါ သားတော်ရှင်ဥပရေဝတက မြတ်စွာဘုရားရှင်ရဲ့ ရှေ့တည့်တည့်မှာ နေရာကျပါတယ်။

နဂါးမင်းက ယာဂုတွေ ခဲဘွယ်တွေ ကပ်တဲ့အခါ မြတ်စွာဘုရားရှင်ကို တစ်လှည့်၊ သားတော်ရှင်ဥပရေဝတကို

www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့် ကြည့်ကြည့်နေပါတယ်။

ဒါကြောင့် နဂါးမင်းက အနီးမှာရှိတဲ့ ရဟန်းတစ်ပါးကို "အရှင်ဘုရား ဒီကိုရင်လေးနဲ့ မြတ်စွာဘုရားရှင်နဲ့ ဘာတော်ပါသလဲဘုရား"လို့ မေးကြည့်လိုက်ပါတယ်။ အမေးခံရတဲ့ ရဟန်းက မြတ်စွာဘုရားရှင်ရဲ့ သားတော်ဖြစ်ကြောင်း ပြောပြလိုက်ပါတယ်။

နဂါးမင်းလည်း ကိုရင်ငယ်ကို အားကျပြီး "မြတ်စွာဘုရား . . ဤကုသိုလ်ကောင်းမှုကြောင့် ဥပရေဝတသာမဏေကဲ့သို့ နောင်အခါမှာ တစ်ဆူဆူသော ဘုရားရှင်ရဲ့ သားတော်ဖြစ်ရပါလို၏"လို့ ဆုတောင်းလိုက်ပါတယ်။

မြတ်စွာဘုရားရှင်ကလည်း "နောင်အခါမှာ ဂေါတမဘုရားရှင်ရဲ့ သားတော်စင်စစ်ဖြစ်လိမ့်မယ်"လို့ ဗျာဒိတ်စကားပေးလိုက်ပါတယ်။

ဂေါတမဘုရားရှင်လက်ထက်မှာတော့ ဆုတောင်းအတိုင်း သားတော်ရာဟုလာဆိုပြီး လာဖြစ်ပါတယ်။

ဒါကတော့ ပတ်ဝန်းကျင်ဆရာမိတ်ဆွေကြောင့် ဆုတောင်းချွတ်ချော်ခဲ့တဲ့ ထင်ရှားတဲ့ သာဓကတစ်ခုပါပဲ။

ဆုတောင်းချွတ်ချော်ရတာဟာ ကိုယ့်ရဲ့ဆရာသမားကြောင့်လည်း ချွတ်ချော်ရတာဆိုတော့ ငါ့ဆရာပဲဆိုပြီး နေရာတကာ သွားပြီး အားကျလို့မဖြစ်ပါဘူး။ အားကျသင့်မှပဲ အားကျရမှာပါ။

ဆုတောင်းချွတ်ချော်ကြတဲ့နေရာမှာ ပုဂ္ဂိုလ်ရေး



သံယောဇဉ်ကြောင့်လည်း ချွတ်ချော်တတ်ကြပါတယ်။

ထင်ရှားတဲ့ သာဓကကတော့ မေဏ္ဍကသူဌေးရဲ့ ကျွန်ပုဏ္ဏပါပဲ။

မေဏ္ဍကသူဌေးလောင်းဟာ တစ်ခုသောဘဝမှာ သူဌေးကြီးပဲဖြစ်ပါတယ်။ သူ့မှာ ဇနီးသား ချွေးမ ကျွန်တို့လည်း ရှိပါတယ်။

တစ်နေ့မှာတော့ တစ်တိုင်းပြည်လုံး အစာရေဆာ ရှားပါးပြီး ဆာလောင်မွတ်သိပ်ခြင်းဘေးဖြစ်ပါတယ်။ ဒီတော့ သူဌေးကြီးက အိမ်မှာရှိတဲ့ အလုပ်သမားတွေကို မိမိတို့ နှစ်သက်ရာကိုပြန်ကြဖို့ အစာရေစာပေါတဲ့အခါကျမှ ပြန်လာဖို့ဆိုပြီး ပြန်လွှတ်လိုက်ပါတယ်။

အလုပ်သမားတွေ အားလုံးထွက်ခွာသွားပေမယ့် ပုဏ္ဏဆိုတဲ့ ကျွန်ကတော့ သူဌေးကြီး မိသားစုနဲ့ပဲ ကျန်ခဲ့ပါတယ်။

ရှိတာတွေ ထုတ်ထုတ်စားရင်းနဲ့ နောက်ဆုံးတော့ ဆန်တစ်စလယ်ပဲ ကျန်ပါတော့တယ်။

သူဌေးကတော်က "အရှင် . . ဒီဆန်တစ်စလယ်ကို ဆန်ပြုတ်ပြုတ်ရင် နှစ်ရက်စာရပါမယ်။ ထမင်းချက်ရင်တော့ တစ်ရက်စာပဲရပါမယ်။ ဆန်ပြုတ်ပြုတ်ရမလား၊ ထမင်းချက်ရမလား"လို့ မေးပါတယ်။

သူဌေးကြီးက "မထူးပါဘူး မိန်းမရယ်၊ တခြားရစရာလည်း မရှိတော့ဘူး။ ထမင်းကိုပဲ အဝစားပြီး သေကြ

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ ထမင်းပဲချက်လိုက်ပါတော့”လို့ ပြောလိုက်ပါတယ်။

ထမင်းကျက်တဲ့အခါကျတော့ မိသားစုဝင်ငါးယောက်ရှိတာဆိုတော့ ငါးပုံပုံပါတယ်။ သူဌေးကြီးအတွက် ဝေစုကို သူဌေးကြီးရဲ့ရှေ့မှာ ချပေးလိုက်ပါတယ်။ ဒီခဏမှာပဲ ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးက ကြွလာပါတယ်။

သူဌေးကြီးကလည်း သေမယ့်အတူတူ ကုသိုလ်ပြုပြီးပဲ သေတော့မယ်ဆိုပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လောင်းလှူလိုက် ပါတယ်။

ဒါပေမယ့် အရှင်မြတ်က ထမင်းတစ်ဝက်အရောက်မှာပဲ သပိတ်ကိုပိတ်ပေးလိုက်ပါတယ်။

ဒီတော့ သူဌေးကြီးက “အရှင်ဘုရားရယ် ဒီဆွမ်းကငါးယောက်စာထဲက တစ်ယောက်စာပါဘုရား။ နှစ်ယောက်စာမရပါဘူးဘုရား၊ တပည့်တော်ကို ဒီပစ္စုပ္ပန်အတွက်သာ မချီးမြှောက်ပါနဲ့ဘုရား အကုန်ပဲလှူလိုပါတယ်ဘုရား”လို့ လျှောက်လိုက်ပါတယ်။

လျှောက်ပြီးတော့ “တပည့်တော် ဤကုသိုလ်ကြောင့် ဖြစ်လေရာ ဘဝတိုင်း ငတ်မွတ်ခြင်း ဘေးမှ ကင်းလွတ်ရပါလို၏၊ ဆန်ရေစပါး စားစရာ ပေါများရပါလို၏၊ ဖြစ်လေရာဘဝတိုင်း ဤဇနီး ဤသား ဤချွေးမ ဤကျွန်တို့နဲ့သာ တွေ့ဆုံရပါလို၏”လို့ ဆုတောင်းပါတယ်။



ကျန်တဲ့ မိသားစုဝင်တွေကလည်း ကိုယ်စားမယ့်ထမင်းဝေစုကို မစားတော့ဘဲ အရှင်မြတ်ကို လှူပြီးကိုယ်စီဆုတောင်းကြပါတယ်။

ကျွန်ဖြစ်သူ ပုဏ္ဏအလှည့်ကျတော့လည်း သူ့ဝေစုကို လှူပြီး ဘယ်လိုဆုတောင်းသလဲဆိုတော့ လတ်တလောဒီမိသားစုကိုပဲ သံယောဇဉ်ကြီးနေရတာဆိုတော့ “ဤကုသိုလ်ကြောင့် ဖြစ်လေရာ ဘဝတိုင်း ဆာလောင်မွတ်သိပ်ခြင်းဘေးမှ ကင်းလွတ်ရပါလို၏၊ ဤအရှင်တို့သာ ဖြစ်လေရာ ဘဝတိုင်း ကျွန်ုပ်ရဲ့ အရှင်သခင်ဖြစ်ရပါလို၏”လို့ ဆုတောင်းလိုက်ပါတယ်။

ပုဏ္ဏရဲ့ဆုတောင်းထဲမှာ ဘဝဆက်တိုင်း ဤအရှင်သခင်တို့သာ ကျွန်ုပ်ရဲ့ အရှင်သခင်ဖြစ်ရပါလို့ တောင်းလိုက်တော့ ကျွန်အဖြစ်ကို ပြန်ဆုတောင်းလိုက်တာပါပဲ။

စာထဲမှာတော့ ပုဏ္ဏဟာ ဒီနေ့ ဒီဘဝမှာ သေနာပတိရာထူးကို ဆုတောင်းရင်တောင် ပြည့်နိုင်တာပါတဲ့။ ဒါပေမယ့် အရှင်သခင်တွေကို ချစ်ခင်စိတ်အားကြီးနေတာကြောင့် ကျွန်အဖြစ်ကိုပဲ တောင်းမိသွားတာပါတဲ့။

ပစ္စေကဗုဒ္ဓါအရှင်မြတ်လည်း တခြားပစ္စေကဗုဒ္ဓါအရှင်မြတ်တွေအတွက်ပါ အလှူခံသွားပါတယ်။ အရှင်မြတ်ပြန်ကြွပြီး မကြာခင်မှာပဲ အိမ်မှာ ထမင်းဟင်းတွေ ပြည့်နေပါတော့တယ်။

တကယ်တော့ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ချီးမြှောက်ချင်လို့ ကြွပေးတာပါ။ ဆုတောင်းရင် တောင်းတဲ့အတိုင်း ပြည့်တာဆိုတော့ ဆုတောင်းမချွတ်ချော်ဖို့ သိပ်အရေးကြီးပါတယ်။

ဒီလိုနဲ့ သံသရာကျင်လည်ရင်း ပုဏ္ဏားကျွန်လည်း သူ့ဆုတောင်းအတိုင်း သူဌေးကြီးမိသားစုရဲ့ ကျွန်ဘဝတွေ ဖြစ်ခဲ့ရပါတယ်။ ဂေါတမဘုရားရှင်လက်ထက်မှာ မေဏ္ဍကသူဌေးကြီးဖြစ်တဲ့အခါမှာလည်း ပုဏ္ဏားခများ သူ့ဆုတောင်းအတိုင်း မေဏ္ဍကသူဌေးကြီး မိသားစုရဲ့ ကျွန်ဖြစ်လာရပြန်ပါတယ်။

ပုဂ္ဂိုလ်ရေးသံယောဇဉ်ကြောင့် ဆုတောင်းချွတ်ချော်ခဲ့ရတာပါ။ ပုထုဇဉ်တွေဆိုတော့ သံယောဇဉ်တွေတော့ ရှိကြတာပါပဲ။ ဒါပေမယ့် သံယောဇဉ်ကို အတိုင်းအတာတစ်ခု အစိတ်အပိုင်းတစ်ခုအနေနဲ့ပဲ ထားသင့်ပါတယ်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဖူးတွေ့ခွင့် ဆွမ်းလှူခွင့်ရတယ်ဆိုတာ နည်းတဲ့အခွင့်အရေးမဟုတ်ပါဘူး။ ဒီအချိန်မှာ ဘဝအဆက်ဆက်အတွက် အရေးကြီးနေတာဆိုတော့ ဆုတောင်းမချွတ်ချော်ဖို့ သိပ်အရေးကြီးပါတယ်။ ဆုတောင်းတဲ့နေရာမှာ ဘယ်သူ့ကိုမှ အားနာစရာမလိုပါဘူး။ ကိုယ့်ဘဝအတွက် အရေးကြီးတဲ့ ဆုကိုပဲ တောင်းရမှာပါ။

အားနာလို့ပဲဖြစ်ဖြစ်၊ ပုဂ္ဂိုလ်ရေးသံယောဇဉ်ကြောင့်ပဲဖြစ်ဖြစ် ဆုတောင်းချွတ်ချော်သွားရင် ကိုယ်ပဲနစ်နာရတာပါ။ ကိုယ် ဆုတောင်းမှန်သွားတဲ့အတွက် သူတို့မှာ တသီးတခြားလည်း နစ်နာမသွားပါဘူး။



တချို့ဆုတောင်းတွေကျတော့ ဒေါသကြောင့် ချွတ်ချော်ကြရတာပါ။

ထင်ရှားတဲ့ သာဓကကတော့ စူဠသုဘဒ္ဒါပါပဲ။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးကို သစ်သီးလှူပြီး "နောက်ဘဝ ဒီဆင်မင်းကို မြားနဲ့ပစ်သတ်ပြီး အစွယ်ကိုယူနိုင်တဲ့သူ ဖြစ်ရပါလို၏"လို့ ဆုတောင်းလိုက်တာပါ။

ဒီနေရာမှာ မေးစရာတစ်ခုရှိပါတယ်။ သူတစ်ပါးကို ထိခိုက်စေတဲ့ ဆုတောင်းကြီးကို ပစ္စေကဗုဒ္ဓါအရှင်မြတ်က ဘာဖြစ်လို့ မတားတာလဲ . . ?ဆိုတာပါ။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေဟာ ဘာဆုပဲတောင်းတောင်း "ပြည့်စေ"လို့ပဲ ပေးလေ့ရှိပါတယ်။ ပြီးတော့ တောင်းတဲ့အတိုင်းလည်း ပြည့်လေ့ရှိပါတယ်။

တကယ်လို့သာ ပစ္စေကဗုဒ္ဓါအရှင်မြတ်မဟုတ်ဘဲ တခြားရဟန္တာတစ်ပါးပါး ဖြစ်နေခဲ့ရင်တော့ "သူတစ်ပါးကို ထိခိုက်စေတဲ့ ဆုတောင်းကို မတောင်းရဘူး"လို့ အကျိုးသင့်အကြောင်းသင့်ပြောပြမှာပါ။

စူဠသုဘဒ္ဒါဟာ သူတောင်းတဲ့ဆုအတိုင်း ပြည့်ပြန်တော့လည်း ပြန်ပြီးဝမ်းနည်းနောင်တရရပြန်ရော။

ကုသမင်းနဲ့ ပပဝတီတို့ရဲ့ အတိတ်ဝတ္ထုမှာလည်း ဒီအတိုင်းပါပဲ။

တစ်ခုသော အတိတ်ဘဝမှာ ဘုရားအလောင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ယသော်ဓရာလောင်းဟာ မရီးနဲ့ မတ်တော်ခဲ့ပါတယ်။ အစ်ကိုလုပ်သူရဲ့ မယားပါ။

မရီးလုပ်တဲ့သူက ဘုရားအလောင်းရဲ့ မုန့်ကို ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လှူလိုက်ပါတယ်။ ဒီတော့ ဘုရားအလောင်းက မရီးကို စိတ်ဆိုးပြီး အရှင်မြတ်ဆီက မုန့်ကို ပြန်ယူပါတယ်။

မရီးလုပ်သူက စကားပင်အဆင်းနဲ့တူတဲ့ ထောပတ်ကိုပြန်လှူပြီး "ဤကုသိုလ်ကြောင့် ကျွန်ုပ်ကိုယ်သည် အရောင်ထွက်ရပါလို၏၊ ဤလူမိုက်နဲ့ တစ်ခုသော အရပ်မှာ အတူတကွ မနေရပါလို၏"လို့ ဆုတောင်းလိုက်ပါတယ်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကလည်း "ပြည့်စေ"ပါပဲ။ ဘုရားအလောင်းကလည်း ယူထားတဲ့ မုန့်ကိုပြန်လှူပြီး "ဤကုသိုလ်ကြောင့် ဤမိန်းမသည် ကျွန်ုပ်ရဲ့အလုပ် အကျွေးဇနီးမယား ဖြစ်ရပါလို၏"ဆိုတောင်းလိုက်ပါတယ်၊ အရှင်မြတ်ကလည်း "ပြည့်စေ"ပါပဲ။ နောက်ဘဝမှာ ဆုတောင်းအတိုင်း တစ်ယောက်တစ်နေရာဆီဝေးပြီး ဘုရားအလောင်းရဲ့ ဇနီးပဲဖြစ်ရပါတယ်။

ဆုတောင်းမှားတာ၊ ချွတ်ချော်တာတွေကို ပြောသာပြောနေရတာပါ။ တကယ်တော့ နိဗ္ဗာန်ကို ဆုတောင်းလိုက်တာနဲ့ လူငယ်စကားနဲ့ပြောရရင် ပွဲသိမ်းသွားတာပါပဲ။ ဆုတောင်းလည်း ချွတ်ချော်စရာ မှားစရာ မရှိတော့ပါဘူး။

နှိုင်းတော့မနှိုင်းယှဉ်ကောင်းပါဘူး။ ကလေးတွေ



လောက်စာလုံးတွေ ပုံပုံပြီးပစ်တဲ့အခါ ထိပ်ဆုံးခေါင်ကို မှန်လိုက်တာနဲ့ နောက်ကအပုံတွေကို အကုန်စားရတော့တာပါ။

ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့ ပန်းတိုင်ဟာ နိဗ္ဗာန်ပါ။ နိဗ္ဗာန်ကို ဆုတောင်းလိုက်တာနဲ့ အားလုံးပဲ ပွဲသိမ်းသွားပါပြီ။

ဆုတောင်းတွေ ချွတ်ချော်ခဲ့လို့ ဘုရားအဆူဆူနဲ့လည်း လွဲခဲ့ရပြီ၊ သံသရာတွေလည်း ရှည်ခဲ့ရပြီ။ ဘဝတွေလည်း ကမောက်ကမ ဖရိုဖရဲ ဖြစ်ခဲ့ရပြီ၊ ဒါကြောင့် ဒီကစပြီး နောက်ကို ပါရမီမြောက်အောင်ပဲ ပြုသင့်ပါပြီ။

ပါရမီသဘောတရားလေးတွေ ပြောပြလိုက်တော့ စာဖတ်သူက "ဒါနပြုတဲ့အခါ ပါရမီမြောက်အောင်ပဲ ပြုရမှာလား၊ ကိုယ် ဖြစ်ချင်တာလေးတွေကော ဆုမတောင်းရတော့ဘူးလား"လို့ မေးမယ်ဆိုရင် မေးလို့ရပါတယ်။

ကိုယ်အားသန်သလို ကိုယ်ဝါသနာပါသလို ပြုလို့ရပါတယ်။ မြတ်စွာဘုရားရှင်က သတ္တဝါအားလုံး ပါရမီမြောက်အောင်ပဲ ပြုရမယ့်လို့ ဟောမထားပါဘူး။

ဝေလာမသုတ်တို့ ဒက္ခိဏာဝိဘင်္ဂသုတ်တို့မှာ တိရစ္ဆာန်ကို လှူတာထက် သီလမဲ့တဲ့လူကို လှူတာက ပိုအကျိုးကြီးတယ်။ သီလမဲ့တဲ့လူကို လှူတာထက် သီလရှိတဲ့လူကို လှူတာကပိုအကျိုးကြီးတယ် စသည်ဖြင့် အလှူခံပုဂ္ဂိုလ်ကွဲပြားပြီး အကျိုးပေးလည်း ကွဲပြားသွားပုံကို

www.burmeseclassic.com

www.burmeseclassic.com



ဟောထားလို့ပါ။ စာထဲမှာလည်း ဝိစေယျဒါနဆိုတာ ရှိပါတယ်။ ရွေးချယ်စိစစ်ပြီး လှူတဲ့အလှူပါ။ ရွေးချယ်စိစစ်ပြီးလှူရင် ပိုပြီးအကျိုးများကြောင်း ဟောထားတာပါ။

ဒီတော့ ပါရမီမြောက်အောင်ပြုတာ ဝါသနာပါတဲ့သူက ပါရမီမြောက်အောင်ပြု၊ လောကီကျိုးတွေ တောင့်တပြီး ကုသိုလ်ဖြစ်ပဲပြုတာ ဝါသနာပါတဲ့သူက ကုသိုလ်ဖြစ်ပဲ ပြုရုံပါပဲ။ အဓိကကတော့ ပကာသနဒါနကိုသွားပြီး မပြုလိုက်မိဖို့ပါဘဲ။

ဒါပေမယ့် တစ်ခုသတိထားရမှာက ပုဂ္ဂိုလ်အယုတ်အမြတ်ရွေးချယ်ပြီး လှူရင် ပါရမီမမြောက်ပါဘူး။ ဒါကြောင့် ပါရမီ မြောက်အောင် လှူချင်တဲ့သူကျတော့ ပုဂ္ဂိုလ်အယုတ်အမြတ် ရွေးချယ်စရာမလိုတော့ပါဘူး။ ကိုယ့်အလုပ် ကိုယ့်ဒါနကိုပဲ ဂရုစိုက်ရမှာပါ။

ဝေဿန္တရာမင်းကြီး ဆင်ဖြူတော်ကို လှူတဲ့အခါ သားသမီးတွေကို လှူတဲ့အခါမှာ အလှူခံပုဂ္ဂိုလ်တွေက သီလမရှိပါဘူး။ ဒါပေမယ့် ဝေဿန္တရာမင်းကြီးရဲ့ ဒါနက ပါရမီမြောက်သွားတဲ့အတွက် မဟာပထဝီမြေကြီးတုန်လှုပ်သွားရပါတယ်။

ကိုယ်က ပါရမီမြောက်အောင်ပဲ လှူချင်တယ်ဆိုရင်တော့ ပုဂ္ဂိုလ်အယုတ်အမြတ်ရွေးချယ်စရာ မလိုတော့ပါဘူး။

ဆိုလိုတာကတော့ ပုဂ္ဂိုလ်ကို ဂရုမစိုက်တော့ဘဲ အလုပ်ကိုပဲ ဂရုစိုက်ရတော့မှာပါ။



* ပုဂ္ဂိုလ်ယုတ်မြတ်၊ ရွေးချယ်အပ်၊ ခေါ်အပ်ကုသိုလ်သာ။
* ပုဂ္ဂိုလ်မရွေး၊ လှူဒါန်းပေး၊ မှတ်ရေး ပါရမီ။

စာရေးသူအနေနဲ့ ဟိုအရင်ကတော့ ပါရမီမြောက်အောင် ပြုနည်းကို သေချာမသိပါဘူး။ ဒါနပြုတဲ့အခါတိုင်း လောကီကျိုး တစ်ခုခုကို အမြဲတောင်းမိပါတယ်။ ဥပမာ – ဘုရားပန်းကပ်တဲ့အခါ 'ရုပ်လှရပါလို၏'စသည်ဖြင့် နိဗ္ဗာန်ကို ဦးမတည်ဘဲ ဆုတောင်းမိတတ်ပါတယ်။ ရုပ်ကလည်း လှချင်လိုက်ပါသေးတယ်။

ပါရမီသဘောကို သိလိုက်ရတဲ့အခါမှာတော့ ပါရမီသဘောမဖြစ်ဘဲ ပြုခဲ့တဲ့ဒါနတွေကိုတောင် နှမြောမိပါတယ်။

နောက်ပိုင်းတော့ ဒါနပြုတဲ့အခါတိုင်း ပါရမီမြောက်အောင်ပဲ ကြိုးစားပြီး ပြုဖြစ်ပါတယ်။

အမြဲတမ်းရယ်တော့ မဟုတ်ပါဘူး။ တစ်ခါတလေတော့လည်း ဘဝမှာ လိုအပ်ချက်ကလေးတွေက ရှိနေတာဆိုတော့ လောကီဆုလေးတွေလည်း တောင်းမိပါတယ်။ ဒါကတော့ အရေအတွက်နည်းပါတယ်။

စာထဲမှာတော့ ပါရမီစိတ်ဓာတ်တွေ ကိုယ့်ရင်ထဲရောက်လာအောင် ဆင်ခြင် ဆင်ခြင်ပေးရမယ်လို့ ဆိုပါတယ်။

ဒါနပါရမီကို ဖြည့်ကျင့်တဲ့ ဘုရားအလောင်းတော်မြတ်တွေဟာ ဆင်ခြင်နည်းမျိုးစုံနဲ့ ဆင်ခြင်ပါတယ်။ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်က ကိုယ့်ကိုတောင်းခံလာရင် –

“စွန့်ပြီးသွားရမယ့် ငါ့ရဲ့ပစ္စည်းတွေကို တမလွန်ကို ပါအောင် ဒီနည်းနဲ့ ယူသွားလေလို့ နည်းကောင်းကို လာလမ်းညွှန်တဲ့သူပဲ”လို့ ဆင်ခြင်ရပါမယ်တဲ့။

သေချာစဉ်းစားကြည့်ပြန်တော့လည်း သေသွားရင် ပိုင်ဆိုင်သမျှ ပစ္စည်းအားလုံးကို ထားခဲ့ရမှာပါ။ ဒါပေမယ့် ယူသွားလို့ ရတဲ့နည်းလမ်းကောင်းကတော့ ပစ္စည်းတွေကို ဒါနနဲ့ဖလှယ်ပြီး ယူသွားလို့တော့ ရနေတာပါ။

နည်းကောင်းက ရှိပြီးသား သိပြီးသားရယ်။ ကိုယ်က မေ့မေ့နေလို့ပါ။

တကယ်လို့ ကိုယ့်ဆိုင်ရှေ့မှာ အလှူခံလာရပ်ရင် “ဩော် . . ငါ့ရဲ့ ပစ္စည်းတွေကို တမလွန်ယူသွားနည်းကို နည်းကောင်း လာပေးနေတဲ့သူပဲ”လို့ ဆင်ခြင်ကြည့်လိုက်ပါ။

အဲဒီလိုမှမဟုတ်ဘဲ “တောက် . . ဈေးဦးတောင် မပေါက်သေးဘူး၊ အလှူခံကလာနေပြီ”လို့ ပေါက်ကွဲပြီး မလှူပြန်ရင်လည်း ကိုယ့်ကို အထင်သေးမှာ ကြောက်တာနဲ့ နှစ်ဆယ်တန်အနွမ်းလေးကို ထည့်လိုက်မယ်ဆိုရင်တော့ ပါရမီနဲ့ ဝေးသွားပါလိမ့်မယ်။

ဆရာတော်တစ်ပါးက မိန့်ဖူးပါတယ်။ ဒါနပြု တယ်ဆိုတာ စီးပွားရှာနည်းတစ်ခုပါပဲတဲ့။ မင်းတို့ စီးပွားမရှာ တတ်သေးပါဘူး ကွာတဲ့။

ဆရာတော့်စကားကို စဉ်းစားကြည့်ရင် သိပ်မှန်



တာပါ။ ဒါနရဲ့သဘောက ကြီးပွားခြင်း၊ တိုးတက်ခြင်း သဘောရှိပါတယ်။ လှူလို့ မွဲသွားတယ်ဆိုတာ မရှိပါဘူး။ လှူလို့ရှိ ရှိလို့လှူ လှူလို့ရှိ ရှိလို့လှူနဲ့ တစ်ဆင့်ထက်တစ်ဆင့် မြင့်မြင့်သွားကြတာပါ။ ဒါနရဲ့အစွမ်းသတ္တိက နဂိုကတည်းက ရှိပြီးသားပါ။ ဒီတော့ ဒါနပြုတာလည်း စီးပွားရှာနည်းတစ်ခုဖြစ်နေပါတယ်။

တစ်ခုတော့ ရှိပါတယ်။ ဒါနကို ဒါနနဲ့ တူအောင် ပြုဖို့တော့လိုပါတယ်။ ဒါနပြုပုံ နည်းမကျရင်တော့ အကျိုးပေးမှုက ထိထိရောက်ရောက် ရှိမှာမဟုတ်ပါဘူး။

အဓိကကတော့ ကိုယ်ကတရားဗဟုသုတလေး တွေရှိပြီး နှလုံးသွင်းမှန်နေဖို့ သိပ်အရေးကြီးပါတယ်။

“ငါ့ရဲ့ အသက်ဟာ ဧကန်ပျက်စီးမှာပဲ၊ ဒါကြောင့် မတောင်းလည်း ငါ့အနေနဲ့ ပေးလှူသင့်တယ်။ တောင်းလာ တာဆိုတော့ ဘယ်ဆိုဘွယ်ရာရှိတော့မှာလဲ”

“အလောင်းတော်မြတ်တွေဟာ အလှူခံပုဂ္ဂိုလ်ကို မရအရရှာပြီး လှူကြတယ်။ ငါ့ကုသိုလ်ဘုန်းကံကြောင့် အလှူခံပုဂ္ဂိုလ်က အလိုလိုရောက်လာတာပဲ”

“အလှူခံပုဂ္ဂိုလ်မရှိရင် ငါ့ရဲ့ဒါနပါရမီက ဘယ်လို လုပ်ပြည့်နိုင်တော့မှာလဲ”

“လှူဘွယ်ဝတ္ထုနဲ့ အလှူခံပုဂ္ဂိုလ် ထင်ရှားရှိနေ ပါလျက် မလှူဘဲနေတာဟာ ကိုယ့်ကိုယ်ကိုယ် အကြီးမားဆုံး လှည့်ပတ်ခြင်းပဲ”စသည်ဖြင့် ဆင်ခြင်နည်းတွေ အများကြီး

www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်။ အကျယ်ကိုတော့ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ မဟာဗုဒ္ဓဝင် – ပထမတွဲ ဒုတိယအုပ်မှာပဲ ကြည့်ပါတော့။

ဆင်ခြင်နည်းတွေ အများကြီးဆိုပေမယ့် ကိုယ်နှစ်သက်ရာ တစ်နည်းနည်းကို ဆင်ခြင်ပြီး တရားအသိရင်ထဲရောက်ရင် ပြီးတာပါပဲ။ တရားအသိရင်ထဲရောက်သွားရင်တော့ ကိုယ့်ရဲ့အမူအရာတွေဟာ ပါရမီအမူအရာတွေဖြစ်သွားမှာပါ။

ပါရမီတရားအသိ ရင်ထဲရောက်သွားပြီဆိုရင် ဒါနတစ်ခုပြုလိုက်တာနဲ့ အထူးကြောင့်ကြစိုက်စရာမလိုဘဲ ပါရမီမြောက်ပြုပြီး သား ဖြစ်ဖြစ်သွားပါလိမ့်မယ်။

ဆင်ခြင်စမှာတော့ ပါရမီတရားအသိက ရင်ထဲကိုတန်းပြီး မရောက်နိုင်သေးပါဘူး။ ဆင်ခြင်မှုတွေများလာကာမှ ရင်ထဲကို ရောက်လာမှာပါ။ ဒီတော့ ကိုယ်က ဆင်ခြင်မှုကို အလုပ်တစ်ခုလို သဘောထားပြီး ဆင်ခြင်ပေးနေရပါမယ်။

ဆိုလိုတာကတော့ ပါရမီမြောက်ပြုနိုင်ဖို့အတွက် ဆင်ခြင်မှုကို လှေကားတစ်ခုလို အကူအညီယူပြီး အားယူပြီး တက်လှမ်းတဲ့သဘောပါ။

ဆင်ခြင်မှုကိုသွားပြီး အထင်သေးလို့ မရပါဘူး။ ဆင်ခြင်ရင်း သံဝေဂဉာဏ်တွေဖြစ်၊ နောက်ဝိပဿနာဘက်ကူးသွားပြီး အရဟတ္တမဂ် အရဟတ္တဖိုလ် ရသွားတဲ့ သာဓကတွေလည်း အများကြီးပါ။ ဆင်ခြင်မှုဟာ အရဟတ္တမဂ် အရဟတ္တဖိုလ် ရဖို့အတွက်တောင် အထောက်အပံ့ဖြစ်တာဆိုတော့ ပါရမီဒါနလောက်တော့ အပျော့ပါပဲ။



စာအုပ်တွေထဲမှာ တရားအသိတွေက ရှိနေပြီးသားပါ။ စာအုပ်ထဲက "တရားအသိ"တွေကို ဆင်ခြင်ရင်းနဲ့ ကိုယ့်ရင်ထဲကို လှမ်းခေါ်တဲ့သဘောပါ။ ဒါနပါရမီမှတင် မဟုတ်ပါဘူး။ စိတ်သဘောထားမြင့်မြတ်ဖို့၊ သည်းခံတတ်ဖို့၊ စိတ်မညစ်တတ်ဖို့ စိတ်မကောက်တတ်ဖို့စတဲ့ တရားအသိတွေကိုလည်း ဆင်ခြင်ပြီး ရင်ထဲကို လှမ်းခေါ်လို့ရပါတယ်။

ဥပမာ – တစ်စုံတစ်ယောက်က ကိုယ့်ကို ပုံစံတစ်မျိုးမျိုးနဲ့ ထိထိခိုက်ခိုက် နစ်နစ်နာနာ ပြောဆိုလာတာကို တစ်ဆင့်စကားနဲ့ပဲဖြစ်ဖြစ်၊ တိုက်ရိုက်ပဲဖြစ်ဖြစ် ကြားသိရတယ်ဆိုပါတော့။ သိလိုက်ရချိန်မှာ ရင်ထဲမှာ တစ်ခုခုခံစားလိုက်ရတယ်ဆိုပါတော့။ တစ်ခုခုလည်း တုံ့ပြန်ချင်စိတ်ဝင်လာတယ်ပေါ့။

ဒီတော့ ကိုယ်ဖတ်ဖူး နာဖူးထားတဲ့ တရားစာထဲက "သူကကောင်းကောင်း မကောင်းကောင်း ကိုယ်ကကောင်းအောင် နေရမယ်။ သူကတော်တော် မတော်တော် ကိုယ်ကတော်အောင် နေရမယ်"လို့ တိုးတိုးလေးရွတ်ပြီး ထပ်ကာထပ်ကာ ဆင်ခြင်နေလိုက် မယ်ဆိုရင် တရားအသိလေးတွေ ရင်ထဲရောက်လာပြီး ဖြစ်ပေါ်နေတဲ့ တုံ့ပြန်ချင်စိတ်ကလေးဟာ တဖြည်းဖြည်းလျော့လျော့သွားပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော ဆင်ခြင်မှုတွေကို စမ်းတော့ကြည့်စေချင်ပါတယ်။ ဆင်ခြင်မှုရဲ့ နောက်ပိုင်းမှာ ကိုယ့်ရဲ့ စိတ်နေစိတ်ထားတွေ ကောင်းမြတ်တဲ့ဘက်ကို ယိမ်းယိမ်းလာတော့မှာပါ။

စိတ်နေစိတ်ထားတွေ ကောင်းမြတ်တဲ့ဘက်ကို ယိမ်းလာတယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် မြင့်မြတ်မြင့်မြတ်လာတာပါပဲ။

**ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း**
**ဒီဇင်ဘာ၊ ၂၀၀၆။**



## မြင့်မြတ်သူတို့ရဲ့အလုပ် (၁)
### ဒါနပါရမီ (တတိယပိုင်း)

ပါရမီရဲ့ ထူးခြားချက်တစ်ခုက ပရဟိတအလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် အလုပ်ပြီးမြောက်တဲ့အထိ အဆုံးအထိလုပ်ပေးရပါတယ်။ ပြီးတော့ ပါရမီတစ်ခုကို ဦးတည်ပြီး ပြုပေမယ့် ကျန်တဲ့ပါရမီ(၉)ပါးကလည်း စိတ်ထားတတ်ရင် ထားတတ်သလို တွဲပြီး ပါသွားပါတယ်တဲ့။

ဒါကိုလည်း လယ်တီဆရာတော်ဘုရားကြီးက ဥတ္တမပုရိသဒီပနီမှာ မဟာကပိဇာတ်ကို ထုတ်ပြပြီး တစ်ခုချင်း ဆင့်ပွားရေတွက်ပြထားပါတယ်။

တစ်ခါတုန်းက ဗာရာဏသီပြည် ကာသိရွာမှာ လယ်သမားပုဏ္ဏားတစ်ယောက်ဟာ လယ်ကွင်းမှာ လယ်ထွန်နေပါတယ်။ အတော်အတန်ပြီးတော့ နွားတွေကို အနားပေးတဲ့အနေနဲ့ အစာစားဖို့ လွှတ်ပေးလိုက်ပါတယ်။ သူကတော့ ပေါက်တူးယူပြီး လယ်ထဲမှာ ပေါက်စရာရှိတာ ပေါက်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နွားတွေက အစာစားရင်း တောထဲဝင်သွားပါတော့တယ်။ ပုဏ္ဏားက သူတူးစရာ ပေါက်စရာတွေပြီးတော့ နွားတွေကို ကြည့်လိုက်ပါတယ်။ ဒါပေမယ့် နွားတွေက အနားမှာ မရှိတော့ပါဘူး။

နွားတွေ တောထဲဝင်သွားပြီဆိုပြီးတော့ တောထဲကို လိုက်ရှာပါတယ်။ ရှာရင်း ရှာရင်းနဲ့ တောထဲမှာ မျက်စိလည်သွားပါတယ်။

ကြာလာတော့ မောပြီးလာပါတယ်။ တည်ပင်တစ်ပင်တွေ့တော့ တည်ပင်ပေါ်တက်ပြီး ဆာလည်းဆာနေတာနဲ့ တည်ပင်ပေါ်မှာပဲ တည်သီးကိုစားပါတယ်။ စားနေရင်းပဲ အောက်ချောက်ထဲကို ပြုတ်ကျသွားပါလေရော။ ချောက်ထဲကျသွားတော့ အစာက ပိုင်တ်သွားပါတယ်။

ဒီအချိန်မှာ ဘုရားအလောင်းတော်က မျောက်မျိုးမှာ ဖြစ်နေတာပါ။ အစာရှာထွက်ရင်း ချောက်ထဲကျနေတဲ့ ပုဏ္ဏားကို တွေ့သွားပါတယ်။

ဘုရားအလောင်းမျောက်အနေနဲ့ ချောက်ထဲဆင်းပြီး ကယ်ဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ ဆင်းကယ်ရင် ကိုယ်ပါပြန်တက်လို့ ရတော့မှာမဟုတ်ပါဘူး။

ဘုရားအလောင်းမျောက်မင်းက ဉာဏ်သုံးပြီး ကယ်ပါတယ်။

အနီးအနားမှာရှိတဲ့ ကျောက်ခဲတွေကို ချောက်တွင်းထဲ ပစ်ပစ်ချပေးပါတယ်။ ခဲတစ်လုံး ပစ်ချလိုက် ပုဏ္ဏားက ခြေထောက်ကိုမပြီး ခဲလုံးလေးကို ခြေထောက်အောက်သွင်းထားလိုက်နဲ့ ကြာလာတော့ ခဲတွေပြည့်လာပြီး ပုဏ္ဏားလည်း အပေါ်တက်လို့ ရသွားပါတော့တယ်။

ဒါပေမယ့် ဘုရားအလောင်းမျောက်မင်းခမျာ တွင်းတစ်တွင်းစာ ခဲတွေပစ်ချပေးလိုက်ရတော့ တော်တော်လေး မောပန်းသွားပါတယ်။ ဒါကြောင့် ပုဏ္ဏားကို ခဏလှဲပါရစေဦးဆိုပြီး အိပ်ပျော်သွားပါတယ်။

ပုဏ္ဏားက အိပ်ပျော်နေတဲ့ မျောက်မင်းကိုကြည့်ပြီး "ဒီမျောက်သတ်ပြီး အိမ်သယ်သွားရင် မိသားစုစားလို့ရမှာပဲ"လို့တွေးမိပုံ ပေါ်ပါတယ်။ ဒါကြောင့်အနီးမှာရှိတဲ့ ကျောက်ခဲနဲ့ မျောက်ခေါင်းကို ထုချလိုက်ပါတယ်။ ဒါပေမယ့် ချောက်ထဲကျပြီး အစာငတ် ရေငတ်နဲ့ အားပျော့နေတာဆိုတော့ သေလောက်အောင် အင်နဲ့အားနဲ့ မထုလိုက်နိုင်ပါဘူး။ မျောက်မင်းလည်း အထုခံလိုက်ရတာနဲ့ သစ်ပင်ပေါ်ပြေးတက်လိုက်ရပါတယ်။ ပုဏ္ဏားရဲ့လက်ချက်ကြောင့်ပဲ ခေါင်းမှာ သွေးတွေတစ်စက်စက်ကျလာပါတယ်။

ပုဏ္ဏားဟာ သူ့အစွမ်းအစနဲ့ ဘယ်လိုမှ တောထဲက ထွက်ပြီး ရွာကိုရောက်အောင် မပြန်နိုင်ပါဘူး။ ဒါကိုသိတဲ့ ဘုရားအလောင်းမျောက်မင်းက "ပုဏ္ဏား . . ဒီတောဟာ သိပ်ထူထပ်တယ်၊ ငါက သစ်ပင်ပေါ်က လမ်းပြမယ်၊ သင်က အောက်ကလိုက်ခဲ့ပါ" လို့ပြောပြီး တောအုပ်အပြင်ဘက် ရွာအနီးအထိ လိုက်ပို့ပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လယ်တီဆရာတော်ဘုရားကြီးက ဒီဝတ္ထုလေးကို ထုတ်ပြပြီး ပါရမီဆယ်ပါးပါပုံကို ဖွင့်ပြပါတယ်။ ဆရာတော်ဘုရားကြီးကတော့ ဝတ္ထုဖြစ်စဉ်အတိုင်း မေတ္တာပါရမီ၊ ပညာပါရမီကစပြီး ရေးပြပါတယ်။ ဒီမှာတော့ မှတ်ရလွယ်အောင် ပါရမီ(၁၀)ပါး အစဉ်အတိုင်းပဲ တွဲပြရအောင်ပါ။

ပုဏ္ဏားရဲ့အသက်ကို ကယ်လိုက်တာက ဒါနပါရမီပါ။

ပုဏ္ဏားက ခေါင်းကိုကျောက်ခဲနဲ့ ထုပေမယ့် ပြန်ပြီး လက်တုံ့မပြန်တာ၊ ကြမ်းကြုတ်တဲ့ စကားတွေကို မပြောမိအောင် စောင့်ထိန်းတာက သီလပါရမီပါ။

တစ်စုံတစ်ရာ လောကီကျိုးကို မတောင့်တဘဲ ပုဏ္ဏားကို ကယ်တင်လိုက်တာက နေက္ခမ္မပါရမီပါ။

ပုဏ္ဏားကို ချောက်ထဲကနေအပေါ်ရောက်အောင် ဘယ်လိုကယ်ရမလဲလို့ သိတာက ပညာပါရမီပါ။

သိတဲ့အတိုင်း ကြိုးပမ်းအားထုတ်တာက ဝီရိယပါရမီပါ။

ကျောက်ခဲနဲ့ ခေါင်းထုတာကို သည်းခံတာ, နာကျင်တဲ့ဝေဒနာကို သည်းခံနိုင်တာတွေက ခန္တီပါရမီပါ။

သင့်ကို ငါကယ်မယ်လို့ ပုဏ္ဏားကိုပြောကြားထားတဲ့ "နှုတ်ပဋိညာဉ်"ကို မဖျက်တာက သစ္စာပါရမီပါ။

ပုဏ္ဏားရဲ့အကျိုးကို အဆုံးတိုင်အောင် ငါဆောင်မယ်လို့ဆုံးဖြတ်ထားတဲ့ "စိတ်ပဋိညာဉ်"ကို မရွှေ့မပြောင်းတာက အဓိဋ္ဌာန်ပါရမီပါ။

(နှုတ်ပဋိညာဉ်ကို မဖျက်တာက သစ္စာပါရမီပါ။ စိတ်ပဋိညာဉ်ကို မဖျက်တာက အဓိဋ္ဌာန်ပါရမီပါ။ နှုတ်နဲ့ စိတ်ကွာသွားပါတယ်။)

ချောက်ထဲကျနေတဲ့ ပုဏ္ဏားကိုကြည့်ပြီး ငါမကယ်ရင်တော့ သေတော့မှာပဲလို့ ပုဏ္ဏားရဲ့အကျိုးကို လိုလားတောင့်တစိတ်, ပုဏ္ဏားအပေါ် သနားကျင်နာစိတ် ဝင်လာတာက မေတ္တာပါရမီပါ။

သူ့အကျိုးကို ဒီလောက်အပင်ပန်းခံပြီး ပြုပေမယ့် ငါ့ကို ဒီလိုလုပ်ရက်လေခြင်းလို့ ပုဏ္ဏားရဲ့အပေါ်မှာ စိတ်မကွက်တာက ဥပေက္ခာပါရမီပါ။

ကိုယ်က စိတ်ထားတတ်ရင် ထားတတ်သလောက် ပါရမီ (၁၀)ပါး ဖြည့်ပြီးသား ဖြစ်သွားတာပါ။

တကယ်လို့ မျောက်မင်းဟာ ကျောက်ခဲနဲ့ အထုခံလိုက်ရတာကို စိတ်ပျက်ပြီး ပုဏ္ဏားကို လမ်းဆုံးရွာထိပ်အထိ ဆက်မပို့တော့ရင် ပါရမီမမြောက်တော့ပါဘူး။

ဒီသာဓက ဖြစ်စဉ်ဝတ္ထုလေးကို အာရုံပြုပြီး ကိုယ့်ရဲ့ ပရဟိတလုပ်ငန်းလေးတွေမှာလည်း စိတ်ကလေးတွေ ထားတတ်ရင် ထားတတ်သလို ပါရမီ (၁၀)ပါးလုံး ဖြစ်သွားတာပါ။

ဥပမာပဲ ထားပါတော့။ ကိုယ်က ဝါတွင်းသုံးလ ဆွမ်းလောင်းအသင်းမှာဝင်ပြီး ဝေယျာဝစ္စလုပ်နေမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့။

ငွေကြေးကော၊ လုပ်အားဒါနကော ပြုလိုက်တာက ဒါနပါရမီပါ။

ကိုယ့်အဖွဲ့ထဲက တစ်စုံတစ်ယောက်ယောက်ကပဲ ဖြစ်ဖြစ်၊ အပြင်က တစ်စုံတစ်ယောက်ယောက်ကပဲဖြစ်ဖြစ် "သူက သိပ်နာမည်ယူတာ, သိပ်နေရာယူတာ"စသည်ဖြင့် ပြောဆိုဝေဖန်ကဲ့ရဲ့ စွပ်စွဲလာပေမယ့် ပြန်ပြီးလက်တုံ့မပြန်တာ, ကြမ်းကြုတ်တဲ့ စကားကို မပြောမိအောင် စောင့်ထိန်းတာက သီလပါရမီပါ။

ရှင်းအောင်ပြောရရင် တစ်စုံတစ်ယောက်က ကိုယ့်ကိုမဟုတ်မမှန်တာ ပြောဆိုလာတာကို "ဖုန်း . . ဒိုင်း"ဆိုပြီး ကာယကံမြောက် လက်တုံ့မပြန်တာ၊ "ညည်းက ငါ့များ"ဆိုပြီး ပက်ကနဲ ပြန်မပြောမိအောင် စောင့်ထိန်းလိုက်တာတွေပါ။ ဆိုလိုတာက ကာယကံနဲ့ ဝစီကံကို ကောင်းကောင်းစောင့်ထိန်းလိုက်တာဟာ သီလပါရမီပါ။

"သူတို့က ဆယ်နာရီထိုးတာနဲ့ တက်အိပ်နေပြီ၊ ငါ့မှာတော့ ဆယ့်နှစ်နာရီအထိတောင် လုပ်နေရတယ်"

"ငါကတော့ ကြွက်သွန်ဥအလုံး တစ်ရာကျော်လောက် နွာလိုက်ရတယ်။ သူကတော့ အလုံးနှစ်ဆယ်လောက်လေးနွာပြီး လက်ဖက်သုပ် သွားစားနေတယ်" စသည်ဖြင့် မကျေနပ်တဲ့စကားတွေလည်း မပြောမိအောင် အထူးစောင့်ထိန်းထားရမှာပါ။



တကယ်တော့ ကိုယ့်ရဲ့ ပါရမီဒါနစွမ်းရည်သတ္တိကို မယုံလို့ အထင်မကြီးလို့ မကျေနပ်စကားပြောနေတာပါ။ "ငါ့ရဲ့ဒါန ပါရမီဟာ နိဗ္ဗာန်ရဲ့အထောက်အပံ့ဖြစ်တယ်"ဆိုတဲ့ တရားအသိသာ ကိုယ့်ရင်ထဲမှာရှိနေရင် ဘာမှမကျေနပ်စကား၊ ငြီးတွားစကား ပြောနေတော့မှာ မဟုတ်ပါဘူး။ "ငါ့ရဲ့ ပါရမီကုသိုလ်တွေ၊ ငါ့ရဲ့ ပါရမီကုသိုလ်တွေ"ဆိုပြီး ပြုံးပြုံး, ပြုံးပြုံးနဲ့ လုပ်ရမှာပါ။ မဲ့မဲ့, မဲ့မဲ့ပြီး လုပ်ရမှာမဟုတ်ပါဘူး။

အဓိကကတော့ ကိုယ်ဘာအတွက် ပရဟိတ လုပ်တာလဲ . . ?၊ ဒါကိုယ့်ကိုယ်ကိုယ် ပြန်မေးဖို့ပါ။ နိဗ္ဗာန်မဂ်ဖိုလ်ရဲ့ အထောက်အပံ့ဖြစ်ဖို့ ကိုယ့်ဝန်းကျင် အစစအရာရာ အဆင်ပြေဖို့ဆိုတဲ့ ရည်ရွယ်ချက် အပြင်ထွက်မသွားဖို့ဘဲ အရေးကြီးပါတယ်။ ကိုယ်ရဲ့ မူလရည်ရွယ်ချက်ကို သေချာနှလုံးသွင်းထားလိုက်နိုင်ရင် မကျေနပ်စကားစကားကိုပြောဖို့နေနေသာသာ တွေးတောင် တွေးမိတော့မှာ မဟုတ်ပါဘူး။

ကိုယ်က ပါရမီရှင်မဟုတ်သေးလို့ တွေးချင်ပြောချင်စိတ်ကလေးဝင်လာခဲ့ရင်လည်း "ငါ ပရဟိတ လုပ်တာ နိဗ္ဗာန်မဂ်ဖိုလ်ရဲ့ အထောက်အပံ့ဖြစ်ဖို့၊ ငါ့ဝန်းကျင်လောကကုသိုလ်တွေဖြစ်ဖို့ အစစအရာရာ အဆင်ပြေဖို့" ဆိုတဲ့ ကိုယ့်ရဲ့မူလရည်ရွယ်ချက်ကလေးကို ထပ်ကာထပ်ကာ ဆင်ခြင်နေလိုက်မယ်ဆိုရင်လည်း အတွေးမှားကလေးတွေ လျော့သွားပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီဝေယျာဝစ္စဒါနကုသိုလ်တွေကြောင့် G.S.M ဖုန်းပေါက်ရပါလို၏။ နောက်ဘဝ နတ်သမီးချောချော ဖြစ်ရပါလို၏"စသည်ဖြင့် တစ်စုံတစ်ရာ လောကီကျိုးကို မတောင်းတဘဲ လှူလိုက်တာ၊ ဝေယျာဝစ္စလုပ်လိုက်တာဟာ နေက္ခမ္မ ပါရမီပါ။

ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိဆိုတဲ့ လောကီကျိုးကို တောင့်တလိုက်ရင် နေက္ခမ္မပါရမီပျက်သွားပါတယ်။

နေက္ခမ္မပါရမီရဲ့သဘောက တစ်စုံတစ်ရာ လောကီကျိုးကို မမျှော်လင့်တာပါ။

ကိုယ်က တစ်စုံတစ်ယောက်ကို ကူညီလိုက်မယ်၊ ကိုယ်ကူညီလိုက်တဲ့သူက ကြီးပွားသွားပြီး ကိုယ့်ကိုပြန်မကြည့်တဲ့အခါ 'ငါကတော့ ကူညီလိုက်ရတာ၊ ငါ့ကျတော့ ပြန်ကြည့်ဖော်တောင်မရဘူး'လို့ တွေးလိုက်ရင်ပဲဖြစ်ဖြစ်၊ ကိုယ့်ရဲ့ အလုပ်သမားဝန်ထမ်း တစ်ယောက်ယောက်ကို တစ်ခုခုပံ့ပိုးလိုက်မယ်၊ ဒါပေမယ့် သူကကိုယ့်ကို ကွယ်ရာမှာ မကောင်းစကားပြောမယ်၊ အရိုအသေပေးမှု အားနည်းမယ်၊ ဒါကို ကိုယ်က "ငါကတော့ ပံ့ပိုးလိုက်ရတာ ငါ့ကိုကျတော့ မကောင်းစကားလည်း ပြောသေး၊ အရိုအသေလည်း မပေးဘူး" စသည်ဖြင့် မျှော်လင့်ချက် အတွေးဝင်လိုက်ရင် နေက္ခမ္မပါရမီပျက်သွားပါပြီ။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကူညီပံ့ပိုးလိုက်တဲ့အတွက် သူတို့ဆီက တစ်ခုခုကို ပြန်လိုချင်တာ၊ ကိုယ့်ရဲ့



ကောင်းသတင်းပဲ ပြောစေချင်တာ၊ အရိုအသေပေးစေချင်တာတွေဟာ တစ်စုံတစ်ရာအကျိုးကို ပြန်မျှော်လင့်နေတာပါ။ တစ်စုံတစ်ရာအကျိုးကို မျှော်လင့်နေတဲ့အတွက် နေက္ခမ္မပါရမီပျက်သွားရတာပါ။

နေက္ခမ္မပါရမီရဲ့သဘောက အကြောင်းကိုပဲ ဂရုစိုက်ပါတယ်။ အကျိုးကို လုံးဝဂရုမစိုက်ပါဘူး။

တစ်စုံတစ်ယောက်ကို တစ်စုံတစ်ရာကူညီပြီး တစ်စုံတစ်ရာကို ပြန်မျှော်လင့်နေရင် နေက္ခမ္မပါရမီပျက်သွားပါပြီ။ တကယ်လို့ ကိုယ်က နေက္ခမ္မပါရမီဖြစ်အောင် လုပ်ချင်တယ်ဆိုရင်တော့ ကူညီပံ့ပိုးပြီးတဲ့နောက်ပိုင်း ဘာတစ်စုံတစ်ရာမှ မျှော်လင့်နေစရာ မလိုတော့ပါဘူး။

သူ့ဟာသူ အရိုအသေပေးပေး မပေးပေး၊ မကောင်းသတင်းပြောပြော မပြောပြော ကိုယ့်အပိုင်းမဟုတ်တော့ပါဘူး။ ကိုယ့်အလုပ်ပဲ ကိုယ်ဂရုစိုက်ရမှာပါ။

တာဝန်နဲ့ဝတ္တရားကိုသိတာ၊ နိဗ္ဗာန်ရဲ့အထောက်အပံ့ဖြစ်တယ်ဆိုတာကို သိတာက ပညာပါရမီပါ။

ဇွဲလုံ့လရှိရှိနဲ့ ဆောင်ရွက်တာက ဝီရိယပါရမီပါ။

အလုပ်နဲ့ဆိုင်တဲ့ အခက်အခဲပဲဖြစ်ဖြစ်၊ ပြင်ပက ဝေဖန်ခံရမှုနဲ့ပဲဖြစ်ဖြစ်၊ ဖြစ်ပေါ်လာသမျှ ပြဿနာအားလုံးကို သည်းခံနိုင်တာက ခန္တီပါရမီပါ။

ဝါတွင်းသုံးလပတ်လုံး ဝေယျာဝစ္စလုပ်မယ်လို့ ပြောကြားထားတဲ့ "နှုတ်ပဋိညာဉ်"ကို မဖျက်တာက

www.burmeseclassic.com

www.burmeseclassic.com



သစ္စာပါရမီပါ။

တကယ်လို့ အဖွဲ့ထဲက တစ်စုံတစ်ယောက်ယောက်ကို မကျေနပ်လို့ ဝါလယ်လောက်မှာပဲ ထွက်သွားပြီဆိုရင်တော့ သစ္စာပါရမီ ပျက်သွားပါပြီ။ ဒါမှမဟုတ် အဖွဲ့ထဲက တစ်စုံတစ်ယောက်ယောက်ကို မကျေနပ်လို့ "သူတို့က မေတ္တာဆွမ်းလောင်းအသင်းဆိုတော့ ငါက သစ္စာဆွမ်းလောင်းအသင်း ထောင်တာပေါ့"ဆိုပြီး မကျေနပ်တဲ့စိတ်နဲ့ ဝါလယ်လောက်မှာ ထွက်ပြီး သီးခြားဆွမ်းလောင်းအသင်း ထောင်လိုက်မယ်ဆိုရင်လည်း သစ္စာပါရမီပျက်သွားပါပြီ။

ဝါကျွတ်တဲ့အထိ ဝေယျာဝစ္စလုပ်မယ်လို့ ဆုံးဖြတ်ထားတဲ့ "စိတ်ပဋ္ဌိညာဉ်"ကို မရွေ့မပြောင်းတာက အဓိဋ္ဌာန်ပါရမီပါ။

ရှေ့ကအတိုင်းပါပဲ၊ ကျန်းမာရေးကြောင့်မဟုတ်ဘဲ တစ်စုံတစ်ယောက်ကို မကျေနပ်လို့ ဝါမကျွတ်ခင် ထွက်လိုက်ရင် အဓိဋ္ဌာန်ပါရမီ ပျက်သွားပါတယ်။

ပါရမီရဲ့သဘောက "လမ်းဆုံးမရောက် လက်မမြှောက် တောက်လျှောက်သွားရမည်"ဆိုတဲ့အတိုင်း ပရဟိတတစ်ခုခုကို လုပ်ပြီဆိုရင် အလုပ်ပြီးတဲ့အထိ အဆုံးအထိပြီးပြတ်အောင် လုပ်ရပါတယ်။

တစ်စုံတစ်ယောက်ကို မကျေနပ်လို့ ဒါမှမဟုတ် အများကို မကျေနပ်လို့ အလုပ်မပြီးပြတ်သေးခင် ထွက်လိုက်



မယ်၊ ရပ်လိုက်မယ်ဆိုရင် ပါရမီမမြောက်တော့ပါဘူး။ ပါရမီမြောက်အောင် လုပ်ချင်တဲ့သူဟာ အလုပ်ပြီးမြောက်တဲ့အထိ ဆုံးခန်းတိုင်တဲ့အထိ လုပ်ပေးရပါတယ်။

ဒီတော့ ပရဟိတအဖွဲ့အစည်းကနေ အလုပ်မပြီးခင် ထွက်တော့မယ်ဆိုရင် "အလုပ်ပြီးဆုံးတဲ့အထိ လုပ်မယ်လို့ နှုတ်ပဋ္ဌိညာဉ်ကော စိတ်ပဋ္ဌိညာဉ်ကော ငါထားခဲ့တယ်၊ အလုပ်မပြီးခင် ထွက်လိုက်ရင်တော့ ငါ့ရဲ့အလုပ်ဟာ ပါရမီမမြောက်တော့ဘူး။ ဘာပဲပြောပြော ပါရမီမြောက်အောင် အလုပ်ပြီးဆုံးတဲ့အထိ ငါလုပ်မယ်"လို့ ထပ်ကာထပ်ကာဆင်ခြင်ပေးလိုက်မယ်ဆိုရင်လည်း ကိုယ့်ရင်ထဲကို ပါရမီစိတ်ဓာတ်တွေ ပြန်ရောက်လာပါလိမ့်မယ်။ အထူးသဖြင့် ဘုရားအလောင်း ပါရမီဖြည့်ခဲ့တဲ့ ဇာတ်တော်လေးတွေကို ပြန်အာရုံပြုပြီး ကိုယ့်ကိုယ်ကိုယ် ပြန်အားတင်းရပါတယ်။

* ပါရမီဇာတ်တော် ရှုကာမျှော် တွေးသော် အားတင်းရ။

* အလုပ်ပြီးမြောက် ဆုံးခန်းရောက် တောက်လျှောက်လုပ်ရမည်။

လောကအပေါ်၊ သာသနာအပေါ်၊ လူမျိုးအပေါ် အကျိုးလိုလားစိတ်၊ ချမ်းသာစေချင်တဲ့စိတ်၊ ကောင်းစေချင်တဲ့စိတ်က မေတ္တာပါရမီပါ။

ကိုယ့်ရဲ့ပရဟိတလုပ်ငန်းအပေါ် ဆွမ်းလောင်းအသင်းအပေါ် ချီးမွမ်းလာတဲ့ သူကို သာယာခင်မင်တဲ့စိတ်လည်း အထူးမရှိဘူး။ အပြစ်တင်လာတဲ့သူကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



မုန်းတဲ့စိတ်အထူးမရှိဘူး။ အဲဒီလူနှစ်မျိုးအပေါ်မှာ စိတ်နှစ်မျိုး မဖြစ်တာက ဥပေက္ခာပါရမီပါ။

လူ့ရဲ့သဘောက ကိုယ့်အလုပ်ကို ချီးမွမ်းလာတဲ့သူ ဆိုရင် သာယာတဲ့စိတ်၊ ခင်မင်တဲ့စိတ် ဖြစ်ပါတယ်။ သာယာ တဲ့စိတ် ခင်မင်တဲ့စိတ်ဖြစ်သွားရင် ဥပေက္ခာပါရမီ မမြောက် တော့ပါဘူး။ ကိုယ့်ကိုအပြစ်တင်လာရင် အပြစ်တင်လာ တဲ့သူကို မုန်းတဲ့စိတ် မကျေနပ်တဲ့စိတ်က တန်းကနဲ ဖြစ်သွား တတ်ပါတယ်။ မုန်းတဲ့စိတ် မကျေနပ်တဲ့စိတ်ဖြစ်သွားပြန် ရင်လည်း ဥပေက္ခာပါရမီ မမြောက်တော့ပါဘူး။

အဲဒီလူနှစ်ယောက်အပေါ်မှာ စိတ်နှစ်မျိုးမဖြစ်တာ ဟာ ဥပေက္ခာပါရမီပါ။

ဥပေက္ခာပါရမီဟာ သိပ်ပြီးသိမ်မွေ့သလို ဖြစ်ဖို့ လည်း သိပ်ခဲယဉ်းပါတယ်။ ပုထုဇဉ်သဘာဝအရ ကိုယ့် ချီးမွမ်းရင် သာယာလိုက်မိမှာပါပဲ။ ကိုယ့်အပြစ်တင်ရင် မုန်းလိုက်မိမှာပါပဲ။ ကိုယ့်ကို ဦးစားပေးရင် ကျေနပ်မယ်၊ ကိုယ့်ကို နှိမ်ရင်ဒေါသဖြစ်မယ်၊ စိတ်နှစ်မျိုးက ဟိုဘက်ယိမ်း လိုက်၊ ဒီဘက်ယိမ်းလိုက် ဖြစ်နေမှာပါ။ စိတ်နှစ်မျိုးမဖြစ် အောင် ထားနိုင်ဖို့ဆိုတာ အတော်မလွယ်လှတဲ့ ကိစ္စပါ။

ဒီတော့ ဥပေက္ခာပါရမီဖြစ်ဖို့အတွက် ဝိပဿနာကို အကူအညီယူရပါတယ်။ ချီးမွမ်းလို့ပဲဖြစ်ဖြစ်၊ ဦးစားပေး လို့ပဲဖြစ်ဖြစ် ဝမ်းသာတဲ့စိတ်ကလေး ဖြစ်လာရင် အဲဒီ ဝမ်းသာတဲ့ စိတ်ကလေးကို 'ဝမ်းသာတယ်၊ ဝမ်းသာတယ်'လို့ ရှုမှတ်ပစ်ရမှာပါ။



ကိုယ့်ကို ကဲ့ရဲ့လို့ပဲဖြစ်ဖြစ်၊ နှိမ်လို့ပဲဖြစ်ဖြစ် ဒေါသ ဖြစ်လာရင် အဲဒီ ဒေါသစိတ်ကလေးကို "ဒေါသဖြစ်တယ်၊ ဒေါသဖြစ်တယ်"လို့ ရှုမှတ်ပစ်ရမှာပါ။ အကျင့်လေးလုပ်ပေး ထားလိုက်ရင် ကြာလာတဲ့အခါ ဥပေက္ခာနဲ့နီးနီး သွားပါ လိမ့်မယ်။

ဥပေက္ခာဟာ လူတစ်ယောက်ရဲ့ ဘဝခရီးအတွက် သိပ်လိုအပ်တာပါ။ ပြဿနာဖြစ်ကြတယ်ဆိုတာ ဥပေက္ခာ မထားနိုင်ကြလို့ ဖြစ်တာပါ။ အဖွဲ့အစည်းတစ်ခုဆီမှာ ဥပေက္ခာလေးတွေသာ ကိုယ်စီရှိရင် ပြဿနာဆိုတာ နည်းနည်းနေပါလိမ့်မယ်။ သူက ကိုယ့်ကို နှိမ်တယ်၊ ဘာဖြစ်လဲ၊ ဘာမှမဖြစ်ဘူး။ သူက ကိုယ့်ကို ဦးစားမပေးဘူး၊ ဘာဖြစ်လဲ ဘာမှမဖြစ်ဘူး။ တစ်ဖက်သားရဲ့ အပြုအမူက မညီမျှပေမယ့် ကိုယ့်စိတ်က ညီမျှနေရင် ပြဿနာမဖြစ် တော့ပါဘူး။

ပုထုဇဉ်တစ်ယောက်ရဲ့ပန်းတိုင်ဟာ နိဗ္ဗာန်ပါ။ ရာထူးဌာနန္တရတွေတစ်ဆင့်ထက် တစ်ဆင့်တိုးဖို့၊ ငွေတွေ တစ်ဆင့်ထက် တစ်ဆင့်များဖို့၊ အောင်မြင်ကျော်ကြားမှုတွေ တစ်ဆင့်ထက်တစ်ဆင့် အောင်မြင်ကျော်ကြားဖို့ မဟုတ် ပါဘူး။ ဒါတွေဟာ ဘဝရဲ့အစိတ်အပိုင်းတွေပါ။ ဘဝရဲ့ ပန်းတိုင်တွေ မဟုတ်ပါဘူး။

နိဗ္ဗာန်ရဖို့အတွက်ဆိုရင် တရားအားထုတ်ရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲ ရာထူးဌာနန္တရတွေကြီးကြီး ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ၊ ဘယ်လောက်ပဲ အောင်မြင်ကျော်ကြား ကျော်ကြား တရားအားမထုတ်ဖြစ်သေးဘူးဆိုရင် ဘဝက အဓိပ္ပါယ် မရှိသေးပါဘူး။ နိဗ္ဗာန်နဲ့ဝေးဝေးနေတာပါ။

တကယ်လို့ တရားအားမထုတ်ဖြစ်သေးဘူးဆိုရင် တောင် "ရာထူး, ငွေ, ကျော်ကြားမှုတွေဟာ ဘဝရဲ့ပန်းတိုင် မဟုတ်ဘူး၊ နိဗ္ဗာန်သာ ပန်းတိုင်"ဆိုတဲ့ အသိလောက်လေး ရင်ထဲမှာ ရှိနေနိုင်တယ်ဆိုရင်တောင် မဆိုးလှပါဘူး။

ဘဝရဲ့ပန်းတိုင်နဲ့ ဘဝရဲ့အစိတ်အပိုင်းတွေကို ခွဲခြားသိပြီး ပန်းတိုင်ရောက်ဖို့အတွက် လုပ်ရမယ့်အလုပ်ကို လူ့ဘဝရခိုက်လေးမှာ လုပ်ဖြစ်အောင် လုပ်လိုက်ဖို့ပါပဲ။

ဒီမှာ ဒါနပါရမီအကြောင်းရေးနေတာဆိုတော့ ဒါန ကနေ ဝိပဿနာကို ဘယ်လိုကူးမလဲ . . ?။

ဒါနပြုနေတဲ့အခါမှာ ဝမ်းသာတဲ့စိတ်ကလေး ဖြစ်နေတတ်ပါတယ်။ အဲဒီဝမ်းသာနေတဲ့စိတ်ကလေးကို အာရုံပြုပြီး "ဝမ်းသာတယ်၊ ဝမ်းသာတယ်"လို့ ပြန်ရှုရ ပါတယ်။

ဝိပဿနာရဲ့သဘောက ပစ္စုပ္ပန်အခိုက်အတန့်မှာ ထင်ရှားနေတာကို ရှုရတာပါ။ အခုပစ္စုပ္ပန်အခိုက်အတန့်မှာ ဝမ်းသာနေတဲ့ စိတ်ကလေးက ထင်ရှားနေတာဆိုတော့ ဝမ်းသာတဲ့စိတ်ကလေးကိုပဲ ပြန်ရှုရတာပါ။ စိတ်ကိုရှုမှတ် တာဟာ စိတ္တာနုပဿနာဖြစ်သွားတာပါ။



အရင်က တရားတွေကို သေချာအားထုတ်ထား ဖူးမယ်၊ ဒါမှမဟုတ် အတိတ်အတိတ်ဘဝတွေက ပါရမီတွေ ပါခဲ့မယ်ဆိုရင် ဝမ်းသာတယ်လို့ မှတ်လိုက်ရင် ဝမ်းသာနေ တဲ့ စိတ်ကတခြား၊ ထိုင်နေတဲ့ရုပ်ကိုယ်ကြီးကတခြား ကွဲပြား ထင်ရှားနေတတ်ပါတယ်။

ဝမ်းသာနေတဲ့စိတ်က အာရုံကိုသိတတ်တဲ့အတွက် နာမ်တရားပါ။ ထိုင်နေတဲ့ရုပ်ကိုယ်ကြီးက အာရုံကို မသိ တတ်တဲ့အတွက် ရုပ်တရားပါ။ နာမ်တရားနဲ့ ရုပ်တရားကို ကွဲပြားပိုင်းခြားပြီး သိလိုက်တာဟာ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်သွားတာပါ။

နောက်ဝမ်းသာနေတဲ့ စိတ်ကလေးကို ဆက်မှတ် နေရင်း ဝမ်းသာနေတဲ့စိတ်ကလေးက ရှေ့ကပေါ်ပေါ်ပေး နေလို့ မှတ်သိစိတ်က နောက်က လိုက်လိုက်မှတ်နေရတာပဲ၊ ဝမ်းသာနေတဲ့စိတ်က အကြောင်းတရား၊ မှတ်သိစိတ်က အကျိုးတရားဆိုပြီး အကြောင်းနဲ့ အကျိုးကို ကွဲပြားပိုင်ခြားပြီး သိလာရပါတယ်။ အကြောင်းနဲ့ အကျိုးကို ပိုင်းခြားပြီး သိလိုက်တာဟာ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်သွားတာပါ။

ဝိပဿနာဘက်ကို ကူးသွားရင်း ဉာဏ်စဉ်နှစ်ဆင့် ဝင်လာတဲ့သဘောပါ။

တကယ်လို့ ကိုယ့်ရဲ့အရှုခံအာရုံဖြစ်တဲ့ ဝမ်းသာတဲ့ စိတ်ကလေးက အာရုံထဲမှာ ထင်ရှားမရှိတော့ရင် ကိုယ် အားထုတ်နေကျ မူလကမ္မဋ္ဌာန်းကို ပြန်မှတ်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ – ဝင်တယ် ထွက်တယ်၊ ဖောင်းတယ် ပိန်တယ် တစ်ခုခုပေါ့။

ဒါနကတစ်ဆင့် ဝိပဿနာကို ကူးသွားတယ်ဆိုရင်တော့ ဘဝက တကယ့်တကယ်ကို အဓိပ္ပါယ်ရှိသွားတာပါပဲလေ။

**ကျမ်းကိုး**

၁။ လယ်တီဒီပနီပေါင်းချုပ်၊ စတုတ္ထတွဲ၊ ဥတ္တမပုရိသဒီပနီ။
(လယ်တီဆရာတော်ဘုရား)
၂။ မဟာဗုဒ္ဓဝင် ပထမတွဲ၊ ပထမပိုင်း၊ ဒုတိယပိုင်း။
(မင်းကွန်းတိပိဋကဆရာတော်ဘုရား)
၃။ ကဆုန်လပြည့် ဗုဒ္ဓနေ့ တရားတိတ်ခွေ။
(သဒ္ဓမ္မရံသီရိပ်သာဆရာတော်)
၄။ မထေရ်မြတ်တို့စကားဝိုင်း (၆)။
(ဓမ္မဘေရီအရှင်ဝီရိယ – တောင်စွန်း)
၅။ အမြင့်ဆုံးစိတ်ထားများ တရားတိတ်ခွေ။
(ဓမ္မဘေရီအရှင်ဝီရိယ – တောင်စွန်း)
၆။ ဗုဒ္ဓ(သို့မဟုတ်)လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်။
(ဆရာကြီးဦးရွှေအောင်)

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း
ဇန်နဝါရီ၊ ၂၀၀၇။



# မြင့်မြတ်သူတို့ရဲ့အလုပ် (၂)
## သီလပါရမီ

လူတစ်ယောက်ရဲ့ဘဝမှာ ဒါန သီလ ဘာဝနာ သုံးပါးထဲက ဘယ်တရားက အရေးကြီးဆုံးလဲ . . ?။

“. . . . . . . . . . . . . . .”

သီလက ဒါနထက် မြတ်တယ်၊ ဝိပဿနာက သီလထက် မြတ်တယ်ဆိုတာ အားလုံးသိကြပါတယ်။

ရဟန်းတော်တွေအတွက် ဒါနမပြုလို့ အာပတ်သင့်စေဆိုတဲ့ သိက္ခာပုဒ်မရှိသလို ဝိပဿနာဘာဝနာမပွားလို့ အာပတ်သင့်စေဆိုတဲ့သိက္ခာပုဒ်လည်း မရှိပါဘူး။ ဒါပေမယ့် သီလဖောက်ဖျက်ရင်တော့ အာပတ်သင့်စေဆိုတဲ့သိက္ခာပုဒ်တွေက အသင့်ရှိနေပါတယ်။

ဒီလိုပါပဲ။ လူတွေအနေနဲ့လည်း ဒါနမပြုလို့အပြစ်သင့်စေ၊ ဝိပဿနာဘာဝနာမပွားလို့ အပြစ်သင့်စေဆိုတဲ့ သိက္ခာပုဒ်မရှိပါဘူး။ ဒါပေမယ့် သီလဖောက်ဖျက်လို့ကတော့ အပြစ်သင့်ရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



"သီလလုံခြုံနေရင် ပြီးတာပါပဲ။ ဒါနမပြုလည်း ကိစ္စမရှိပါဘူး။ ဝိပဿနာမပွားလည်း ကိစ္စမရှိပါဘူး"လို့ ဆိုလိုတာ မဟုတ်ပါ ဘူး။ ဒါန သီလ ဘာဝနာမှာ သီလက အရေးအကြီးဆုံးလို့ ဆိုလိုတာပါ။

အကြောင်းကြောင်းကြောင့် ဒါနနဲ့ ဘာဝနာကို မလုပ်နိုင်သေးရင်တောင် သီလကိုတော့ အထူးစောင့်ထိန်း ရမှာပါ။

တစ်ခါတလေ အားတဲ့အခါလေးတွေမှာ နဖူးပေါ် လက်တင်ပြီး တွေးကြည့်ပါ။ ကိုယ့်ကိုယ်ကိုယ် တန်ဘိုးရှိ အောင် ဘယ်လိုနေမလဲလို့။

"သီလကိုပဲ ကြိုးကြိုးစားစား စောင့်ထိန်းလိုက်ပါ" ဆိုတဲ့ အဖြေပဲထွက်လာမှာပါ။

တရားသဘောအရ သေချာစဉ်းစားကြည့်ရင် သီလက အားကိုးရာအစစ်ဆိုတော့ ကိုယ်နဲ့အမြဲတမ်း တပါ တည်း ရှိနေပါတယ်။ ရုံးတက်တဲ့အခါပဲဖြစ်ဖြစ်၊ ခရီးထွက် တဲ့အခါပဲဖြစ်ဖြစ်၊ ထမင်းစားတဲ့အခါပဲဖြစ်ဖြစ်၊ အိပ်နေတဲ့ အခါပဲဖြစ်ဖြစ်၊ နောက်ဆုံး ကျင်ကြီးကျင်ငယ်စွန့်နေတဲ့အခါ မှာလည်း ကိုယ်နဲ့တပါတည်း ရှိနေပါတယ်။

ကိုယ့်ရဲ့ခင်ပွန်း မိဘ ရာထူး အာဏာ ငွေကြေးတွေ ကတော့ ကိုယ်နဲ့အမြဲရှိမနေနိုင်ပါဘူး။

ဒီသဘောလေးတွေကို အာရုံပြုပြီး "ခင်ပွန်း မိဘ ရာထူးအာဏာ ငွေကြေးတွေဟာ ငါနဲ့ အမြဲရှိမနေနိုင်ဘူး၊



သီလကတော့ ငါ့ရဲ့အားကိုးရာ အစစ်ပဲ။ ငါနဲ့မခွဲမခွာ သေတဲ့ အထိ လိုက်လာမယ့် အားကိုးရာပဲ၊ ငါ သီလကို ကြိုးစား စောင့်ထိန်းသင့်တယ်"လို့ မကြာ မကြာ ဆင်ခြင်ဆင်ခြင်ပေး သင့်ပါတယ်။

ခန္ဓာရှိနေတဲ့အတွက် စားဝတ်နေရေးရှိနေတဲ့ အတွက် သက်ရှိသက်မဲ့ လောကီဝတ္ထုတွေကတော့ လိုအပ် နေတာပါပဲ။ ဒါပေမယ့် ကိုယ်က အားကိုးရာ အတုနဲ့အစစ်ကို ခွဲခြားပြီး သိနေဖို့ပါပဲ။

တကယ်လို့ အားကိုးရာအတုတွေက အကြောင်း ကြောင်းကြောင့် ကိုယ့်ကို ခွဲခွာသွားတဲ့အခါမှာလည်း "ခွဲခွာခြင်းသဘောရှိတဲ့ တရားတွေ ခွဲခွာသွားတာ သဘာဝ တစ်ခုပဲလေ၊ သဘာဝတရားကို ငါလက်ခံရမှာပေါ့၊ လက်မခံ နိုင်ရင် ငါပဲ ပင်ပန်းမှာပေါ့၊ သီလကတော့ ငါနဲ့မခွဲမခွာ အမြဲရှိနေမယ့်တရားပဲ"လို့ ဆင်ခြင်လိုက်ရင်လည်း ဖြေသာမှု ကို ရစေပါတယ်။

ဒါနပိုင်းမှာ ပါရမီမြောက်တဲ့ ဒါနကို ပြောခဲ့သလို သီလပိုင်းမှာလည်း ပါရမီမြောက်တဲ့ သီလကိုပါ ပြောပြသွား ရအောင်ပါ။

သီလမှာလည်း ဟီနသီလ၊ မဇ္ဈိမသီလ၊ ပဏီတ သီလဆိုပြီးရှိပါတယ်။

သူတစ်ပါးအထင်ကြီးအောင် ထင်ရှားကျော်ကြားဖို့ အတွက် ဆောက်တည်တဲ့ သီလက ဟီနသီလ = ခပ်ညံ့ညံ့

www.burmeseclassic.com

www.burmeseclassic.com



သီလပါ။

ကောင်းမှုရဲ့အကျိုးကို လိုလားတောင့်တပြီး ဆောက်တည်တဲ့သီလက မဇ္ဈိမသီလ = အလယ်အလတ်သီလပါ။

ထင်ရှားကျော်ကြားမှုကိုလည်း မလိုလား၊ နောင်အခါ ခံစားရမယ့်အကျိုးကိုလည်း မလိုလားဘဲ "ဒီသီလဟာ မြတ်တဲ့တရားပဲ၊ ဒီမြတ်တဲ့တရားကို ငါကျင့်သုံးအပ်တယ်" လို့ တရားရဲ့ မြင့်မြတ်မှုကိုသာ နှလုံးသွင်းပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ရဖို့အတွက် ဆောက်တည် တဲ့သီလကတော့ ပဏီတသီလ = မြင့်မြတ်တဲ့သီလပါ။

ရှင်းအောင်ပြောရရင် သူတစ်ပါး အထင်ကြီးအောင် စောင့်တဲ့သီလရယ်၊ လောကီအကျိုးကိုတောင့်တပြီး စောင့်တဲ့သီလရယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို တောင့်တပြီး စောင့်တဲ့သီလရယ်ပါ။

ထင်ရှားကျော်ကြားမှုကိုလည်း မတောင့်တ၊ လောကီကျိုးကိုလည်း မတောင့်တဘဲ တရားရဲ့မြင့်မြတ်မှုကိုသာ နှလုံးသွင်းပြီး မဂ်ဖိုလ်နိဗ္ဗာန်ကိုရဖို့အတွက် ဆောက်တည်တဲ့သီလမှ ပါရမီမြောက်တဲ့သီလပါ။

ဘုရားအလောင်းတော်မြတ်ဟာ သီလပါရမီကို ဖြည့်ကျင့်တဲ့နေရာမှာ သီလဆောက်တည်ရတဲ့ကုသိုလ်ကို မိမိအတွက် ဒုဂ္ဂတိဘဝ မကျရောက်ဖို့လည်း ဦးမတည်ပါဘူးတဲ့။



ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါလေးပါး၊ သာဝကဗောဓိ၊ ပစ္စေကဗောဓိကိုလည်း ဦးမတည်ပါဘူးတဲ့။

ဘာကိုဦးတည်သလဲဆိုတော့ သဗ္ဗညုတဉာဏ်ကိုပဲ ဦးတည်ပါတယ်တဲ့။

ကိုယ်က ဘုရားအလောင်းမဟုတ်တော့ သဗ္ဗညုတဉာဏ်နေရာမှာ နိဗ္ဗာန်ကို ဦးတည်လိုက်ရုံပါပဲ။

ဒီတော့ သီလယူပြီးတဲ့အခါ "တပည့်တော်၏ သီလသည် မဂ်ဖိုလ်နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်ပါစေ"လို့ စိတ်ညွတ်လိုက်ရင် ပါရမီမြောက်တဲ့သီလဖြစ်သွားတာပါ။

ဒါက ပါရမီအကြောင်းရေးနေတာမို့ ပါရမီမြောက်တဲ့ သီလဆောက်တည်နည်းကို ပြောပြတာပါ။ အခြေအနေအကြောင်းကြောင်းကြောင့် ပါရမီမြောက်အောင် မဆောက်တည်နိုင်သေးရင်လည်း ကိုယ်နဲ့သင့်သလို ဆောက်တည်နိုင်ပါတယ်။

ကိုယ့်နိုင်ငံကို ငြိမ်းချမ်းစေချင်တယ်၊ တိုးတက်ကြီးပွားစေချင်တယ်ဆိုရင် မင်းကော ရဟန်းကော ပြည်သူကော သုံးဦး သုံးဖလှယ် သီလကို စောင့်ထိန်းပေးကြရမှာပါ။ ဒါနဲ့ပတ်သက်ပြီး စံကင်းဆရာတော်ကြီး ပြောပြတဲ့ပုံပြင်လေးကို သွားသတိရမိပါတယ်။

တစ်နေ့တော့ စံကင်းဆရာတော်ဘုရားဆီကို ဦးနုနဲ့အဖွဲ့ရောက်လာကြပါတယ်။ ရောက်လာတဲ့အချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားက သက်တော် ၉၂ နှစ်ရှိပြီဖြစ်သလို ရှေ့ကျောင်းသာသနာပိုင်လည်း ဖြစ်နေပါပြီ။

အထူးသဖြင့် ဦးနုကပဲ ဆရာတော်ဘုရားကို မေးခွန်းတွေ မေးတာပါ။ ဆရာတော်ဘုရားက ဦးနုရဲ့ မေးခွန်းတွေကို ဖြေရင်းနဲ့ တစ်ကြိမ်မှာတော့ ဦးနုမေးခွန်း တစ်ခု ပြန်မေးလိုက်ပါတယ်။

"နဂိုက ပြောဖူးတဲ့ ဆန်သုံးထုပ်ပြုတ်တဲ့ ဥပမာ မေ့သွားပြီလား"

"ထပ်ပြီးအမိန့်ရှိပါဦးဘုရား"

"ရှေးက မင်းရယ်(အစိုးရရယ်) ဘုန်းကြီးရယ်၊ လူထုရယ် ဘယ်သူတရား(သီလ)ရှိမရှိသိရအောင် တရား (သီလ)ရှိတဲ့သူရဲ့ ဆန်ထုပ်က ပြုတ်ရင်နပ်မှာပဲဆိုပြီး ဆန်ထုပ်သုံးထုပ်ပြုတ်ကြသတဲ့၊ ပြုတ်ပြီး အားလုံး ဆယ်ကြည့်ကြတော့ တစ်ထုပ်မှ မနပ်ဘူးဆိုဘဲ"

"ဒီလိုဆိုအစိုးရ ခံသာသေးတယ်ဘုရား၊ ဘာဖြစ် ဖြစ် အစိုးရချည်း လွှဲချအပြစ်တင်ခံနေကြရပါတယ်ဘုရား"

ဒီတော့ ဆရာတော်ဘုရားက "ခုကာလတော့ ဦးရာလူက ပြောကြစမြဲပေါ့"လို့ ပြန်မိန့်လိုက်ပါတယ်။

ဆရာတော်ဘုရားက တိုင်းပြည်တစ်ခု တိုးတက်ဖို့ ဆိုရင် မင်းကော ရဟန်းကော ပြည်သူကော တရားသီလရှိဖို့ သိမ်သိမ်မွေ့မွေ့ ဟာသဆန်ဆန် ပုံပြင်လေးနဲ့ ဩဝါဒပေး ထားတာပါ။



ကိုယ့်တိုင်းပြည် တကယ်တိုးတက်ကြီးပွားစေ ချင်ရင် ရဟန်းကော, မင်းကော, ပြည်သူကော သီလကို အထူးစောင့်ထိန်းရမှာပါ။

သုံးဦးထဲက တစ်ဦးဦး သီလပျက်နေရင် တိုးတက် မှာ မဟုတ်ပါဘူး။ ဥပမာ – မင်းက သီလပြည့်စုံပြီး ရဟန်းနဲ့ ပြည်သူက သီလပျက်နေရင် ဘယ်လိုမှ တိုးတက်မှာမဟုတ် ပါဘူး။

ကိုယ်က သုံးဦးထဲက တစ်ဦးအဖြစ်ပါနေတာ ဆိုတော့ တာဝန်တစ်ရပ်အနေနဲ့ စောင့်ထိန်းပေးရမှာပါ။

လူဘဝရောက်လာပြီး လူဘဝရဲ့တန်ဘိုးတစ်ခု ဖြစ်တဲ့ သီလလေးမှ စောင့်ထိန်းမသွားရဘဲ လူလောကထဲက ပြန်ထွက်သွားရတယ်ဆိုရင် လူဘဝရလာတာ အဓိပ္ပါယ်မရှိ တော့ပါဘူး။

သီလကို စောင့်ထိန်းလိုက်တဲ့အခါမှာ ပထမဆုံးရရှိ လိုက်တဲ့ အကျိုးကတော့ ကိုယ့်ကိုယ်ကိုယ် ကြည်ညိုဖြစ် သွားတဲ့ အကျိုးပါ။ ကိုယ့်ကိုယ်ကိုယ် ကြည်ညိုနေတဲ့ အချိန်မှာ ဘဝက သိပ်ပြီး ငြိမ်းချမ်းနေပါတယ်။ ဘဝမှာ သူတစ်ပါး ကြည်ညိုဖြစ်ဖို့က ဒုတိယကိစ္စပါ။ ကိုယ့်ကိုယ် ကိုယ် ကြည်ညိုဖို့က ပထမကိစ္စပါ။

ချစ်တဲ့ စာဖတ်သူတွေကို သီလ လုံ့ဝမကျိုးတဲ့ ဆောက်တည်နည်းကို ပေးချင်ပါတယ်။

ကဲ . . စာဖတ်သူတွေကို မေးကြည့်ရအောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သီလကျိုးတယ် ကျိုးတယ်ဆိုတာ မနက်ပိုင်း၊ နေ့လည်ပိုင်း သွားလာလှုပ်ရှားနေတဲ့အချိန်မှာ ကျိုးတာလား . . ?။ ညပိုင်းအိပ်နေတဲ့အချိန်မှာ ကျိုးတာလား . . ?။

". . . . . . . . . . ."

ညပိုင်းအိပ်နေတဲ့အချိန်မှာ သီလက မကျိုးပါဘူး။

စာထဲမှာ ကာလပရိယန္တသီလဆိုတာ ရှိပါတယ်။ ကာလကို ပိုင်းဖြတ်ပြီး စောင့်ထိန်းတဲ့ သီလပါ။ နေ့ပိုင်း တစ်နေ့တာပဲ ဖြစ်ဖြစ်၊ ညပိုင်းတစ်ညတာပဲဖြစ်ဖြစ်၊ တစ်ရက်လုံးပဲဖြစ်ဖြစ်၊ နောက်ဆုံးတစ်ထိုင်ပဲဖြစ်ဖြစ်၊ ကာလပိုင်း ဖြတ်ပြီး စောင့်ထိန်းတာပါ။

ဥပမာ ကိုယ်က ညမှာ ဆယ့်တစ်နာရီ အိပ်ပြီး မနက် ငါးနာရီ အိပ်ရာထတယ်ဆိုပါစို့။

ဒီတော့ ညအိပ်ရာဝင်ခါနီးမှာ ၈ပါးသီလ၊ ၉ပါး သီလယူလိုက်ပြီး "ဘုရားတပည့်တော် ည ၁၁ နာရီကနေ မနက် ၅နာရီ အထိ သီလဆောက်တည်ပါ၏"လို့ ကာလ ပိုင်းဖြတ်ပြီး စောင့်ထိန်းလိုက်ရုံပါ။

ည ၁၁ နာရီကနေ မနက် ၅ နာရီအထိ ဆိုတော့ တစ်နေ့ကို ၆ နာရီလောက် သီလစောင့်ထိန်းဖြစ်နေတာပါ။

၁၀ ရက်ဆိုရင် နာရီပေါင်း ၆၀။

၁ လဆိုရင် နာရီပေါင်း ၁၈၀။

တစ်နှစ်ဆိုရင် နာရီပေါင်း ၂၁၆၀ပါ။

ဒါက ည ၁၁ နာရီကနေ မနက် ၅ နာရီအတွင်း



ပိုင်းဖြတ်ပြီး စောင့်ထိန်းတာပါ။ တကယ်တော့ မနက် ၅ နာရီထိုးတာနဲ့ သီလက တန်းမကျိုးသေးပါဘူး။

ဒီနည်းကို စာရေးသူသဘောနဲ့ ရေးပြတာ မဟုတ်ပါဘူး။ မဟာဗုဒ္ဓဝင်မှာ မင်းကွန်းဆရာတော်ဘုရားကြီးက သီလကို တစ်နေ့လုံး မဆောက်တည်နိုင်သေးရင်တောင် ညမှာ တစ်နိုင်တစ်ပိုင် ဆောက်တည်ဖို့ အသေအချာ ရေးပြထားလို့ပါ။

ဆရာတော်ဘုရားကြီးက ဝတ္ထုလေးနှစ်ပုဒ်ကို သာဓကပြပြီး အားပေးထားပါတယ်။

ပေတဝတ္ထုထဲက မိဂလုဒ္ဒကဆိုတဲ့ ဝတ္ထုနှစ်ပုဒ်ပါ။

ခပ်ကျဉ်းကျဉ်းလောက် ရေးပြရအောင်ပါ။

မြတ်စွာဘုရားလက်ထက်တော်က ရာဇဂြိုဟ်ပြည်မှာ အလွန်ချစ်တဲ့သူငယ်ချင်းနှစ်ယောက်ရှိပါတယ်။

သူငယ်ချင်းနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် အလွန်ချစ်ကြပေမယ့် စရိုက်အပြုအမူခြင်းက မတူပါဘူး။ တစ်ယောက်က မုဆိုးအလုပ်ကိုလုပ်ပြီး တစ်ယောက်က ကောင်းရောင်းကောင်းဝယ်လုပ်ပြီး ရတနာသုံးပါးကို ဆည်းကပ်ပါတယ်။

မုဆိုးလုပ်နေတဲ့ သူငယ်ချင်းကိုကြည့်ပြီး ဘာသာရေးကိုင်းရှိုင်းတဲ့ သူငယ်ချင်းက စိတ်မကောင်း ဖြစ်ရပါတယ်၊ ဒါကြောင့် သူငယ်ချင်းကို အကုသိုလ်အလုပ်တွေ မလုပ်ဖို့ အမြဲပြောပါတယ်။ မုဆိုးသူငယ်ချင်းကလည်း

www.burmeseclassic.com

သူငယ်ချင်းကိုချစ်ပေမယ့် ဝါသနာကို မစွန့်နိုင်လို့ လုပ်မြဲ ပါပဲ။

ဒီလိုနဲ့ တစ်နေ့ကျတော့ ဘာသာရေးကိုင်းရှိုင်းတဲ့ သူငယ်ချင်းက မုဆိုးသူငယ်ချင်းကို ဘာတောင်းဆိုလာသလဲ ဆိုတော့ "သူငယ်ချင်းရယ်၊ မင်းအလုပ်ကို မစွန့်နိုင်ရင်တောင် ညမှာတော့ မကောင်းမှုတွေရှောင်ပြီး သီလစောင့်ပေး ပါလား"လို့ တောင်းဆိုပါတယ်။

မုဆိုးသူငယ်ချင်းလည်း ညမှာတော့ ကောင်း ကောင်းစောင့်ထိန်းနိုင်တာဆိုတော့ နေ့မှာ မုဆိုးအလုပ်ကို လုပ်ပြီး ညမှာတော့ မကောင်းမှုတွေရှောင်ပြီး သီလကို စောင့်ထိန်းပါတယ်။

သက်တမ်းစေ့လို့ ကွယ်လွန်တဲ့အခါကျတော့ ရာဇဂြိုဟ်ပြည်အနီးမှာ ဝေမာနိကပြိတ္တာသွားဖြစ်ပါတယ်။

အကျိုးက ဘယ်လိုခံစားရသလဲဆိုတော့ နေ့မှာ အကုသိုလ်တွေပြုခဲ့တဲ့အတွက် နေ့ပိုင်းမှာ ဆင်းရဲဒုက္ခတွေ ခံစားရပြီး ညမှာ သီလစောင့်ခဲ့တဲ့အတွက် ညပိုင်းမှာ ကာမဂုဏ်ငါးပါးကို ပြည့်ပြည့်စုံစုံ ခံစားနေရပါတယ်။

ဒါကို အရှင်နာရဒမထေရ်တွေ့တော့ ဘာကြောင့် နေ့ခံ ညစံ ခံစားနေရတာလဲဆိုတာ မေးကြည့်ပါတယ်။

ပြိတ္တာဖြစ်နေရသူက "တပည့်တော်ဟာ နေ့ပိုင်းမှာ မုဆိုးအလုပ်ကို လုပ်ခဲ့ပါတယ်ဘုရား၊ ညပိုင်းမှာတော့ မိတ်ကောင်း ဆွေကောင်း သူငယ်ချင်းရဲ့ တိုက်တွန်းမှုကြောင့် မကောင်းမှုကိုရှောင်ပြီး သီလစောင့်ခဲ့လို့ အခုလို နေ့ခံ ညစံဖြစ်နေရတာပါဘုရား"လို့ ပြန်လျှောက်ပြပါတယ်။



နောက်ဝတ္ထုတစ်ပုဒ်က ရှေးဝတ္ထုနဲ့ ခပ်ဆင်ဆင် ပါပဲ။

သူငယ်ချင်းနှစ်ယောက်ပါပဲ။ တစ်ယောက်က မုဆိုး၊ တစ်ယောက်က ဘာသာရေးကိုင်းရှိုင်းသူ၊ ဒါပေမယ့် ဘာသာရေး ကိုင်းရှိုင်းသူ သူငယ်ချင်းက မုဆိုးသူငယ်ချင်းကို မကောင်းမှုတွေမလုပ်ဖို့ အကြိမ်ကြိမ် တားမြစ်ပေမယ့် လုံးဝနားမထောင်ပါဘူး။

ပြောမရတော့ ဘာသာရေးကိုင်းရှိုင်းသူ သူငယ်ချင်း က သူဆည်းကပ်ကိုးကွယ်နေတဲ့ ဆရာ ရဟန္တာတစ်ပါးကို အကျိုး အကြောင်းပြောပြပြီး "အရှင်ဘုရား တပည့်တော် သူငယ်ချင်းကို အကုသိုလ်မပြုဖို့ ပြောဟောပေးပါဘုရား"လို့ လျှောက်ပါတယ်။

ဆရာရဟန္တာက မုဆိုးသူငယ်ချင်းဆီသွားပြီး တရားဟောပေးပါတယ်။ ဒါပေမယ့် မုဆိုးသူငယ်ချင်းက ရဟန္တာအရှင်မြတ်ကို ကြည်ညိုပေမယ့် ပါဏာတိပါတအမှု ကို ရှောင်ကြဉ်လိုစိတ် လုံးဝမရှိပါဘူး။ သူ့အနေနဲ့ ရှောင်ကြဉ် ဖို့ ခက်နေပါတယ်။

ဒါကိုသိနေတဲ့ ရဟန္တာအရှင်မြတ်က "ဒကာရှယ် တစ်နေ့လုံး မရှောင်ကြဉ်နိုင်ရင်တောင် ညအခါလေးတော့ ရှောင်ကြဉ်ပေးပါနော်"လို့ ကရုဏာသံနဲ့ ထပ်ပြောပါတယ်။

www.burmeseclassic.com



ဒီတော့မှ မုဆိုးလည်း “ဒါဖြင့်ရင်လည်း ကောင်းပါပြီဘုရား၊ တပည့်တော် ညမှာတော့ ပါဏာတိပါတမှ ရှောင်ကြဉ်ပါမယ်ဘုရား”လို့ ပြန်ဂတိပေးလိုက်ပါတယ်။

မုဆိုးသူငယ်ချင်းလည်း ရဟန္တာအရှင်မြတ်ကို ဂတိပေးထားတဲ့အတိုင်း နေ့ပိုင်းမှာ မကောင်းမှုပြုပေမယ့် ညပိုင်းမှာတော့ သီလကို စောင့်ပေးပါတယ်။

သေလွန်တဲ့အခါကျတော့ ရာဇဂြိုဟ်ပြည်အနီးမှာပဲ ဝေမာနိကပြိတ္တာဖြစ်ပြီး နေ့ပိုင်းမှာ ဆင်းရဲဒုက္ခကို ခံစားနေရပေမယ့် ညပိုင်းမှာတော့ ကာမဂုဏ်ငါးပါးကို အပြည့်အဝ ခံစားနေရပါတယ်တဲ့။

ဆရာတော်ဘုရားကြီးက ဒီဝတ္ထုလေးနှစ်ပုဒ်ကို သာဓကပြပြီး နေ့အခါမှာ မစောင့်နိုင်ပေမယ့် ညမှာ စောင့်ထိန်းရင် အကျိုးပေးနိုင်တဲ့အတွက် မိမိစွမ်းနိုင်သလောက် စောင့်ထိန်းဖို့ ကရုဏာတရားနဲ့ တိုက်တွန်းထားပါတယ်။

ဆရာတော်ဘုရားကြီးက ဘုရားဟောပါဠိတော် အဋ္ဌကထာ ဋီကာတွေထဲကထုတ်ပြီး ရေးပြတယ်။ စာရေးသူက ဆရာတော်ဘုရားကြီး ရေးပြတာကို တစ်ဆင့်ပြန်ရေးပြတယ်။ စာဖတ်သူတွေကလည်း ကိုယ်နဲ့နီးစပ်ရာ ဓမ္မမိတ်ဆွေတွေကို “သီလဆိုတာ နေ့ပိုင်းမှာ မစောင့်နိုင်ရင်တောင် ညပိုင်းမှာ ဒီလိုဒီလိုစောင့်ရင် သီလမကျိုးဘူး”လို့ ဆောက်တည်နည်းလေးတွေ တစ်ဆင့်ပြန်ပြောပြနိုင်ရင်



တကယ့်ဓမ္မဒါနကုသိုလ်တွေဖြစ်နေတာပါ။ ဒါမှလည်း ရေးရဖတ်ရတာတန်ပါတယ်။

ဒါက သီလကို အချိန်ပြည့်မစောင့်နိုင်သူတွေ၊ စောင့်ဖို့အခြေအနေ မပေးသူတွေအတွက်ပါ။

တကယ်လို့ ကိုယ်က သီလဆောက်တည်ဖို့ အချိန်လည်း ပေးနိုင်တယ်၊ ဆောက်တည်ချင်စိတ်လည်း ရှိတယ်ဆိုရင် ပုံစံတစ်မျိုးနဲ့ ဆောက်တည်နည်းတစ်ခုကိုလည်း အကြံပေးပါရစေဦး။

သီလကို ဒီအတိုင်း မဆောက်တည်ဘဲ မြတ်စွာဘုရားရှင်ကို သီလနဲ့ပူဇော်ပြီး ဆောက်တည်ကြည့်ပါလား။

မနက်အိပ်ရာကထပြီး ကိုယ်လက်သန့်စင်ပြီးသွားတဲ့အခါ ဘုရားခန်းထဲသွားပြီး “မြတ်စွာဘုရား ဘုရားတပည့်တော် ဒီနေ့ တစ်နေ့တာ မြတ်စွာဘုရားကို သီလနဲ့ ပူဇော်ပါမည်ဘုရား”လို့ လျှောက်လိုက်ပါ။

ပြီးတော့မှ တဆက်တည်း သီလယူလိုက်ပါ။

မြတ်စွာဘုရားကို သီလနဲ့ ပူဇော်ထားတာဆိုတော့ သီလကျိုးဖို့ အာရုံကိုတွေ့ဦးတော့ “ငါမြတ်စွာဘုရားကို သီလနဲ့ပူဇော်နေတာ”ဆိုပြီးတော့ မြတ်စွာဘုရားကို အားနာပြီး မကျိုးဖြစ်တော့ပါဘူး။

နောက်တစ်ခုက “ငါ မြတ်စွာဘုရားကို သီလနဲ့ ပူဇော်နေတယ်၊ ငါ မြတ်စွာဘုရားကို သီလနဲ့ ပူဇော်နေတာယ်” ဆိုတဲ့ အတွေးက ရင်ထဲမှာ အစဉ်သဖြင့် ဖြစ်နေတာဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



အတွေးနဲ့အတူ ဝမ်းမြောက်ကြည်နူးစိတ်ကလည်း ပူးတွဲဖြစ် ဖြစ်နေရတော့တာပါ။

မြတ်စွာဘုရားကို သီလနဲ့ပူဇော်ရတဲ့ အရသာဟာ ပူဇော်ကြည့်ဖူးမှ သိပါတယ်။ ဒါကြောင့် သိချင်ရင် စမ်းပြီးပူဇော်ကြည့်ဖို့ပဲ တိုက်တွန်းပါရစေ။

အားတဲ့အခါလေးတွေမှာလည်း ကိုယ့်ရဲ့သီလကို ပြန်ပြန် ဆင်ခြင်ဆင်ခြင် ပေးရပါတယ်။ အဲဒီလို ပြန်ပြန် ဆင်ခြင် ဆင်ခြင် နေတာကကို သီလာနုဿတိကုသိုလ်တွေ ထပ်ပွားနေတာပါ။

"မြတ်စွာဘုရားကို ငါသီလနဲ့ ပူဇော်နေတယ်" ဆိုတဲ့ သတိ ကိုယ့်ရင်ထဲမှာ ကိန်းနေရင် ကိုယ့်ကိုယ်ကိုယ် ပြန်ပြန်ကြည်ညို ကြည်ညိုနေရတာပါ။

ကြည်ညိုရင်း ကြည်ညိုရင်းနဲ့ ကိုယ့်ရင်ထဲမှာ ပါရမီတွေ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်လာရ တော့မှာပါ။

ဘာပဲပြောပြော လတ်တလော ဝမ်းမြောက်ကြည်နူး စိတ်ကို ခံစားနေရတာတော့ အမှန်ပါ။

အကြောင်းကြောင်းကြောင့် သီလနဲ့ နေ့စဉ် မပူဇော် နိုင်သေးရင်တောင် ကိုယ့်ရဲ့မွေးနေ့လေးတွေမှာ တစ်ပတ် တစ်ခါလောက်တော့ ပူဇော်ပူဇော် သွားသင့်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဘဝမှာ မလုပ်ဖူးသေးတဲ့ ကုသိုလ်လေးတွေကို လုပ်လုပ်ကြည့်သင့်လို့ပါ။ ဘာထူးလဲ



ဘယ်လိုအရသာ ရှိလဲဆိုတာ အသိသစ်တစ်ခု သိသွားရ တာပေါ့။

မြတ်စွာဘုရားကို သီလနဲ့ပူဇော်နေတဲ့နေ့ဆိုရင် ယခင်နေနေကျအတိုင်း သတိလက်လွတ်မဟုတ်ဘဲ ကိုယ်နဲ့ နှုတ်ကို သတိကပ်ထားရပါမယ်။ အထူးသဖြင့် "ပြဿနာ အစ ပါးစပ်က"ဆိုတဲ့အတိုင်း နှုတ်ကိုအထူးစောင့်ထိန်းရ ပါမယ်။ အဲဒီနေ့ဆိုရင် အထူးသဖြင့် အတင်းမပြောမိအောင် သတိထားရပါမယ်။ အတင်းပြောမိရင် သီလကပျက်ပါပြီ။ အတင်းပြောတာကို ဝါသနာတစ်ခု လိုဖြစ်နေရင် ကိုယ်က ပိုဂရုစိုက်ရပါမယ်။

တကယ်လို့ ကိုယ့်ဘဝမှာ အခက်အခဲ တစ်စုံ တစ်ရာ ကြုံလာမယ်။ ဒီတော့ ဒေါသ အာဃာတ သောက ပူဆွေးမှုတွေဖြစ်မနေဘဲ မြတ်စွာဘုရားဆီကိုသွားပြီး မြတ်စွာ ဘုရားကိုသီလနဲ့ ဆယ်ရက်တန်သည်၊ တစ်လတန်သည် ပူဇော်ပစ်လိုက်မယ်။ သတ်မှတ်ထားတဲ့ ရက်လစေ့သွားတဲ့ အခါ မြတ်စွာဘုရားဆီထပ်သွားပြီး "ဘုရားတပည့်တော် မြတ်စွာဘုရားကို သီလနဲ့၁၀ရက် ၁လ မကျိုးမပေါက် ပူဇော် ခဲ့ပါတယ်။ ဤသစ္စာစကားမှန်ပါက ယခုတွေ့ကြုံနေရတဲ့ အခက်အခဲ ပြေပျောက်သွားပါစေသတည်း"လို့ သစ္စာဆို လိုက်ပါ။

မြတ်စွာဘုရားကို သီလနဲ့ပူဇော်တာရယ် သစ္စာ ဆိုတာရယ်နှစ်ခုကိုတဲ့ လုပ်လိုက်ရင် ဖြစ်ပေါ်နေတဲ့ အခက်

www.burmeseclassic.com

www.burmeseclassic.com



အခဲ အထိုက်အလျှောက်တော့ အဆင်ပြေသွားမှာပါ။

ပြဿနာမဟုတ်ဘဲ ဘဝနဲ့ယှဉ်တဲ့ ကိစ္စတစ်ခု ကြုံလာတဲ့အခါမှာလည်း ပူဇော်တာရယ် သစ္စာဆိုတာရယ် ပူးတွဲလုပ်ကြည့်လိုက်ပါ။ ထူးခြားမှုတစ်ခုခုတော့ ဖြစ်လာမှာပါ။

ဒါက တစ်ယောက်ချင်း မြတ်စွာဘုရားကို သီလနဲ့ ပူဇော်တာကို ပြောတာပါ။

တကယ်လို့ မိသားစုလိုက် တစ်ပတ်တခါလောက် မြတ်စွာဘုရားကို သီလနဲ့ပူဇော်နိုင်တယ်ဆိုရင်တော့ သိပ်ပြီး ကြည်ညိုဖို့ကောင်းတဲ့ မိသားစုတစ်စုဖြစ်သွားမှာပါ။

အခက်အခဲတစ်ခုကြုံလာတဲ့အခါ မိသားစုလိုက် ပူဇော်ပြီး သစ္စာဆိုလိုက်တာကပိုပြီး ထိရောက်သွားနိုင်ပါတယ်။

ဘယ်လိုသဘောလဲဆိုတော့ တစ်ယောက်တည်း ပစ်မှတ်တစ်ခုကို ပစ်တာနဲ့စာရင် မိသားစုငါးယောက်လောက် ဝိုင်းပစ်ရင် ပိုပြီးမှန်သွားနိုင်တဲ့သဘောပါ။ မိသားစုထဲမှာ တကယ့်ပါရမီရှင်တစ်ယောက်ယောက်လည်းပါရင် ပါလာနိုင်လို့ပါ။

ပါရမီဖြစ် ကုသိုလ်ဖြစ်ပဲ ပူဇော်ပူဇော်၊ ပြဿနာကို ဖြေရှင်းဖို့အတွက်ပဲ ပူဇော်ပူဇော် ဘဝမှာ မလုပ်ဖူးသေးတဲ့ ကုသိုလ်တစ်ခုကို လုပ်ကြည့်လိုက်တာတော့ အကောင်းဆုံး ပါပဲ။



စီးပွားရေးလုပ်တဲ့အခါပဲဖြစ်ဖြစ်၊ အနုပညာကိစ္စ လုပ်တဲ့အခါပဲဖြစ်ဖြစ်၊ ဘာကိစ္စပဲလုပ်လုပ် သီလကို အဆောင်တစ်ခုလို အားကိုးတာကတော့ အကောင်းဆုံးပါပဲ။ ဆိုလိုတာက သီလကို အားယူပြီး တက်တာပါ။

ဣတိဝုတ်ပါဠိတော်မှာ သုခပတ္ထနာသုတ်ဆိုတာ ရှိပါတယ်။ မြန်မာလို လိုရင်းကတော့ –

“ငါ့အတွက် ထင်ရှားကျော်ကြားမှုတွေဖြစ်လာရင် ကောင်းမှာပဲ”လို့ တွေးဖြစ်ရင် သီလကို စောင့်ထိန်းလိုက်ပါတဲ့။ “ငါ့ဆီ ငွေကြေးဥစ္စာတွေရောက်လာရင် ကောင်းမှာပဲ” တွေးဖြစ်လိုက်ရင်လည်း သီလကို စောင့်ထိန်းလိုက်ပါတဲ့။ “ငါသေရင် နတ်ပြည်ရောက်ရင် ကောင်းမှာပဲ” တွေးဖြစ်လိုက်ရင်လည်း သီလကိုပဲ စောင့်ထိန်းလိုက်ပါတဲ့။

လူတိုင်း လူတိုင်း ဒီအကျိုးတွေက လိုချင်ကြတဲ့ သူတွေချည်းပါပဲ။ ကိုယ်က ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ မြတ်စွာဘုရားရှင်ရဲ့ စကားတွေကို နှစ်နှစ်ကာကာ ယုံပြီးသား ဆိုတော့ စောင့်ထိန်းပစ်လိုက်ရုံပါပဲ။

တရားတွေမှာ စွမ်းရည်တွေက အစကတည်းက ရှိပြီးသားပါ။ ကိုယ်က အသုံးပြုပေးဖြစ်ဖို့ပါပဲ။

သေချာစဉ်းစားကြည့်ရင် သီလဆိုတာ အံကြိတ် တောက်ခေါက် ဝီရိယအင်အားတွေသုံးပြီး စောင့်ထိန်းရတဲ့ အရာလည်း မဟုတ်ပါဘူး။ လုပ်ရင်းကိုင်ရင်း သွားရင်း လာရင်း စားရင်းသောက်ရင်း ပူးတွဲစောင့်ထိန်း သွားလို့ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



အရာပါ။

လူတစ်ယောက်အနေနဲ့ ငါးပါးသီလကိုစောင့်ရင်ပဲ တော်တော်လုံလောက်နေပါပြီ။ တတ်နိုင်တယ်ဆိုရင်တော့ တစ်လနှစ်ကြိမ် လောက် ရှစ်ပါးသီလ၊ ကိုးပါးသီလတွေ တစ်ဆင့်မြင့်ပြီး စောင့်နိုင်ရင်တော့ အကောင်းဆုံးပေါ့။

သီလစောင့်ထားရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေရှိနေပါတယ်။ ယုံကြည်မှုရှိနေရင် အလုပ်လုပ်ရတာက တက်တက် ကြွကြွ ရွှင်ရွှင်လန်းလန်း ရှိနေတတ်ပါတယ်။ ဒါက ကိုယ်တိုင်စောင့်ဖူးကြည့်မှ သိတာပါ။

လောကီထဲမှာ နေနေကြလို့ လောကီကျိုးတွေနဲ့လည်း မကင်းနိုင်ကြလို့ လောကီကျိုးတွေပါ ထည့်ပြောနေရတာပါ။ အမှန်တော့ သီလရဲ့အမြင့်ဆုံး အကျိုးသတ္တိဟာ နိဗ္ဗာန်အထိ ပို့ပေးနိုင်တာပါ။

သီလရဲ့အကျိုးအဆက်ဆက်တွေကို စာထဲမှာ ဒီလိုပြထားပါတယ်။

အဝိပ္ပဋိသာရ၊ ပါမောဇ္ဇ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိ၊ ယထာဘူတ၊ နိဗ္ဗိဒါ၊ ဝိရာဂ၊ ဝိမုတ္တိ။

ဒီပါဠိရဲ့ အနက်မြန်မာပြန်ကို တည်တောဆရာတော်ဘုရား ပြန်ဆိုထားတာက သိပ်လှသလို သိပ်ရှင်းပါတယ်။

တည်တောဆရာတော်ဘုရားက ဘယ်လိုမြန်မာပြန်သလဲဆိုတော့



သီလရှိတော့ စိတ်ကြည်၊
စိတ်ကြည်တော့ ဝမ်းမြောက်၊
ဝမ်းမြောက်တော့ နှစ်သက်၊
နှစ်သက်တော့ ငြိမ်းအေး၊
ငြိမ်းအေးတော့ ချမ်းသာ၊
ချမ်းသာတော့ တည်ကြည်။
တည်ကြည်တော့ အမြင်မှန်၊
အမြင်မှန်တော့ ငြီးငွေ့၊
ငြီးငွေ့တော့ မင်္ဂမြင်၊
မင်္ဂမြင်တော့ ဖိုလ်ရောက်၊
ဖိုလ်ရောက်တော့ နိဗ္ဗာန်ဝင်တဲ့။
မှတ်ရလွယ်တဲ့ ပြန်ဆိုချက်ကလေးပါ။

ဖိုလ်ရောက်တော့ နိဗ္ဗာန်ဝင်ဆိုတဲ့အပိုဒ်ကလေးကတော့ ဆရာတော်ကြီး အရေးအသားကို အတုခိုးပြီး စာရေးသူဖြည့်လိုက်တာပါ။

ကိုယ်ဖြည့်ကျင့်နေတဲ့ သီလဟာ လောကီကျိုးသက်သက်တင်မဟုတ်ပါဘူး။ မင်္ဂဖိုလ်နိဗ္ဗာန်အထိ ပို့ပေးနိုင်တဲ့ သတ္တိရှိပါတယ်။

သီလပါရမီကို ဖြည့်ကျင့်နေတဲ့နေရာမှာ “ငါ့ရဲ့သီလဟာ မင်္ဂဖိုလ်နိဗ္ဗာန်အထိ ပို့ပေးနိုင်တယ်”ဆိုတဲ့ အသိကလည်း ရင်ထဲမှာ အစဉ်သဖြင့် ရှိနေဖို့လိုပါတယ်။ မင်္ဂဖိုလ်နိဗ္ဗာန်ရဖို့အတွက်တော့ ဝိပဿနာတရားကို အားထုတ်ရ

www.burmeseclassic.com

www.burmeseclassic.com



မှာပါ။

ဝိပဿနာ တရားအားထုတ်တော့မယ်ဆိုရင် ဘာကိုအရင်လုပ်ရမလဲဆိုတော့ စတုဗ္ဗိဓံတာဝသီလံဝိသောဓေတဗ္ဗံ = (ပါ-ဋ္ဌ၊ ၃၊ နှာ ၂၀) သီလကို အရင်သုမ်သင်ပါ။ သီလကို အရင် ဖြူစင်အောင် လုပ်ပါတဲ့။

ဒီတော့ မေးစရာဖြစ်လာပါပြီ။

ပုထုဇဉ်တွေဆိုတော့ အများစုဟာ သီလကိုတစ်ပါးမဟုတ်တစ်ပါးတော့ ကျူးလွန်ခဲ့ကြဖူးမှာပါ။

ဒါမှမဟုတ် များစွာကျူးလွန်ခဲ့သူလည်း ဖြစ်ချင်ဖြစ်မှာပါ။

ကျူးလွန်ခဲ့တဲ့ သီလတွေကို အာရုံပြုပြီး ငါတို့ဒီဘဝ သီလဖြူစင်သူ ဘယ်လိုလုပ်ဖြစ်နိုင်တော့မှာလဲလို့ မေးနိုင်ပါတယ်။

ဒီအတွက် ဘာမှအားငယ်စရာမလိုပါဘူး။

ဘဝမှာ မသိလို့ဘဲ မှားခဲ့မှားခဲ့၊ သိလို့ပဲမှားခဲ့မှားခဲ့၊ အပြစ်ကို အပြစ်မှန်းသိပြီး နောင်စောင့်စည်းလိုတဲ့စိတ်နဲ့ သီလသိက္ခာပုဒ်တွေကို ပြန်ဆောက်တည်လိုက်ရင် သီလဖြူစင်သူဖြစ်သွားပါတယ်။

စိတ်ထဲမှာလည်း “ငါ သီလဖြူစင်သူဖြစ်သွားပြီ” လို့ ကိုယ့်ကိုယ်ကိုယ် ဝမ်းမြောက်နေရပါ့မယ်။

အဲဒီလိုမှမဟုတ်ဘဲ မှားခဲ့တဲ့အတူတူ မထူးပါဘူးလေဆိုပြီး ဆက်ကာ ဆက်ကာမှားနေမယ်ဆိုရင်တော့



သစ်ပင်ဟာ တစ်ချက် နှစ်ချက်ခုတ်ရုံနဲ့ သိပ်မသိသာလှသေးပေမယ့် ခုတ်တဲ့အချက်ရေများလာရင်တော့ လဲရတော့မှာပါ။ ဒီတော့ ကိုယ်က မလဲခင် သတိ သံဝေဂဖြစ်လိုက်လို့ပါ။

ဝိပဿနာတရားအားထုတ်မယ်ဆိုရင်တော့ ကိုယ့်ကို ကမ္မဋ္ဌာန်းပေးမယ့် ဆရာကလည်း လိုလာပြန်ပါတယ်။ ဒီတော့ ဆရာ ဘယ်လိုရှာမလဲ . . ?။

ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယတွဲမှာ ဆရာရှာပုံကို ပြထားပါတယ်။

ပထမရဟန္တာပုဂ္ဂိုလ်ကို ရှာပါတဲ့။ ရဟန္တာပုဂ္ဂိုလ်မတွေ့ရင် အနာဂါမ် သကဒါဂါမ် သောတာပန်ကို အဆင့်ဆင့်ရှာပါတဲ့။

သောတာပန်ပုဂ္ဂိုလ်ရှာမရရင် ပါဠိအဋ္ဌကထာကျွမ်းကျင်တဲ့ဆရာ စာပေပရိယတ္တိတတ်တဲ့ ဆရာကိုရှာပါတဲ့။

အဲဒီမှာ အဋ္ဌကထာဆရာက မှတ်ချက်ထပ်ပြထားတာ သိပ်သတိထားဖို့ကောင်းပါတယ်။

အရဟန္တာဒယောဟိ အတ္တနာ အဓိဂတမဂ္ဂမေဝ အာစိက္ခန္တိ။ အယံပန ဂဟနပဒေသေ မဟာဟတ္ထိပထံ နီဟရန္တော ဝိယ သဗ္ဗတ္ထအသမ္မူဠ္ဟော သပ္ပါယာသပ္ပါယံ ပရိစ္ဆိန္ဒိတွာ ကထေတိ။ (ပါ-ဋ္ဌ၊ ၃၊ နှာ ၂၂)

အဓိပ္ပါယ်ကတော့ ရဟန္တာပုဂ္ဂိုလ်တွေကတော့ ကိုယ်ရခဲ့တဲ့ တရားလမ်းကြောင်း ကိုယ်အားထုတ်ခဲ့တဲ့ တရားလမ်းကြောင်းကိုသာ ပြောပြနိုင်ပါတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ပါဠိအဋ္ဌကထာကျမ်းကျင်တဲ့ စာတတ်တဲ့ ရဟန်းကတော့ တောရှုပ်ရှုပ်ထဲမှာ ဆင်သွားလမ်းကြီးကို ထုတ်ဆောင်ပြနိုင်သလို အားလုံး အားလုံးသော စကားတွေမှာ မတွေဝေတဲ့အတွက် ဒါကတော့ သင့်လျော်တယ်။ ဒါကတော့ မသင့်လျော်ဘူးလို့ ပိုင်းခြားပြီး ပြောပြနိုင်ပါတယ်တဲ့။

တရားအားထုတ်ချင်တဲ့ ရဟန်းကော လူကော သတိထားသင့်တဲ့ အဋ္ဌကထာဆရာရဲ့ မှတ်ချက်ကလေးပါ။

တကယ်တော့ လူတစ်ယောက်ဘဝမှာ နိဗ္ဗာန်ရဖို့က အဓိကပါ။ ငွေကြေး, ရာထူး ဌာနန္တရတွေ မဟုတ်ပါဘူး။ သီလဟာ နိဗ္ဗာန်အထိပို့ပေးတာဆိုတော့ ဘဝတာဝန်တစ်ခု အနေနဲ့ ဖြည့်ကျင့်ပေးလိုက်ဖို့ပါပဲလေ။

**ကျမ်းကိုး**

၁။ လယ်တီဒီပနီပေါင်းချုပ်၊ စတုတ္ထတွဲ၊ ဥတ္တမပုရိသဒီပနီ။
၂။ မဟာဗုဒ္ဓဝင် ပထမတွဲ၊ ပထမပိုင်း၊ ဒုတိယပိုင်း။
၃။ ဒါနဟူသည် သီလဟူသည်။ (တည်တောဆရာတော်)
၄။ သီလဝတ္ထု၊ (ဓမ္မဒူတဆရာတော်)
၅။ ပါရမီတော်၊ (တိပိဋကအရှင်သုမင်္ဂလာလင်္ကာရ)
၆။ ဗုဒ္ဓ (သို့မဟုတ်) လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်။

**ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း**
**ဖေဖော်ဝါရီ၊ ၂၀၀၇။**



## မြင့်မြတ်သူတို့ရဲ့အလုပ် (၃)
### နေက္ခမ္မပါရမီ

တစ်ခါတုန်းက ရမ္မပြည်မှာ သဗ္ဗဒတ္တမင်းဆိုတာ ရှိပါတယ်။ သဗ္ဗဒတ္တမင်းရဲ့ သားတော်ကြီးက ယုဓိဋ္ဌိလ ပါတဲ့။

တစ်နေ့တော့ ဆောင်းရာသီနံနက်ခင်းတစ်ခုမှာ ယုဓိဋ္ဌိလမင်းသားဟာ ရထားစီးပြီး ဥယျာဉ်ကစားဖို့ ထွက်ခဲ့ပါတယ်။

တစ်နေရာရောက်တော့ သစ်ပင်ဖျား မြက်ဖျား သစ်ခက်ဖျားလေးတွေမှာကပ်ပြီး တွဲခိုနေတဲ့ ဆီးနှင်းပေါက်ကလေးတွေကို မြင်တွေ့ရပါတယ်။ တစ်ခါမှ ဆီးနှင်းပေါက်ကို မမြင်ဖူးတဲ့ မင်းသားက ရထားထိန်းကို “ဒါလေးတွေက ဘာလေးတွေလဲ” လို့ မေးပါတယ်။ ဒီတော့ ရထားထိန်းက ဆီးနှင်းပေါက်ကလေးတွေလို့ ပြောပြပါတယ်။

ဒီလိုနဲ့ ဥယျာဉ်မှာ တစ်နေ့လုံး ကစားရင်း ညနေချမ်းပြန်လာတဲ့အခါ အလာတုန်းက ဆီးနှင်းပေါက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တွေ တွေ့ခဲ့ရတဲ့ နေရာရောက်တော့ အမှတ်တရရှိတာနဲ့ "မနက်က တွေ့ခဲ့တဲ့ ဆီးနှင်းပေါက်လေးတွေကော"လို့ မေးပြန်ပါတယ်။

ဒီတော့ ရထားထိန်းက "အရှင်မင်းသား . . နေထွက်လာရင် ဆီးနှင်းပေါက်လေးတွေဟာ ပျက်စီးပြီး မြေကို ကျသွားရပါတယ်"လို့ ပြန်ဖြေပြပါတယ်။

ရထားထိန်းရဲ့ စကားကြားလိုက်ရတော့ ယုဓ္ဌယ မင်းသားဟာ တော်တော်ထိတ်လန့် တုန်လှုပ်သွားပါတယ်။ ပြီးတော့ တဆက်တည်းပဲ "သတ္တဝါတွေရဲ့ အသက်ဟာလည်း မြက်ဖျားက ဆီးနှင်းပေါက်တွေလိုပဲ၊ ငါဟာ အိုနာ သေ မရောက်ခင် တောထွက်မှပဲ"လို့ ဆင်ခြင်ရင်း သံဝေဂ ဉာဏ်ဖြစ်သွားပါတယ်။

ပြီးတော့ မိဘတွေကိုပန်ကြားပြီး တောထွက်သွားပါတော့တယ်။

(ငါးရာ့ငါးဆယ်၊ ယုဓ္ဌယဇာတ်)

အလောင်းတော်မြတ်တွေဟာ သက်ရှိသက်မဲ့တွေရဲ့ မမြဲတဲ့သဘောတရားတွေကို ကိုယ့်ခန္ဓာကိုယ်နဲ့ယှဉ်ပြီး သံဝေဂဉာဏ်ဖြစ်လေ့ရှိပါတယ်။

တကယ်တော့ ဘဝဆိုတာ ဆောင်းမနက်ခင်းက မြက်ဖျားနှင်းလေးတွေလိုပါပဲ။ နေရောင်လာရင် ပျောက်ကြရမှာပါ။ မတည်မြဲတဲ့ တကယ့်ခဏလေးရယ်ပါ။

ဒီမမြဲတဲ့ ခဏသောဘဝလေးမှာ ဘဝကို ဘယ်လို



နေသွားမလဲ . . ?။

ကိုယ့်ရဲ့ ခဏသော ဘဝလေးမှာ ပါရမီလေးတွေ ပါပါနေဖို့ပါပဲ။

ပါရမီဆိုတဲ့ စကားလုံးလေးက သိပ်လှတာပါ။ ပါရမီဆိုတဲ့ စကားလုံးလေး တွေးမိလိုက်တယ်ဆိုရင်ပဲ မကောင်းတဲ့ အကုသိုလ်လေးတွေက ကိုယ့်ကိုခွာဖို့ ပြင်ဆင်နေကြပါပြီ။ ကိုယ့်ရင်ထဲမှာ ပါရမီကလေးတွေ ရောက်လာတာနဲ့ အကုသိုလ်လေးတွေလည်း ဝေးရာကို ထွက်ခွာသွားကြပါပြီ။

ပါရမီဓာတ်ကလေးတွေ ကိုယ့်ရင်ထဲရောက်နေတဲ့ အချိန်မှာ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ဖြစ်လိုက်ရင် သိပ်ကြည်ညိုဖို့ကောင်းတာပါ။

တတိယပါရမီက နေက္ခမ္မပါရမီပါ။

ဒီနေရာမှာ မင်းကွန်းဆရာတော်ဘုရားကြီးက နေက္ခမ္မပါရမီကို နိက္ခမပါရမီလို့မသုံးဖို့ အထူးမှာထားပါတယ်။

နိက္ခမဟာ ထွက်မြောက်သောသူ လူဒြပ်ကိုဟောပြီး ပါရမီမဖြစ်နိုင်ပါဘူးတဲ့။ လွတ်မြောက်ခြင်းသဘောတရားသာ ပါရမီဖြစ်နိုင်တဲ့အတွက် နေက္ခမ္မလို့ပဲ ခေါ်သင့်ပါတယ်တဲ့။ ဒါလည်း ပူးတွဲမှတ်သားစရာ ဗဟုသုတတစ်ခုပါ။

နေက္ခမ္မရဲ့အနက်က ထွက်မြောက်ခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးရွှေအောင်ကတော့ ဆွဲဆောင်မှုများမှ ရုန်းထွက်ခြင်းလို့ ပြန်ပြထားပါတယ်။

လိုရင်းကတော့ ကာမကနေ ထွက်မြောက်တာ၊ ကာမကနေ ရုန်းထွက်တာပါပဲ။

ဒီကာမတွေကနေ လွတ်မြောက်အောင်လုပ်တာဟာ နေက္ခမ္မပါရမီကို ဖြည့်ကျင့်တာပါပဲ။

နေက္ခမ္မပါရမီလို့ ပြောလိုက်ရင် တော်တော်များများက တောထွက်သွားတာလို့ ပြေးပြေးမြင်လိုက်ကြမှာပါ။ ဇာတ်ဝတ္ထုထဲမှာလည်း နေက္ခမ္မပါရမီကိုဖြည့်ဖို့ သက်ရှိသက်မဲ့အရာအားလုံးကိုစွန့်ပြီး တောထွက်သွားကြတဲ့ သာဓကဝတ္ထုတွေ အများကြီးရှိနေလို့ပါ။

နေက္ခမ္မပါရမီနဲ့ပတ်သက်လို့ လယ်တီဆရာတော်ဘုရားကြီးရဲ့ ဥတ္တမပုရိသဒီပနီထဲက စာသားလေးကို အရင်အာရုံပြုထားလိုက်တာက ပိုကောင်းပါတယ်။

(၃) နိက္ခမဆိုသည်ကား – တရားကိုယ်အားဖြင့် အလောဘပြဓာန်းသော ကုသိုလ်တည်း၊ ထို့ကြောင့် အိမ်၌ပင်နေသော်လည်း တဏှာ ရာဂ လောဘဖြစ်တတ်သော အာရုံဝတ္ထုကိုသိ၍ အသုဘမနသိကာရ ပဋိကူလမနသိကာရများကို နှလုံးထား၍ လောဘကို ပယ်ရှား၍ နေသောအခါ နိက္ခမကုသိုလ်ဖြစ်၏။

ထို့ထက်စွမ်းနိုင်ပါလျှင် အာရုံကင်းရှင်းရာသို့ ထွက်၍ ထို့ထက်တတ်နိုင်ပါလျှင် ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်သောလူသူတော် ရသေ့သူတော် ပရိဗိုဇ်သူတော်အဖြစ်သို့ ရောက်အောင်ထွက်၍ ထို့ထက်တတ်နိုင်ပါမူ သာမဏေအဖြစ် ရဟန်းအဖြစ်တိုင်အောင်ထွက်၍ ထို့ထက်တတ်နိုင်ပါမူ ပထမဈာန်ကိုရသော ဈာနလာဘီအဖြစ်သို့ ရောက်အောင်ထွက်၍ ထို့ထက်တတ်နိုင်ပါမူ အနာဂါမ် အရိယာအဖြစ်သို့ ရောက်အောင်ထွက်၍ လောဘတရားကို ပယ်ရှားမှုသည် နိက္ခမကုသိုလ် ချည်းပေတည်း။

(လယ်တီဒီပနီပေါင်းချုပ်၊ စတုတ္ထတွဲ၊ နှာ – ၃၈၃၊ ၃၈၄)



ဆရာတော်ဘုရားကြီးရဲ့ စာပိုဒ်ကလေးကို အတွေးနဲ့ ချဲ့ပြီးပူဇော်ကြည့်ရအောင်ပါ။

လူတစ်သောင်းမှာ ကိုးထောင်ကိုးရာကိုးဆယ့်ကိုးယောက်လောက်က မိသားစုသံယောဇဉ်လေးတွေနဲ့ဆိုတော့ ဒီအာရုံတွေက ယတိပြတ် ရုန်းထွက်ဖို့ဆိုတာမလွယ်လှပါဘူး။

တောထွက်ပြီး အဆင့်မြင့် နေက္ခမ္မပါရမီကို မဖြည့်ကျင့်နိုင်သေးရင်တောင် မိသားစုအသိုင်းအဝိုင်းလေးထဲမှာပဲ နေက္ခမ္မပါရမီကို ဖြည့်ကျင့်တဲ့ နည်းလေးတွေရှိပါတယ်။

နေက္ခမ္မပါရမီရဲ့သဘောက လောဘစတဲ့ အကုသိုလ်တရားတွေ ကိုယ့်သန္တာန်မှာ မရှိအောင် လုပ်တာပါ။

ဒီသဘောလေးကို အာရုံပြုပြီး ဥပမာ – မိသားစုအတွက် ဟင်းချက်နေတယ်ဆိုပါစို့။ ဟင်းချက်နေဆဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်ကလေးကို သတိကပ်ထားလိုက်ရင် ကိုယ့်သန္တာန်မှာ လောဘစတဲ့ အကုသိုလ်တွေ ကင်းနေတာပါ။ ကိုယ့်သန္တာန်မှာ လောဘစတဲ့ အကုသိုလ်တွေ ကင်းနေအောင် လုပ်နေတဲ့အတွက် ဒါဟာ မီးဖိုချောင်ထဲကနေ နေက္ခမ္မပါရမီကို ဖြည့်ကျင့်နေတာပါ။

ဒီလိုပါပဲ။ ဈေးထဲမှာ ဈေးဆိုင်ဖွင့်ထားတယ် ဆိုပါစို့။ ဈေးဝယ်သူမလာခင် ဝင်လေထွက်လေ၊ ဖောင်းတယ် ပိန်တယ်စသည်ဖြင့် ကိုယ်အားထုတ်နေကျ ကမ္မဋ္ဌာန်းလေးကို မှတ်နေမယ်၊ ဒါမှမဟုတ် ဂုဏ်တော်လေးကို ပွားနေမယ်၊ ဈေးဝယ်တဲ့သူလာတဲ့အခါမှာလည်း ဈေးဝယ်သူက ဈေးမေးလိုက်တဲ့စကားသံလေးကို သတိကပ်ထားလိုက်မယ်၊ ကိုယ်က ပြန်ပြောလိုက်တာလေးကိုလည်း သတိကပ်ထားလိုက်မယ်။ ဈေးဝယ်သူကို ပစ္စည်းပေးလိုက်တာ၊ သူပေးတဲ့ ငွေကို ယူလိုက်တာ၊ ငွေပြန်အမ်းလိုက်တာ၊ ကျေးဇူးတင်ကြောင်းပြန်ပြောလိုက်တာစသည်ဖြင့် ကိုယ့်ရဲ့ကိုယ်အမူအရာတိုင်း၊ နှုတ်အမူအရာတိုင်း၊ စိတ်အမူအရာတိုင်းမှာ သတိလေးတွေ ကပ်ကပ်ထားနိုင်မယ်ဆိုရင်လည်း ဈေးရောင်းရင်း နေက္ခမ္မပါရမီကို ဖြည့်ကျင့်နေတာပါပဲ။

နေက္ခမ္မပါရမီကိုဖြည့်ဖို့အတွက် အဓိကကတော့ သတိပါပဲ။ ကိုယ့်ရဲ့အမူအရာလေးတွေမှာ လိုက်လိုက်ပြီး သတိ ကပ်ကပ်ထားဖို့ပါ။ မြန်မာလိုပြောရင်တော့ အလုပ်တိုင်း အလုပ်တိုင်းမှာ လိုက်လိုက်သိနေဖို့ပါ။



အိမ်ကထွက်တဲ့အခါ၊ ကားပေါ်တက်တဲ့အခါ၊ ကားစီးတဲ့အခါ၊ ကားမောင်းတဲ့အခါ၊ ရုံးမှာအလုပ်လုပ်တဲ့ အခါ၊ တယ်လီဖုန်းနားထောင်တဲ့အခါ၊ ထမင်းစားတဲ့အခါ၊ ကော်ဖီသောက်တဲ့အခါစသည်ဖြင့် ကိုယ့်ရဲ့အလုပ်ကလေးတွေမှာ သတိကပ်ထားဖို့ပါပဲ။

အိမ်မှာအချိန်ကလေးသတ်မှတ်ပြီး နာရီဝက်ဖြစ်စေ၊ တစ်နာရီဖြစ်စေ ကမ္မဋ္ဌာန်းတစ်ခုခုကို ပွားများနေတာလည်း နေက္ခမ္မပါရမီဖြည့်ကျင့်နေတာပါ။

ဒီထက်မက အချိန်ပေးနိုင်တယ်ဆိုရင်တော့ ရိပ်သာတစ်ခုခုမှာ ဆယ်ရက်ဖြစ်ဖြစ် တစ်လဖြစ်ဖြစ် ကိုယ်နှုတ် စိတ်ကို အထူးစောင့်စည်းပြီး သတိပဋ္ဌာန်ဝိပဿနာရှုမှတ်နေတာလည်း နေက္ခမ္မပါရမီဖြည့်ကျင့်နေတာပါပဲ။

နေက္ခမ္မပါရမီဆိုတာ ကိုယ်လုပ်နေကျ အလုပ်တွေလုပ်ရင်းပဲ ဖြည့်ကျင့်လို့ရတယ်။ မီးဖိုချောင်ထဲကနေ နေက္ခမ္မပါရမီ ဖြည့်ကျင့်လို့ရသလို ဈေးထဲ အလုပ်ထဲကလည်း နေက္ခမ္မပါရမီကို ဖြည့်ကျင့်လို့ရတယ်ဆိုတာ ကိုယ်က သဘောပေါက်ထားဖို့ပါ။

နောက်တစ်ခုက ကိုယ့်ဆီကိုရောက်လာတဲ့ အကုသိုလ်တွေကို ခွာထုတ်ပစ်တာ၊ အကုသိုလ်တွေကနေ ရုန်းထွက်နိုင်တာဟာလည်း နေက္ခမ္မပါရမီကို ဖြည့်ကျင့်လိုက် တာပါ။ လူဆိုတာ ပတ်ဝန်းကျင်နဲ့နေနေရတာပါ။ ဒီတော့ ပတ်ဝန်းကျင်ကို အမှီပြုပြီး အကုသိုလ်တွေကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်ဝင်လာတတ်ပါတယ်။

ဥပမာ – တစ်စုံတစ်ယောက်က ကိုယ့်ကို နစ်နစ်နာနာ ပြောဆိုလိုက်မယ်။ သူ့ရဲ့ပြောဆိုမှုကို အခြေခံပြီး ကိုယ့်ရင်ထဲမှာ ဒေါသတွေရောက်လာမယ်။ အဲဒီရောက်လာတဲ့ ဒေါသကို ဝိပဿနာရှုမှတ်ပြီး ခွာထုတ်ပစ်လိုက်တာလည်း နေက္ခမ္မပါရမီကို ဖြည့်ကျင့်လိုက်တာပါ။

ဆိုလိုရင်းက ကိုယ့်ဆီကိုရောက်လာတဲ့ ဒေါသ ဣဿာမစ္ဆရိယစတဲ့ အကုသိုလ်တရားတွေကို ခွာထုတ်ပစ်တာ၊ အကုသိုလ်တရားတွေကနေ ရုန်းထွက်တာပါ။

ပတ်ဝန်းကျင်မှာ လူမျိုးစုံရှိနေတာဆိုတော့ လူမျိုးစုံကို အမှီပြုပြီး ကုသိုလ်မျိုးစုံ အကုသိုလ်မျိုးစုံက အချိန်မရွေး ဝင်ဝင်လာနိုင်ပါတယ်။ အကုသိုလ်တွေ ဘယ်လိုအကြောင်းကြောင့်ပဲ ဝင်လာဝင်လာ ကိုယ်ကခွာထုတ်နိုင်ရမယ်။ ရုန်းထွက်နိုင်ရပါမယ်။

နောက်နေက္ခမ္မပါရမီရဲ့သဘောတစ်ခုက ပရဟိတလုပ်တဲ့အခါမှာ တစ်စုံတစ်ရာ လောကီကျိုးကို မမျှော်လင့်ရပါဘူး။ အများအကျိုးအတွက်ကိုပဲ ကိုယ့်စိတ်က ရှေးရှုနေရပါမယ်။

လူတိုင်း လူတိုင်း ပရဟိတနဲ့ ဘယ်သူမှ မကင်းကြပါဘူး။ ဒီတော့ ပရဟိတလုပ်တဲ့အခါ ကိုယ်သဘောမကျတဲ့ အာရုံတွေ တွေ့ချင်တွေ့နိုင်ပါတယ်။ အဲဒီလိုတွေ့ရတဲ့အခါ ဘုရားအလောင်းစိတ်ဓာတ်ကို ရင်ထဲကို အစဉ်သဖြင့်



ထည့်ထားရမှာပါ။

ဘုရားအလောင်းတော်မြတ်ဟာ အများအကျိုးအတွက်ပဲ စိတ်ထဲမှာ ရှေးရှုထားပါတယ်။ ဒီအတိုင်းပါပဲ။ ပရဟိတလုပ်လို့ ကိုယ့်သဘောမကျတဲ့ အာရုံတွေတွေ့တိုင်း ဘုရားအလောင်းစိတ်ဓာတ်ကိုပြန်မွေးပြီး အလှူခံပုဂ္ဂိုလ်ရဲ့ အကျိုးကိုပဲ ငဲ့ထားရမှာပါ။ သူတို့က ဘယ်လိုဖောက်ပြန်တဲ့ အမူအရာမျိုးပဲပြပြ သူတို့အကျိုးကိုပဲ ကိုယ်ကအာရုံပြုထားလိုက်ရုံပါပဲ။ ဒါဆို ကိုယ့်ရဲ့ပရဟိတကုသိုလ်အပေါ် စိတ်မပျက်တော့ပါဘူး။

ဒီတော့ ပရဟိတအလုပ်တွေ လုပ်တဲ့အခါမှာလည်း နေက္ခမ္မပါရမီက တွဲတွဲပါနေရပါတယ်။ နေက္ခမ္မပါရမီပါမှလည်း ကိုယ့်ရဲ့ပရဟိတအလုပ်က အောင်မြင်တာပါ။

လိုရင်းကတော့ အများအကျိုးကို ရှေးရှုထားပြီး တစ်စုံတရာ လောကီကျိုးကို မတောင့်တဖို့ပါပဲ။

လောကဓံဆိုးတစ်ခုခု ကြုံလာရတဲ့အခါ ဘာမှ စိတ်ဆင်းရဲနေစရာ မလိုပါဘူး။ အားငယ်နေစရာလည်း မလိုပါဘူး။ အားကိုးစရာ မြတ်စွာဘုရားရဲ့တရားတော်တွေ ရှိပြီးသားပါ။ ကုသိုလ်ရဲ့သတ္တိက ကောင်းကျိုးကိုဖြစ်စေပါတယ်။ ဆိုးကျိုးကို ခွာစေပါတယ်။ အကုသိုလ်ရဲ့သတ္တိက ဆိုးကျိုးကိုဖြစ်စေပါတယ်။ ဒီသဘောလေးကို အာရုံပြုပြီး ကုသိုလ်တွေ စုံနိုင်သမျှ စုံအောင် ကုသိုလ်တွေ ဆက်နိုင်သမျှ ဆက်နေအောင် ပြုပေးနေလိုက်ရင် ဆိုးကျိုးတွေ ခွာခွာ

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ကောင်းကျိုးတွေ ဝင်ဝင်လာတော့မှာပါ။

သူကမှန်မှန်၊ ကိုယ်မှန်မှန်။ သူကမှားမှား၊ ကိုယ်မှားမှား ကုသိုလ်နဲ့သာ ဖြေရှင်းပစ်လိုက်စမ်းပါ။ ဒါဆိုရင် ကိုယ်တောင် မျှော်လင့်မထားတဲ့ အကောင်းဆုံး ရလဒ်တွေ ကိုယ့်ဆီကိုရောက်လာပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘဲ အကုသိုလ်တွေနဲ့ သွားဖြေရှင်းလိုက်မယ် ဆိုရင်တော့ ကိုယ့်မျှော်လင့်မထားတဲ့ ဆိုးကျိုးရလဒ်တွေ ဝင်လာတော့မှာပါ။

မျက်နှာက သုံးမျိုးရှိပါတယ်။

အေးတဲ့မျက်နှာရယ်၊ ပူတဲ့မျက်နှာရယ်၊ မပူမအေး မျက်နှာရယ်ပါ။

တချို့များ မျက်နှာမြင်လိုက်ရရင်ပဲ သူ့မျက်နှာမှာ အအေးဓာတ်က အထင်းသားပေါ်နေတာပါ။ မျက်နှာက ကြည်နေတာပါ။ သူတင်လားဆိုတော့ မဟုတ်ပါဘူး။ မြင်ရတဲ့သူရဲ့ရင်ထဲကိုပါ အေးသွားတာပါ။

ကုသိုလ်တွေ ရင်ထဲမှာပြည့်နေမယ်၊ စိတ်ထားလေးတွေ ကောင်းနေမယ်ဆိုရင် အေးတဲ့မျက်နှာကို ရနေတာပါ။ တွေ့ဖူးကြမှာပါ။

တချို့ကျတော့ မျက်နှာမြင်လိုက်ရတာနဲ့ သူ့မျက်နှာမှာ အပူဓာတ်က အထင်းသားပေါ်နေတာပါ။ မြင်ရတဲ့သူ ရင်ထဲကိုတောင် ပူချင်ပူသွားတာပါ။

အကုသိုလ်တွေ ရင်ထဲမှာပြည့်နေမယ်၊ စိတ်ထားလေးတွေ ညံ့နေမယ်ဆိုရင် ပူတဲ့မျက်နှာကို ရနေတာပါ။



စကားလုံးလှလှတွေ အမူအရာကောင်းကောင်းတွေနဲ့ ဘယ်လောက်ပဲ ဟန်ဆောင်ထားနိုင်ပေမယ့် မျက်နှာမှာတော့ ညာလို့မရပါဘူး။ အကုသိုလ်သိပ်များနေတဲ့ သူရဲ့ မျက်နှာဟာ ကြည်ကြည်လင်လင်ကို မရှိပါဘူး။ မျက်နှာကြည့်ရုံနဲ့ သိပ်သိသာပါတယ်။ ရုပ်လှတာ မလှတာ၊ အသားဖြူတာ မဖြူတာနဲ့လည်း မဆိုင်ပါဘူး။ မျက်နှာမှာကို အပူဓာတ်က သိသာပေါ်လွင် နေတာပါ။

အကောင်းဆုံး အလှပြင်ဆိုင်ကိုသွားပြီး အကောင်းဆုံး ပြင်ထားဦးတော့၊ ရင်ထဲမှာ အကုသိုလ်တွေရှိနေရင် စိတ်ထားတွေညံ့နေရင် အပူမျက်နှာပဲဖြစ်နေမှာပါ။ အအေးမျက်နှာကို မရနိုင်ပါဘူး။

တချို့ကျတော့ တစ်ခါတလေ ကုသိုလ်စိတ်ဖြစ်လိုက်၊ တစ်ခါတလေ အကုသိုလ်စိတ်ဖြစ်လိုက်၊ စိတ်ထားကောင်းလိုက်၊ စိတ်ထားညံ့လိုက်နဲ့ပါ။ အဲဒီလိုလူမျိုးရဲ့ မျက်နှာကျတော့ မပူမအေးမျက်နှာပါ။

စာဖတ်သူကော မျက်နှာသုံးမျိုးထဲက ဘယ်မျက်နှာမျိုးထဲမှာပါပါသလဲ ?

( . . . . . . . . . . . )

စာရေးသူကတော့ တစ်ခါတလေ အေးတဲ့မျက်နှာဖြစ်လိုက်၊ တစ်ခါတလေ ပူတဲ့မျက်နှာဖြစ်လိုက်နဲ့ပါ၊ ပူတဲ့မျက်နှာရနေပြီဆိုရင် ကိုယ့်ကိုယ်ကိုယ်ကို ညှိနေတာပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့တွေများဆို ပရိသတ်နဲ့ကို မတွေ့ချင်ပါဘူး။ အားနာလို့ပါ။ တွေ့ဖြစ်ခဲ့ရင်လည်း အဆင်မပြေ ဖြစ်တတ်လွန်းလို့ပါ။ အအေးမျက်နှာရနေပြီဆိုရင်တော့ ဘယ်သူနဲ့ပဲ ဆက်ဆံ ဆက်ဆံ အစစအရာရာ အဆင်ပြေနေတတ်ပါတယ်။

အမှန်တော့ ကိုယ့်မျက်နှာကို ရေချိုးခန်းထဲမှာ တံခါးပိတ်ပြီး သေချာကြည့်ရင် သိသာပါတယ်။ တကယ်လို့ ကိုယ့်မျက်နှာက ပူတဲ့မျက်နှာဖြစ်နေရင် ဘာမှအားငယ်စရာ မလိုပါဘူး။ အေးတဲ့မျက်နှာဖြစ်အောင် ပြုပြင်ယူလို့ ရပါတယ်။ ကိုယ်က အေးတဲ့မျက်နှာ ရှိချင်တဲ့သူဖြစ်ဖို့ပဲ လိုပါတယ်။

အေးတဲ့မျက်နှာဖြစ်ဖို့အတွက် လွယ်တဲ့ကမ္မဋ္ဌာန်း တစ်ခုခုကို အမြဲနှလုံးသွင်းနေလိုက်ရုံပါပဲ။

ဒီနေရာမှာ လွယ်တဲ့ကမ္မဋ္ဌာန်းလို့ပဲ သုံးပါတယ်။ ခက်တဲ့ကမ္မဋ္ဌာန်းလို့ မသုံးပါဘူး။ ခက်ရင် မလုပ်ဖြစ်မှာ စိုးလို့ပါ။

ဥပမာ – နမောတဿကို အချိန်များများ ပွားနေလိုက်မယ်ဆိုရင်လည်း ရပါတယ်။ ထမင်းချက်ရင်းလည်း ပွားလို့ရတာပါပဲ။ ဈေးရောင်းရင်းလည်း ပွားလို့ရတာပါပဲ။ ဈေးဝယ်ရင်းလည်း ပွားလို့ရတာပါပဲ။ သွားရင်းလာရင်းလည်း ပွားလို့ရနေတာပါပဲ။ နောက်ဆုံး ရေချိုးခန်းဝင်ရင်းလည်း ပွားလို့ရနေတာပါ။



တစ်ခါတလေမကောင်းတဲ့စိတ်တစ်ခုခုများဝင်ခဲ့ရင် ချက်ချင်းပဲ နမောတဿကို ဆယ်ခေါက်လောက် ပွားပစ်လိုက်ပါ။ မကောင်းတဲ့စိတ်ဝင်လိုက်တာနဲ့ နမောတဿ ပွားလိုက်၊ မကောင်းတဲ့စိတ်ဝင်လိုက်တာနဲ့ နမောတဿ ပွားလိုက်နဲ့ ကြာလာတော့ မကောင်းတဲ့အကုသိုလ်စိတ်ဝင်မှုတွေ လျော့သွားပါလိမ့်မယ်။ မကောင်းစိတ်တွေ လျော့လျော့သွားရင် မျက်နှာက အပူဓာတ်ကပါ လျော့လျော့သွားတာပါ။ ပွားရင်း ပွားရင်းနဲ့ အအေးဓာတ်က မျက်နှာမှာ ပေါ်လာတာပါ။ အဲဒီအခါမှာ မှန်ထဲပြန်ကြည့်ရင် အအေးဓာတ်နဲ့ ကိုယ့်မျက်နှာကို ကျေကျေနပ်နပ်နဲ့တွေ့ရတော့မှာပါ။

ပွားစမှာတော့ အအေးမျက်နှာကို ချက်ချင်းရဦးမှာ မဟုတ်ပါဘူး။ ပွားတဲ့အထုံရက်ကလေး ကြာလာမှ ရလာမှာပါ။ ကိုယ်က အလုပ်တစ်ခုအနေနဲ့ ပွားနေဖို့ပါပဲ။ အအေးဓာတ်မျက်နှာရသွားပြီဆိုရင် နေရထိုင်ရတာကအစ ပေါ့ပေါ့ပါးပါးကို ရှိသွားတော့တာပါ။

လောကသဘောအရ အေးတဲ့မျက်နှာရှိတဲ့သူကိုပဲ လူတွေက ဆက်ဆံချင်ကြတာပါ။ ပူတဲ့မျက်နှာရှိတဲ့သူကို အလုပ် သဘောအရ ဆက်ဆံရဦးတော့ မဆက်ဆံချင်ကြပါဘူး။ ကိုယ်က ဒီအကျိုးအပြစ်လေးတွေကို အာရုံပြုပြီး အေးတဲ့မျက်နှာဖြစ်အောင် အသိနဲ့ ပြုပြင်ယူရမှာပါ။ ပုထုဇဉ်တွေဆိုတော့လည်းပဲ အမြဲတမ်း အေးတဲ့မျက်နှာဖြစ်နေဖို့ ဆိုတာမလွယ်ပါဘူး။ တစ်ခါတလေ ဒေါသကြောင့်ပဲဖြစ်ဖြစ်၊

www.burmeseclassic.com

www.burmeseclassic.com



ဣဿာမစ္ဆရိယကြောင့်ပဲဖြစ်ဖြစ် ကိုယ့်ရဲ့မျက်နှာက ပုတ်ပဲ့မျက်နှာဖြစ်သွားတတ်ပါတယ်။ ကိုယ့်မျက်နှာပြောင်းလဲသွားပြီဆိုတာနဲ့ ကိုယ်က သိလိုက်ဖို့ပါပဲ။ သိပြီးရင် ပြုပြင်ပြုပြင်ယူသွားဖို့ပါ။

ကိုယ်က အေးတဲ့မျက်နှာကို ရထားရင် အနုပညာအလုပ်ပဲလုပ်လုပ်၊ ဈေးပဲရောင်းရောင်း၊ စာပဲသင်သင်၊ ဆိုက္ကားပဲနင်းနင်း၊ ဘာစီးပွားရေးပဲလုပ်လုပ် ကိုယ့်ရဲ့အလုပ်ကို အအေးမျက်နှာက အထောက်အပံ့တွေပေးနေတာပါ။

ဘာပဲပြောပြော ရင်ထဲမှာ အကုသိုလ်စိတ်တွေ ဖြစ်မနေအောင် လွယ်ကူတဲ့ကမ္မဋ္ဌာန်းတစ်ခုခုကို အမြဲနှလုံးသွင်းနေဖြစ်ရင် အအေးမျက်နှာကို ရနေတာပါပဲလေ။

တကယ်တော့ ဇနီး ခင်ပွန်း သား သမီး ရာထူး အာဏာ ငွေကြေး အရာအားလုံးဟာ ဘာမှမမြဲပါဘူး။ မမြဲတဲ့ သဘောတရားတွေကို မမြဲဘူးလို့ ကိုယ်ကသိလိုက်ဖို့ပါပဲ။

အဲဒီ မမြဲတာတွေကိုပဲ အမှီပြုပြီး လောဘ ဒေါသ ဣဿာမစ္ဆရိယဖြစ်နေတာကကို သိပ်ပြီးရှက်ဖို့ ကောင်းတာပါ။ ပြီးတော့ သေရင်ကိုယ့်နောက်ပါမှာ ကျနေတာပါပဲ။

မမြဲတဲ့ သဘောတရားကို သိတတ်တဲ့ဉာဏ်ဓာတ်ဟာ နောက်ဘဝ နောက်ဘဝတွေအထိလည်း အထုံဓာတ်အဖြစ် ပါသွားမှာပါ။ နောက်ဘဝ နောက်ဘဝတွေမှာလည်း အထုံဓာတ်ကပါလာတာဆိုတော့ မမြဲတဲ့သဘောတရားတွေကို သတိ ဉာဏ်ပွင့်ပြီး နောက်ဘဝ နောက်ဘဝတွေမှာလည်း



တရားတွေ အားထုတ်ဖြစ်ရ ဖြစ်ရဦးမှာပါ။

နောက်ဘဝ နောက်ဘဝတွေမှာလည်း တရားတွေ အားထုတ်ဖြစ်ပြီး နေက္ခမ္မပါရမီကိုလည်း ဆင့်ကာဆင့်ကာ ဖြည့်ကျင့် နေဖြစ်ဦးမှာပါ။ နေက္ခမ္မပါရမီတွေ ဖြည့်ရင်း ဖြည့်ရင်းနဲ့ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်လာပြီး ပါရမီတွေ ပြည့်လာတဲ့အခါ ဘဝရဲ့ တကယ့်ပန်းတိုင်ဖြစ်တဲ့ မဂ်ဖိုလ် နိဗ္ဗာန်ကို ရောက်ရှိသွားတော့မှာပါပဲလေ။

**ကျမ်းကိုး**

၁။ လယ်တီဒီပနီပေါင်းချုပ်၊ စတုတ္ထတွဲ၊ ဥတ္တမပုရိသဒီပနီ။
(လယ်တီဆရာတော်)

၂။ မဟာဗုဒ္ဓဝင် ပထမတွဲ၊ ပထမပိုင်း။
(တိပိဋကမင်းကွန်းဆရာတော်)

၃။ ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေ။
(အရှင်ဇနကာဘိဝံသ)

၄။ ထွက်မြောက်ခြင်းဟူသည်။
(တည်တောဆရာတော်)

၅။ ဗုဒ္ဓ (သို့မဟုတ်) လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်။
(ဆရာကြီးဦးရွှေအောင်)

**ရုပ်ရှင်တေးကဗျာမောင်ဇင်း**
**မတ်လ ၂၀၀၇။**

www.burmeseclassic.com

www.burmeseclassic.com



ဒါနကိုပါရမီမြောက်အောင်ပြုဖို့အတွက် အင်္ဂါဘယ်နှစ်ပါး ရှိပါသလဲ...

?

အဖြေ = စာမျက်နှာ - ၁၄



## မြင့်မြတ်သူတို့ရဲ့အလုပ် (၄)
### ပညာပါရမီ

ကိုယ်ကျိုးပဲလုပ်လုပ်၊ အများအကျိုးပဲလုပ်လုပ်၊ လောကီကျိုးပဲလုပ်လုပ်၊ လောကုတ္တရာကျိုးပဲလုပ်လုပ်၊ ဒါနပဲပြုပြု၊ သီလပဲဆောက်တည်ဆောက်တည်၊ သမထ ဝိပဿနာပဲပွားပွား ပညာပါပါမှ ထိရောက်မြန်ဆန် ကျယ်ပြန့်မှုရှိပါတယ်။ ပညာမပါရင် နှောင့်နှေးကြန့်ကြာနေတတ်ပါတယ်။

အများအကျိုးဆောင်ရွက်တာချင်းတူဦးတော့ ပညာပါတဲ့သူရဲ့ ဆောင်ရွက်မှုကပိုပြီး ထိရောက်ပါတယ်။ ဒါကို ထောက်ပြီး ပညာတတ်ဖို့လည်း လိုလာပြန်ပါတယ်။

ပညာဆိုတဲ့နေရာမှာလောကီပညာနဲ့လောကုတ္တရာပညာဆိုပြီး နှစ်မျိုးထွက်ပါလိမ့်မယ်။

လောကီပညာဆိုတဲ့ နေရာမှာလည်း တော်တော်များများကဘွဲ့ဒီဂရီကိုပဲ ပြေးမြင်ကြပါတယ်။ တကယ်တော့ ဘွဲ့ဒီဂရီတင်မကပါဘူး။ လယ်တီဆရာတော်ဘုရားက

www.burmeseclassic.com

www.burmeseclassic.com



အပြစ်မရှိတဲ့ အသက်မွေးမှုမှာ ကျေးဇူးများတဲ့ အတတ်ပညာအားလုံးကို ယူရမယ်လို့ ဥတ္တမပုရိသဒီပနီမှာ ဆိုထားပါတယ်။ ဒါကြောင့် စက်ချုပ်ပညာ၊ ပန်းထိုးပညာကအစ ယူရပါမယ်။

ဒီတော့ ပညာပါရမီကို ဘယ်လိုဖြည့်မလဲ . . . ?

ဒါနဲ့ပတ်သက်လို့ ကျေးဇူးတော်ရှင်အရှင်ဇနကာဘိဝံသရဲ့ ရုပ်စုံဗုဒ္ဓဝင် အမေးအဖြေစာအုပ်ထဲက အမေးအဖြေလေးကို အရင်အာရုံပြုကြည့်ရအောင်ပါ။

**ပညာဖြစ်ပုံ၊ နည်းမျိုးစုံ၊ ကုန်အောင် ဘယ်သို့ ဖြည့်သနည်း။**

**တတ်အောင်လည်းသင်၊ တတ်ပြီးလျှင်လည်း၊ ပင်ကိုဉာဏ်ဖြင့်၊ ထပ်ကာဆင့်၍၊ အသင့်ပွားတိုး၊ များအကျိုး၊ သယ်ပိုးဆောင်၍ ဖြည့်သတည်း။**

ပညာပါရမီဖြည့်ရာ၌ ပထမ တတ်သိနားလည်အောင် သင်ရ၏။ တတ်ပြီးသောအခါ မိမိပင်ကိုဉာဏ်ဖြင့် တစ်ဆင့်တိုးအောင် ကြံစည်စဉ်းစားရ၏။ ထိုသို့ တတ်သိနားလည်ထားသောပညာကို သူတစ်ပါးတတ်အောင် သင်ပြမှု၊ ထိုပညာဖြင့် အများအကျိုးရှိအောင် ရွက်ဆောင်မှုကို ပြုရလေသည်။

(ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေ – နှာ – ၂၄)

ပညာပါရမီကိုဖြည့်ကျင့်တဲ့နေရာမှာ ကိုယ်တတ်



ထားတဲ့ပညာနဲ့ အများအကျိုးကို ဆောင်ရွက်နိုင်ပါမှ ပညာပါရမီ မြောက်တာပါ။

အများအကျိုးဆောင်ရွက်နိုင်ဖို့အတွက် ပညာတတ်ဖို့ကလည်း လိုလာပြန်ပါတယ်။ ပညာကလည်း ဒီအတိုင်း ထိုင်နေလို့ တတ်မှာမဟုတ်ပါဘူး။ တတ်သိတဲ့သူတွေဆီမှာ တတ်အောင်သင်ယူရပါမယ်။ သင်ယူလို့ တတ်ပြီဆိုရင် ကိုယ်တတ်ထားတဲ့ပညာနဲ့ အများကို ပြန်ကျေးဇူးပြုနိုင်ရပါ့မယ်။

ဥပမာ – ကိုယ်က ကိုယ့်အလုပ်သမားဝန်ထမ်းလေးတွေကို လုပ်ငန်းသဘောသဘာဝလေးတွေကို စေတနာ၊ မေတ္တာပါပါနဲ့ သင်ကြားပေးနေမယ်။ စေတနာ၊ မေတ္တာပါပါနဲ့ ပညာသင်ကြားပေးနေတဲ့အချိန်ဟာ ကိုယ့်အတွက် ပညာပါရမီတွေ ဖြစ်နေတာပါ။

အဲဒီလို ပညာကို ဖြန့်ဝေနေတဲ့အချိန်မှာ "အခုလို သင်ကြားပေးရသော ကုသိုလ်ကောင်းမှုသည် နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်ပါစေ။ ဘုရားတပည့်တော် သင်ပေးလိုက်တဲ့ ပညာလေးတွေနဲ့ သူတို့လေးတွေ ဘဝတစ်သက်တာ အသက်မွေးဝမ်းကျောင်းမှုအတွက် အဆင်ပြေ သွားကြပါစေ။ သူတို့မိသားစု စားဝတ်နေရေးလေးတွေလည်း အဆင်ပြေသွားကြပါစေ"လို့ စိတ်ညွတ်ထားရပါမယ်။

အဲဒီလိုမှမဟုတ်ဘဲ "ငါသင်ပေးလိုက်ရင် တစ်ချိန်ချိန်မှာ ငါ့ကို ပြန်ကျေးဇူးပြုလိမ့်မယ်။ ငါ့အတွက်လည်း

www.burmeseclassic.com

www.burmeseclassic.com



အခကြေးငွေတွေ ဘယ်လောက်ရမှာပဲ”စသည်ဖြင့် ကိုယ်ကျိုးကိုငဲ့တဲ့စိတ်နဲ့သင်ရင် ပါရမီမမြောက်တော့ပါဘူး။

ဒီလိုပါပဲ။ ကိုယ်က ဆရာဝန်တစ်ယောက်ဆိုရင်လည်း ဆေးကုနေတဲ့အချိန်လေးမှာ “ဤဆေးကုရသောကုသိုလ် ကောင်းမှုသည် နိဗ္ဗာန်၏အထောက်အပံ့ဖြစ်ပါစေ။ ငါကုလိုက်တဲ့အတွက် လူနာလေးတွေ ကိုယ်ကျန်းမာစိတ်ချမ်းသာရှိသွားကြပါစေ”လို့ လူနာရဲ့အကျိုးဆီကိုစိတ်ညွှတ်ထားလိုက်ရင် ကိုယ့်ရဲ့ဆေးကုမှုဟာ ပါရမီမြောက်တဲ့ ဆေးကုမှုဖြစ်နေတာပါ။

ကိုယ့်ခန္ဓာ ကိုယ့်စားဝတ်နေရေးအတွက် သင့်တင့်တဲ့ဆေးဖိုးဝါးခကို ပြန်ယူတာ အပြစ်မဖြစ်ပါဘူး။

အဲဒီလိုမှမဟုတ်ဘဲ ဆေးကုတဲ့နေရာမှာ ငွေကိုပဲမျက်စောင်းထိုးကုမယ်ဆိုရင် ကိုယ့်ရဲ့ဆေးကုမှုဟာ ပါရမီမမြောက်တော့ပါဘူး။

တကယ်တော့ ဆေးကုနေတဲ့အချိန်မှာ နိဗ္ဗာန်နဲ့လူနာရဲ့အကျိုးကို မျက်စောင်းထိုးထားရမှာပါ။ ငွေကိုမျက်စောင်းထိုးရမှာ မဟုတ်ပါဘူး။

သေချာစဉ်းစားကြည့်ရင် တစ်ဘဝ တစ်ခန္ဓာ ခဏလေးရယ်ပါ။ သေရင် ပိုင်ဆိုင်သမျှ ထားခဲ့ရမှာပါ။ ကိုယ့်နောက်ကို တကယ်ပါမှာက ကိုယ့်ရဲ့ပါရမီတွေပါ။

အောက်ထစ်ဆုံး ကိုယ့်အိမ်မှာရှိတဲ့ အိမ်ဖော်ကလေးမလေးတွေကို ထမင်းဟင်းချက်နည်း သင်ပေးနေတဲ့



နေရာမှာလည်း “အခုလို ထမင်းဟင်းချက်နည်း သင်ပေးရသောကုသိုလ်သည် နိဗ္ဗာန်၏အထောက်အပံ့ဖြစ်ပါစေ”လို့နိဗ္ဗာန်ကို စိတ်ညွှတ်ထားမယ်။ “ငါ သင်ပေးလိုက်တဲ့နည်းလေးတွေနဲ့ တခြားနေရာလေးတွေမှာလည်း အသက်မွေးမှုအတွက် အစစအရာရာ အဆင်ပြေသွားကြပါစေ”လို့အိမ်ဖော်ကလေးမလေးတွေရဲ့ အကျိုးကိုငဲ့ထားမယ်ဆိုရင်လည်း ကိုယ့်အတွက် ပညာပါရမီတွေ ဖြစ်နေတာပါ။

အဲဒီလိုမှမဟုတ်ဘဲ ကိုယ့်မိသားစုအသုံးချစရာစိတ်နဲ့ပဲ ခိုင်းနေမယ်ဆိုရင်တော့ ပါရမီတွေနဲ့ ဝေးဝေးနေပါလိမ့်မယ်။ ဒီထက်မကတဲ့ ကြမ်းတမ်းတဲ့စကားတွေနဲ့ ခိုင်းစေမယ်၊ နှိပ်စက်ညှင်းပမ်းမှုတွေနဲ့ ခိုင်းစေမယ်ဆိုရင်တော့ ကိုယ့်အတွက် အကုသိုလ်အပြစ်တွေချည်းဖြစ်နေပါလိမ့်မယ်။ အကုသိုလ်ဖြစ်သွားရင် အကုသိုလ်က အလကားမနေပါဘူး။ ကာလတစ်ခုမှာ ကိုယ်ပြုခဲ့တဲ့ အကုသိုလ်အားလျော်စွာတုံ့ပြန်ခံစားရမှာပါ။ အဓိကကတော့ ဘယ်အလုပ်ပဲခိုင်းခိုင်း၊ ဘယ်အလုပ်ပဲလုပ်လုပ် ကိုယ့်စိတ်ကလေးကို အများကောင်းကျိုးဆီမှာ ညွှတ်ထားရပါမယ်။ တကယ်တော့ စိတ်ထားတတ်ရင် ကိုယ့်အတွက် ပါရမီကုသိုလ်တွေချည်းပါပဲ။

ဒါတွေက လောကီပညာနဲ့ အများကောင်းကျိုးဆောင်ရွက်ရင်း ပါရမီဖြည့်တာပါ။

တစ်ဖက်က လောကီပညာနဲ့ အများကောင်းကျိုး

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရမှာဖြစ်သလို တစ်ဖက်ကလည်း လောကုတ္တရာ ပညာနဲ့ အများကောင်းကျိုး ဆောင်ရွက်နိုင်ရပါမယ်။

အများပြည်သူတွေ တရားအသိရဖို့၊ ဝိပဿနာ ဉာဏ်စဉ်တွေဖြစ်ဖို့၊ မဂ်ဖိုလ်နိဗ္ဗာန်ရဲ့အထောက်အပံ့တွေဖြစ်ဖို့ တရားဟောတာ၊ တရားပွဲ စီစဉ်တာ၊ တရားစာတွေ ရေးတာ၊ စာသင်တာ၊ တရားစခန်းတွေဖွင့်တာ၊ ကိုယ်တိုင်တရား မပြ တတ်ပေမယ့် ပြတတ်တဲ့ ဆရာတော်တွေပင့်ပြီး တရား စခန်းပွဲဖြစ်အောင် စီစဉ်တာ စသည်တွေဟာ လောကုတ္တရာ ပညာကို ဖြန့်ဝေတဲ့အတွက် ပညာပါရမီတွေပါပဲ။

ဆိုလိုတာကတော့ လောကီပညာနဲ့လည်း အများ ကောင်းကျိုးဆောင်ရွက်နိုင်ရပါမယ်။ လောကုတ္တရာပညာနဲ့ လည်း အများကောင်းကျိုး ဆောင်ရွက်ပေးနိုင်ရပါမယ်။

အများကောင်းကျိုး ဆောင်ရွက်တာချင်းတူဦးတော့ ကိုယ့်မှာ ပညာမတတ်ပြန်ရင်လည်း ဆောင်ရွက်ဖို့ ခက်သွား ပြန်ပါတယ်။ ဒါကြောင့် အများကောင်းကျိုးဆောင်ရွက်နိုင်ဖို့ တတ်အောင်လည်း သင်ရပါမယ်။ သင်နေတဲ့အချိန်မှာလည်း "ငါအများ ကောင်းကျိုးဆောင်ရွက်ဖို့"ဆိုပြီး စိတ်ကလေးကို ညွတ်ထားရပါမယ်။ တတ်ပြီးပြန်ရင်လည်း ကိုယ်တတ်ထား တဲ့ပညာနဲ့ အများကောင်းကျိုးကို ပြန်ဆောင်ရွက်နိုင်ရ ပါမယ်။

ကမ္ဘာမှာ နိုင်ငံများစွာရှိနေပေမယ့် ချမ်းသာတဲ့နိုင်ငံ၊ ဆင်းရဲတဲ့နိုင်ငံဆိုပြီး ကွဲပြားနေကြပါတယ်။ ကွဲပြားရခြင်းရဲ့



အဓိကအကြောင်းကတော့ ပညာတတ်မှု မတတ်မှုကြောင့်လို့ ယေဘုယျပြောလို့ရပါတယ်။

ဒီတော့ နိုင်ငံတစ်ခု တိုးတက်ချမ်းသာဖို့အတွက် ပညာရှင်တွေလိုပါတယ်။

တစ်ခါတလေများ မြန်မာပညာရှင်တွေ နိုင်ငံခြား တိုင်းပြည်တွေမှာ ဘယ်လိုတော်တာ, ဘယ်လိုစွမ်းနိုင်တာ စသည်တွေ ဖတ်ရကြားသိရတဲ့အခါ ဝမ်းမသာနိုင်ဘဲ သိပ် စိတ်ဆင်းရဲရတာပါ။

ပြီးတော့ ဘုရားအလောင်းတော် ပါရမီဖြည့်ကျင့် ခဲ့တဲ့ ဗုဒ္ဓဝင်နဲ့ ဇာတ်တော်ဝတ္ထုတွေကို လှမ်းပို့လိုက်ချင် တာပါ။

တကယ်တော့ ကျေနပ်ခြင်း၊ မကျေနပ်ခြင်း အတွေးတွေကိုဖယ်ပြီး ဘုရားအလောင်းတော်မြတ်ရဲ့ ပါရမီ စိတ်ဓာတ်ကို ရင်ထဲကို ထည့်ထားရမှာပါ။

ပါရမီစိတ်ဓာတ် ရင်ထဲရောက်သွားပြီဆိုရင် ပါရမီ ဖြည့်ရင်းနဲ့ပျော်၊ ပျော်ရင်းပါရမီဖြည့်နဲ့ ဘဝက အဓိပ္ပါယ် ရှိသထက်ရှိသွားတော့မှာပါ။

အသက်ရှင်နေတုန်း ပါရမီဖြည့်ခွင့်ရတာပါ။ အသက်သေသွားရင် ပါရမီဖြည့်ခွင့်မရတော့ပါဘူး။ အသက် ဆိုတာကလည်း ရပ်မနေပါဘူး။ သေဖို့က တဖြည်းဖြည်း နီးနီးလာနေပါပြီ။ နောက်ဘဝဆိုတာ မကျိန်းသေပါဘူး။ ကျိန်းသေတဲ့ ဘဝရခိုက်လေးမှာ ကျိန်းသေတဲ့အလုပ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တွေ လုပ်သွားဖို့ပါပဲ။

ဘုရားအလောင်းတော်မြတ်ကြီးတွေဟာ ပညာမျက်စိကို အမြဲဖွင့်ထားပါတယ်တဲ့။ ဒါကြောင့် ကိုယ့်ရဲ့အင်္ဂါကြီးငယ်တွေကို လှူဒါန်းပြီးပေမယ့်လည်း ကိုယ့်ကိုယ်ကိုယ်လည်း မမြှောက်ပင့်သလို သူတစ်ပါးကိုလည်း မနှိမ့်ချပါဘူးတဲ့။ မကောင်းတဲ့အတွေး မှားတဲ့အတွေးတွေကို မတွေးဘဲ ကာလသုံးခုလုံး အားရဝမ်းသာစိတ်ဖြစ်နေတာပါတဲ့။

ဒီတော့ ကိုယ်က အားနေတဲ့အခါလေးတွေမှာ "ဘုရားအလောင်းတော်ဟာ မနှစ်မြို့မှုတွေကို မတွေးဘဲ အများ ကောင်းကျိုးကိုပဲ အစဉ်တစိုက် ဆောင်ရွက်ခဲ့တယ်။ ငါလည်း မနှစ်မြို့မှုတွေကို မတွေးဘဲ ဘုရားအလောင်းတော်စိတ်ဓာတ်အတိုင်း အများကောင်းကျိုးတွေကို ဆောင်ရွက်ရင်း ပါရမီတွေဖြည့်မယ်"လို့ ဆင်ခြင် ဆင်ခြင်ပေးနေမယ်ဆိုရင်လည်း ကိုယ့်ရင်ထဲကို ဘုရားအလောင်းရဲ့ ပါရမီစိတ်ဓာတ်တွေ ဝင်ဝင်လာပါလိမ့်မယ်။

ပတ်ဝန်းကျင်နဲ့နေရတာဆိုတော့ ကိုယ့်စိတ်တိုင်းကျတော့ ဘယ်ဖြစ်ပါ့မလဲ။ ဒါပေမယ့် ဘုရားအလောင်းစိတ်ဓာတ်ကို ကိုယ်က အစဉ်သဖြင့် မွေးမြူထားရတာပေါ့။

ပုထုဇဉ်တွေဆိုတော့ တစ်ခါတလေ အမှားတွေတွေးမိတတ်ပါတယ်။ အမှားတွေးမိပြီဆိုရင် အပြောမှားအပြုမှားတွေပါ တစ်ဆင့်တက်ပြီး ပြောဖြစ် ပြုဖြစ်သွားတော့တာပါ။ ပြီးတော့ ဘဝတွေက ဖရိုဖရဲဖြစ်သွားတတ်ပါတယ်။



အဲဒီအချိန်မှာ ကိုယ့်ကိုယ်ကိုယ် ပြန်တရားဟောနိုင်ရပါမယ်။ ကိုယ့်စိတ်ကို ပစ်မထားရပါဘူး။

ဟောတဲ့နေရာမှာလည်း ကိုယ် ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုတာတွေးပြီး ကိုယ့်ရဲ့စိတ်ဖြစ်နေတဲ့ ဖြစ်စဉ်ကို သေချာစိုက်ကြည့်ပြီး တရားဟောရပါမယ်။

လောဘ ကြောင့် လား၊ ဒေါသ ကြောင့် လား၊ အာဃာတကြောင့်လား၊ ဣဿာမစ္ဆရိယကြောင့်လားဆိုတာ ကြည့်ရမှာပါ။

ကြည့်လို့တွေ့ပြီဆိုရင် ဥပမာ – အာဃာတ မကျေနပ်မှုကြောင့်ဆိုပါစို့။

"အာဃာတဆိုတာ စိတ်ဆင်းရဲရတာပဲ အဖတ်တင်တယ်။ ငါ့မှာလည်း ထိခိုက်တယ်။ ငါ့ပတ်ဝန်းကျင်အတွက်လည်း ထိခိုက်တယ်။ ငါ့ရင်ထဲမှာ အာဃာတတွေထားပြီး ဘာမှမလုပ်ဘဲနေရင် ငါပဲ ကုသိုလ်မရမှာပေါ့။ စိတ်ကျေနပ်မှု မကျေနပ်မှုတွေကို ဥပေက္ခာပြုပြီး ငါ့အတွက် ကုသိုလ်ပါရမီ ဖြစ်အောင်ပဲနေတော့မယ်"လို့ ကိုယ့်ကိုယ်ကိုယ် ပြန်ဟောပေးလိုက်မယ်ဆိုရင် ပါရမီစိတ်ဓာတ်တွေ ကိုယ့်ရင်ထဲပြန်ရောက်လာပါလိမ့်မယ်။

ဟောတဲ့နေရာမှာလည်း တစ်ကြိမ် နှစ်ကြိမ်မဟုတ်ဘဲ အကြိမ်ကြိမ် ဟောဟောပေးရမှာပါ။

မဟောခင် ဘုရားရှိခိုးပြီး ဂုဏ်တော်၊ မေတ္တာ၊ ဝိပဿနာသုံးခုကို ငါးမိနစ်စီလောက်ပွားပြီးမှ ဟောရင်

www.burmeseclassic.com

www.burmeseclassic.com



ပိုထိရောက်ပါတယ်။

ဘုရားအလောင်းတော်မြတ်ဟာ ပါရမီဖြည့်စဉ်ကာလတစ်လျှောက် ကိုယ့်ကိုယ်ကိုယ် အကြိမ်ကြိမ်ပြန်တရားဟောခဲ့ပါတယ်။ ပါရမီနုစဉ်ကာလမှာ တစ်ခါတလေ အမှားကျူးလွန်တတ်ပါတယ်။ ဒေါသကြောင့် ကိလေသာကာမကြောင့် စသည်တွေကြောင့် မှားရပေမယ့် ချက်ချင်းသတိသံဝေဂရပြီး ကိုယ့်ကိုယ်ကိုယ် တရားပြန်ဟောနိုင်ခဲ့ပါတယ်။ ကိုယ့်အမှား ကိုယ်သိပြီး ကိုယ့်ကိုယ်ကိုယ် သတိ သံဝေဂပြန်ဖြစ်လေ့ရှိပါတယ်။ အမှားဖြစ်ကြော ရှည်မနေပါဘူး။

ဘာပဲပြောပြော ဘဝမှာ မကျေနပ်စရာလေးတွေ ကြုံလာတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ပြန်တရားဟောပေးဖြစ်လိုက် မယ်ဆိုရင်တော့ ပါရမီတွေထုံထားတဲ့ တည်ငြိမ်တဲ့ဘဝလေးတစ်ခု ဖြစ်သွားမှာပါပဲလေ။

**ကျမ်းကိုး**

၁။ လယ်တီဒီပနီပေါင်းချုပ်၊ စတုတ္ထတွဲ၊ ဥတ္တမပုရိသဒီပနီ။
(လယ်တီဆရာတော်ဘုရား)

၂။ မဟာဗုဒ္ဓဝင်၊ ပထမတွဲ၊ ပထမပိုင်း၊ ဒုတိယပိုင်း။
(တိပိဋကမင်းကွန်းဆရာတော်ဘုရား)

**ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း**
**ဧပြီ၊ ၂၀၀၇။**



## မြင့်မြတ်သူတို့ရဲ့အလုပ် (၅)
## ဝီရိယပါရမီ

**၁။ ဝီရိယကား၊ ဘယ်လိုများ၊ ဘုရားအလောင်းဖြည့်သနည်း။**

**၂။ အပြစ်ကင်းပျောက်၊ ကိစ္စရောက်က၊ မကြောက်မရွံ့၊ နောက်မတွန့်ဘဲ၊ သက်စွန့်ကြိုးစား၊ လုံ့လပွား၊ ဘုရားအလောင်း ဖြည့်သတည်း။**

၂။ အကုသိုလ် အပြစ်မရှိသော ကိစ္စများ ကြုံလာလျှင် ကြောက်ခြင်း၊ ရွံ့ခြင်း၊ နောက်တွန့်ခြင်းမရှိဘဲ (အသက်စွန့်တန်လျှင်စွန့်၍) ကြိုးစားသောအားဖြင့် ဝီရိယ (လုံ့လ) ပါရမီကို ဘုရားအလောင်းဖြည့်တော်မူပါသည်။
(အရှင်ဇနကာဘိဝံသ၊ ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေ၊ နှာ – ၂၅)

မြတ်စွာဘုရားရှင်လက်ထက်တော်အခါက ရဟန်းတစ်ပါးဟာ မြတ်စွာဘုရားဆီက ကမ္မဋ္ဌာန်းယူပြီး တောထဲမှာသွားတရားအားထုတ်ပါတယ်။ ဒါပေမယ့် ဝါတွင်းသုံးလအားထုတ်တာ တရားနိမိတ်တောင် မထင်ပါဘူးတဲ့။ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



ဝီရိယကို ပစ်ချလိုက်ပြီး "ငါတော့ ဒီဘဝ မဂ်ဖိုလ်ရထိုက်တဲ့ ပုဂ္ဂိုလ်မဟုတ်တော့ဘူး။ မြတ်စွာဘုရားရှင်ကို ဖူးမျှော်ပြီး မြတ်စွာဘုရားရဲ့ တရားပဲနာပြီး နေတော့မယ်"လို့ ဆုံးဖြတ်ပြီး ဇေတဝန်ကျောင်းတော်ကို ပြန်ခဲ့ပါတယ်။

ဒီတော့ ဘုရားရှင်က မြတ်စွာဘုရားနဲ့ ရဟန်းငယ်တို့ ဆက်စပ်ခဲ့တဲ့ အတိတ်ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြန်ဟောပြပါတယ်။

တစ်ခါတုန်းက ဘုရားအလောင်းတော်ဟာ လှည်းငါးရာနဲ့ ကုန်သွယ်ထွက်ခဲ့ပါတယ်။ ကန္တာရခရီးခဲကို ဖြတ်သန်းရင်း လမ်းချော်ပြီး အစာ, ရေအတွက် အခက်အခဲ ဖြစ်သွားပါတယ်။

ဘုရားအလောင်းက ဟိုဟိုဒီဒီလှည့်ကြည့်ရင်း တစ်နေရာမှာ နေဇာမြက်စုကို တွေ့ရပါတယ်။ အောက်က ရေခံတတ်ရှိလို့ ပေါက်တာပဲဆိုပြီး ပေါက်တူးနဲ့တူးခိုင်းပါတယ်။ တူးပေမယ့် ရေကထွက်မလာပါဘူး။ မထွက်တဲ့အပြင် ကျောက်ဖျာက ခံနေပြန်ပါတယ်။ ကျောက်ဖျာတွေ့လိုက်ရတော့ အားလုံးက ဆက်မတူးတော့ဘဲ ဝီရိယကို လျှော့ချလိုက်ကြပါတယ်။

ဘုရားအလောင်းတော်က ကျောက်ဖျာကို လေ့လာကြည့်တော့ အောက်မှာ ရေရှိတယ်ဆိုတာ သိရပါတယ်။ ဒါကြောင့် တပည့်ညီငယ်တစ်ယောက်ကို "အမောင် . . ဝီရိယကို လျှော့လိုက်ရင် အကုန်လုံးရေမရလို့ သေကုန်လိမ့်



မယ်။ အမောင်ကတော့ ဝီရိယကို မလျှော့ဘဲ ထပ်တူးပါဦး" လို့ ခိုင်းပါတယ်။

ကျန်တဲ့သူတွေ စိတ်ဓာတ်ကျပြီး ဝီရိယကို လျှော့ချလိုက်ပေမယ့် ဘုရားအလောင်းရဲ့ တပည့်ညီငယ်က သံတူနဲ့ ကျောက်ဖျာကို ခွဲလိုက်ပါတယ်။ ကျောက်ဖျာခွဲလိုက်တာနဲ့ ရေတွေလည်း ဒလဟောထွက်လာပါတော့တယ်။ ဒီတော့မှ ရေသောက်သူသောက်, ရေချိုးသူချိုး, နွားရေတိုက်သူတိုက်နဲ့ အဆင်ပြေသွားပါတော့တယ်။

မြတ်စွာဘုရားရှင်က အတိတ်ဇာတ်ကြောင်းကို ပြန်ဟောပြီး "အဲဒီတုန်းက ဝီရိယမလျှော့ဘဲ ကျောက်ဖျာကို ဆက်တူးတဲ့သူဟာ တခြားသူ မဟုတ်ပါဘူး၊ ချစ်သားရဟန်းပါပဲ"လို့ ဟောပြပြီး ဝီရိယရှိရှိ တရားရှုမှတ်ရင် အရဟတ္တဖိုလ် ရနိုင်တဲ့အကြောင်း ဂါထာလေးတစ်ပုဒ်ကို ဟောပြလိုက်တဲ့အပြင် သစ္စာလေးပါးပါ ဆက်ဟောပြလိုက်တဲ့အတွက် ရဟန်းငယ်လည်း အရဟတ္တဖိုလ် ရသွားပါတော့တယ်။

(ငါးရာ့ငါးဆယ်၊ ဝဏ္ဏုပထဇာတ်)

အတိတ်ဇာတ်ကြောင်းလေးက ရဟန်းငယ်လေးအတွက် 'အား' ဖြစ်သွားရတာပါ။ 'အား'ကတစ်ဆင့်တက်ယူလိုက်တော့ ပန်းတိုင်ရောက်သွားရတော့တာပါ။

အတိတ်ဇာတ်ကြောင်း သိခွင့်ရလိုက်တာလေးလည်း အကျိုးတစ်ခု ဖြစ်သွားရတဲ့ သာဓကဇာတ်ကလေးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီဇာတ်တော်မှာ အဓိကပြောလိုရင်းက ဘုရားအလောင်းတော်ရဲ့ အများအကျိုး ဆောင်ရွက်ခဲ့တဲ့ ဝီရိယပါရမီဖြည့်ကျင့်ပုံပါ။

ကိုယ်ကျိုးသက်သက်အတွက် လုံ့လစိုက်ပြီး လုပ်တာကတော့ ဝီရိယပဲဖြစ်ပါတယ်။ ပါရမီတော့ မမြောက်ပါဘူး။ အများအကျိုး ပရဟိတတွေ ဆောင်ရွက်တဲ့အခါမှာ လုံ့လအားစိုက်လုပ်ပါမှ ပါရမီမြောက်တဲ့ဝီရိယဖြစ်ပါတယ်။ အများအကျိုး ဆောင်ရွက်တဲ့အခါမှာလည်း စိတ်က နိဗ္ဗာန်ကိုဦးတည်ထားရပါမယ်။ "အခုလို အများအကျိုးဆောင်ရွက်ရတဲ့ ကုသိုလ်သည် နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်ပါစေ"လို့ စိတ်ညွှတ်ထားရမှာပါ။

ကိုယ်က အများအကျိုး ဆောင်ရွက်နေတဲ့ အဖွဲ့တစ်ခုထဲမှာ ပါနေမယ်ဆိုပါစို့။ ကိုယ်သွားရမယ့် အလှည့်ကျနေ့လေးတွေမှာ မပျက်မကွက် ပုံမှန်သွားပေးတာ၊ အဖွဲ့ဆီရောက်တဲ့အခါ လုပ်စရာရှိတာတွေကို စိတ်ပါလက်ပါ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွနဲ့လုပ်တာ၊ စိတ်ကိုလည်း နိဗ္ဗာန်ကို ဦးတည်ထားတာတွေဟာ ဝီရိယပါရမီ ဖြည့်နေတာပါပဲ။

တကယ်လို့ အလုပ်အပေါ်မှာ တစ်ခါတလေ ငြီးငွေ့တာ, စိတ်ပျက်တာ, မလုပ်ချင်တာ, စိတ်ဓာတ်ကျတာ စသည်တွေ ဝင်လာတဲ့အခါ ဘုရားအလောင်းတော်ရဲ့ မျက်နှာလေးကို ပြန်ကြည့်ရပါတယ်။



ဘုရားအလောင်းတော်ဟာ ဖြစ်လေရာ ဘဝတိုင်း အများအကျိုးတွေ ဆောင်ရွက်ရင်း ပါရမီတွေဖြည့်ခဲ့တဲ့နေရာမှာ ဘယ်တော့မှ စိတ်ပျက်တာ၊ ငြီးငွေ့တာ မရှိခဲ့ပါဘူး။ ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ဖြည့်ခဲ့တာပါ။

ပြီးတော့ ဘုရားအလောင်းတော်ဟာ အများအကျိုးကိုပဲ ရှေ့ရှုနေခဲ့ပါတယ်။

ဘယ်လိုပြဿနာများပဲကြုံကြုံ စိတ်တိုင်းမကျဖြစ်တဲ့အခါ ဘုရားအလောင်းရဲ့ ပါရမီစိတ်ဓာတ်ကို ပြန်အာရုံပြုပြု ထားရပါတယ်။ "ပါရမီ"ဆိုတဲ့ စကားလေးကို အာရုံပြုလိုက်တာနဲ့ စိတ်က အလိုလို ပြန်ပျော်သွားတော့တာပါ။

အမှန်တော့ အိမ်ကစထွက်ကတည်းက ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ "ငါ့ရဲ့ပါရမီတွေ၊ ငါ့ရဲ့ပါရမီတွေ"လို့ နှလုံးသွင်းပြီး အိမ်ကထွက်ရမှာပါ။

ဘုရားအလောင်းတော်မြတ်ဟာ "ငါ ဒီနေ့ ဘယ်လိုကုသိုလ်ပါရမီကို ပြုခဲ့သလဲ . ?၊ ငါ ဘယ်သူ့ရဲ့ အကျိုးစီးပွားဆောင်ရွက်ပေးခဲ့သလဲ . ?"လို့ နေ့စဉ်နေ့စဉ် ဆင်ခြင်ပါတယ်တဲ့။

ဒီတော့ ကိုယ်ကလည်း ဘုရားအလောင်းရဲ့ လမ်းစဉ်ကို လိုက်နေတာဆိုတော့ အိပ်ခါနီးမှာ "ငါ ဒီနေ့ ဘာကုသိုလ်ပြုဖြစ်ခဲ့လဲ၊ ဘယ်သူ့ကို ကူညီခဲ့သလဲ" စသည်ဖြင့် ဆင်ခြင်ဆင်ခြင်ပေးရင်လည်း ပါရမီဓာတ်တွေ ကိုယ့်ရင်ထဲကို ရောက်လာပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ ဒီနေ့တစ်နေ့တော့ ကုသိုလ်ပါရမီတစ်ခုခုကို မပြုခဲ့ဦးတော့ နောက်နေ့ နောက်နေ့တွေမှာ ပြုချင်စိတ်ကလေးတွေတော့ ဝင်လာတော့မှာပါ။

ကောင်းတာပဲဖြစ်ဖြစ်၊ မကောင်းတာပဲဖြစ်ဖြစ် လူမှာအထုံဆိုတာ ရှိပါတယ်။ မကောင်းတာပြုချိန် ရောက်လာပြီဆိုရင် ပြုလိုက်ရမှာပါ။ ဒီလိုပါပဲ။ ကောင်းတာပြုချိန် ရောက်လာရင်လည်း ပြုလိုက်ရမှ ကျေနပ်တာပါ။ ဒါကြောင့် မကောင်းတာ ပြုချင်တဲ့ အထုံဓာတ်ကို တဖြည်းဖြည်း တရားအသိလေးနဲ့ ဖြတ်ဖြတ်ပေးပြီး ကောင်းတာပြုချင်တဲ့ဓာတ်ကို အထုံဖြစ်နေအောင် ပေတေလုပ်ပေးနေရပါတယ်။

ဘယ်အရာပဲဖြစ်ဖြစ် ထုံထားလိုက်ရင် စွဲနေတတ်ပါတယ်။ တစ်စုံတစ်ယောက်ဆီ ဖုန်းဆက်ချိန်ရောက်လာရင် ဆက်လိုက်ရမှ၊ ကော်ဖီသောက်ချိန်ရောက်လာရင် သောက်လိုက်ရမှ၊ တစ်နေရာသွားချိန်ရောက်လာပြီဆိုရင် သွားလိုက်ရမှ စသည်ဖြင့် လောကပြစ်, ဓမ္မပြစ် မဖြစ်တာလေးတွေတောင် စွဲနေတာဆိုတော့ ကျန်တဲ့ ကောင်းမြတ်တဲ့ကုသိုလ်အထုံတွေကိုလည်း စွဲနေအောင် လေ့ကျင့်ထားရပါမယ်။

အလုပ်တစ်ခု စွဲသွားဖို့အတွက် ၄–၅ လလောက် လေ့ကျင့်ပေးလိုက်ရင် စွဲသွားတာများပါတယ်။ စွဲသွားပြီဆိုရင် တစ်နေ့တာအတွက် ကောင်းကျိုးတစ်ခုခု မလုပ်လိုက်ရရင်ဘဲ ဘဝမှာ တစ်ခုခုလိုနေသလိုကို ခံစားလာရတော့တာပါ။ ကောင်းကျိုးတစ်ခုခု လုပ်လိုက်ရမှ နေသာထိုင်သာ



ရှိသွားတော့တာပါ။

တချို့များ ကုသိုလ်ကောင်းကျိုးမျိုးစုံ နေ့စဉ်ပြုနေနိုင်ကြတာဟာ သူတို့ကိုယ်တိုင်ကကို ကုသိုလ်ကောင်းကျိုးအပေါ်မှာ စွဲနေကြလို့ပါ။

ကိုယ်ကလည်း သူတို့ဆီက ဓာတ်ရအောင်ယူပြီး ကိုယ့်စိတ်ကို စွဲနေအောင် လုပ်ထားရပါမယ်။

လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး။

(မဃဒေဝလင်္ကာအပိုဒ် – ၂၄၅)

ဝီရိယနှင့်ဉာဏ်နှစ်ပါးသန်ပါမှ ပါရမီကံ အကျိုးပေးသန်နိုင်ပေသည်။

(သီးလုံးဆရာတော်)

ကြိုက်လွန်းလို့ ဒီစာပိုဒ်ကလေးတွေကိုထည့်ပြီး ပူဇော်လိုက်တာပါ။

ဘာဖြစ်လို့ ကြိုက်ရတာလဲဆိုတာကတော့ ကိုယ်တိုင်က ရှေ့ပိုင်းတွေတုန်းက ဆုံးရှုံးမှုတစ်ခုခုနဲ့ကြုံလာရင် ကိုယ့်ဝီရိယနဲ့ တွေးခေါ်ဆင်ခြင်ဉာဏ် အားနည်းတာကို အပြစ်မတင်မိဘဲ ကံကိုချည်း အပြစ်ပုံပုံ ချခဲ့ဖူးလို့ပါ။

တကယ်တော့ ကံကောင်းတွေ ဘယ်လောက်ပဲ ပါခဲ့ပါခဲ့ ဝီရိယကို ပစ်ထားရင် အကျိုးပေးတန်သလောက် မပေးတော့ပါဘူး။ ဒီသဘောကို အာရုံပြုပြီး ဝီရိယပါမှ

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှာပါ။

ဘယ်ကိစ္စပဲဖြစ်ဖြစ် နောက်မှာ တွန်းအားလေးရှိနေရင် ပိုလုပ်ဖြစ်ပါတယ်။ ကျောင်းသားတစ်ယောက် စာကျက်နေတဲ့အချိန်မှာ ဆရာရှိနေရင်, ကြောက်စရာဒဏ် တစ်ခုခုကို ပြောထားရင် အားကျိုးမာန်တက် ကျက်ဖြစ်နေသလိုပါပဲ။ ကြောက်လန့်စရာ ထိတ်လန့်စရာ ဘေးတစ်ခုခု ကြုံလာရင် ပိုလုပ်ဖြစ်ပါတယ်။

ဝီရိယရဲ့အခြေခံအကြောင်းရင်းက ထိတ်လန့်ကြောက်ရွံ့ခြင်း = သံဝေဂတရားလို့ စာမှာ ဆိုထားပါတယ်။

ဒီတော့ ကိုယ့်မှာအလုပ်တစ်ခုလုပ်ဖို့အတွက် ဝီရိယတွေလျော့နေရင် သံဝေဂလေးတွေ ဆင်ခြင်ဆင်ခြင်ပေးရပါတယ်။

ဆင်ခြင်တဲ့နေရာမှာ အာရုံဆိုးတစ်ခုခုကိုကြည့်ပြီး ဆင်ခြင်လို့ရသလို ကိုယ့်ဉာဏ်နဲ့ကိုယ် အကျိုးအပြစ်တွေ တွေးပြီး ဆင်ခြင်လို့လည်း ရပါတယ်။

ဥပမာ – တောင်းနေတဲ့ အမယ်အိုတစ်ယောက်ကို တွေ့လိုက်ရတဲ့အခါမှာ "အင်း . . အဖွားအိုအနေနဲ့ အိုကံမကောင်းလိုက်တာ၊ ငါလည်း ဒီလိုမဖြစ်ရအောင် အခုလို ပျိုရွယ်တုန်းမှာ အဓိပ္ပါယ်မဲ့အချိန်တွေ မကုန်သင့်ဘူး။ အခုကတည်းက ဒါန သီလ ဝိပဿနာတွေ ဆင့်ကာ ဆင့်ကာ ပြုထားမှပဲ"လို့ သံဝေဂယူလိုက်ရင်လည်း ရပါတယ်။

နည်းနည်းမြင်သာအောင်ပြောရရင်တော့ နောက်



က ကျားလိုက်လာမှ ပြေးဖြစ်ကြသလို ကြောက်စရာ အာရုံတစ်ခုခု တွေ့လိုက်ရမှ လုပ်ဖြစ်သွားတဲ့သူတွေလည်း ရှိပါတယ်။

တကယ်လို့ ကိုယ်က ကျားလိုက်မှ ပြေးတတ်တဲ့သူဆိုရင်လည်း ကျားရှိရာကို သွားသွားပေးရပါတယ်။ မခက်ပါဘူး။ ဆေးရုံလိုနေရာမျိုး၊ တရားရုံးလိုနေရာမျိုးကို သွားလိုက်တာနဲ့ ကျားကိုတွေ့ရတတ်ပါတယ်။ ဘဝဆိုတာ ဘာမှကျိန်းသေတာ မဟုတ်ပါဘူး။ ဒီနေ့ ကျန်းမာနေပေမယ့် နောက်နေ့ ကျန်းမာချင်မှ ကျန်းမာမှာပါ။

ဒါမှမဟုတ်လည်း အားနေတဲ့အခါလေးတွေမှာ အကြောင်းအကျိုး အဆိုးအပြစ်ကလေးတွေကို ကိုယ်ဆင်ခြင်တတ်သလို ဆင်ခြင်ပြီး သံဝေဂယူလို့လည်း ရပါတယ်။

တစ်ခါတလေ တစ်ယောက်တည်းရှိနေတဲ့အခါမျိုးလေးတွေမှာ "ငါ ကျန်ရှိနေတဲ့ လူ့ဘဝသက်တမ်းလေးကို ဘယ်လိုနေသွားမလဲ၊ ကိုယ့်အတွက် နိဗ္ဗာန်ရဖို့အတွက် ပါရမီကုသိုလ်တွေဖြည့်ရင်း အများအကျိုးတွေလည်း ဆောင်ရွက်ရင်း နေသွားတာတော့ ဘုရားအလောင်းတော်ရဲ့ ပါရမီစိတ်ဓာတ်ပဲ၊ ငါ မင်္ဂဖိုလ်နဲ့ ဖီလာဆန့်ကျင်ဘက် အပျော်အာရုံတွေနဲ့ပဲ အချိန်ကုန်မနေသင့်ဘူး"လို့ ဆင်ခြင်ဆင်ခြင်ပေးနေရင်လည်း ပါရမီစိတ်ဓာတ်တွေဝင်လာပြီး ကိုယ့်ကိုယ်ကိုယ်လည်း သတိပေးနေရာရောက်ပါတယ်။

ဧည့်ခံပွဲတွေ ရှီးပွဲတွေမှာ မလွှဲမကင်းသာ တက်

www.burmeseclassic.com

www.burmeseclassic.com



နေရပေမယ့်လည်း တရားအသိလေးတွေကို ဆင်ခြင်ပေးနေမယ်ဆိုရင်လည်း တရားနဲ့ သိပ်ကွာဟမနေတော့ဘဲ အပျော်နောက်မှာ တရားအသိက ကပ်ပါနေတော့မှာပါ။

တကယ်တော့ ဘဝကို အခိပ္ပါယ်မဲ့တွေနဲ့ အချိန်ကုန်ကုန် မနေသင့်တော့ပါဘူး။ ကိုယ်အခိပ္ပါယ်မဲ့တွေနဲ့ အချိန်ကုန်နေတဲ့အချိန်မှာ အသက်က ရပ်မနေပါဘူး၊ သူကြီးစရာရှိတာ ကြီးကြီးပေးနေတာပါ။

ဘာပဲပြောပြော ဘဝကို ကုသိုလ်လေးတွေပြုပြီး ပျော်တတ်တဲ့ အထုံလေးကို ထုံထားရင်းနေသွားနိုင်ဖို့ ပါပဲလေ။

**ကျမ်းကိုး**


၁။ မဟာဗုဒ္ဓဝင်၊ ပထမတွဲ၊ ပထမပိုင်း၊ ဒုတိယပိုင်း။
(တိပိဋကမင်းကွန်းဆရာတော်ဘုရား)
၂။ ပါရမီတော်။
(တိပိဋကအရှင်သုမင်္ဂလာလင်္ကာရ)


**ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း**
**မေ၊ ၂၀၀၇။**



## မြင့်မြတ်သူတို့ရဲ့အလုပ်(၆)
## ခန္တီပါရမီ

**ခန္တီတရား၊ သည်းခံခြင်း၊ စိတ်ထားဘယ်သို့ ဖြည့်သနည်း။**

**လူမိုက်အမူ၊ ငါပြန်ပြုလျှင်၊ သူ့လိုငါလဲ၊ လူမိုက်ပဲဟု၊ စိတ်ထဲတွေးဆ၊ အေးမြမြနှင့်၊ ဒေါသမထွက်၊ စိတ်မပျက်၊ သက်သက်အနာခံသတည်း။**

"ငါ့အပေါ်၌ လူမိုက်ပြုသောစော်ကားမှုကို ငါက ပြန်ပြုလျှင် ငါလည်း သူ့လိုလူမိုက်ဖြစ်မှာပဲ"ဟု စိတ်ထဲမှာ တွေးဆ၍ ဒေါသမထွက်ဘဲ စိတ်ပျက်အားငယ်၍လည်း မနေဘဲ စိတ်အေးအေးနှင့် မိမိကသာအနာခံလိုက်ခြင်းသည် ခန္တီပါရမီ၏ သဘောတည်း။

(အရှင်ဇနကာဘိဝံသ၊ ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေ နှာ-၂၆)

ငါးရာ့ငါးဆယ် သရဘင်္ဂဇာတ်မှာ မင်းသုံးပါးနဲ့ သိကြားမင်းတို့ ဘုရားအလောင်းသရဘင်္ဂရသေ့ဆီရောက်လာပြီး သိကြားမင်းက မေးခွန်းပြဿနာမေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



“ရှင်ရသေ့ . . လောကမှာ ဘယ်တရားကို ပယ်သတ်ရင် တစ်ရံတခါမျှ မစိုးရိမ်ရသလဲ၊

ဘယ်တရားကို ပယ်ရှားရင် သူတော်ကောင်းတွေ ချီးမွမ်းသလဲ၊

လောကမှာ ဘယ်သူပြောဆိုတဲ့၊ ကြမ်းကြုတ်တဲ့ စကားကို သည်းခံရပါ့မလဲ”

ဒီတော့ သရဘင်္ဂရသေ့က –

“လောကမှာ ဒေါသကို ပယ်သတ်လိုက်ရင် တစ်ရံတခါမျှ မစိုးရိမ်ရတော့ဘူး၊

ကျေးဇူးကန်းမှုကို မပြုရင် သူတော်ကောင်းတွေ ချီးမွမ်းပါတယ်၊

ကိုယ်ထက်သာတဲ့သူ၊ ကိုယ်နဲ့တန်းတူသူ၊ ကိုယ့်အောက်နိမ့်တဲ့သူတို့ရဲ့ ကြမ်းကြုတ်တဲ့စကားကို သည်းခံရမယ်။ အဲဒီလို သည်းခံခြင်းကို အမြတ်ဆုံးလို့ သူတော်ကောင်းတွေ ပြောဆိုကြတယ်”

ဘုရားအလောင်းရဲ့အဖြေစကားကြားတော့ သိကြားမင်းက မေးခွန်းထပ်မေးပြန်ပါတယ်။

“ရှင်ရသေ့ရယ်၊ လောကမှာ ကိုယ်နဲ့တန်းတူ၊ ကိုယ့်ထက်မြတ်တဲ့သူနှစ်ယောက်ရဲ့ ကြမ်းကြုတ်တဲ့စကားကို သည်းခံရတာတော့ သည်းခံနိုင်ပါတယ်၊ ဒါပေမယ့် ကိုယ့်အောက်နိမ့်တဲ့သူရဲ့ ကြမ်းကြုတ်တဲ့စကားကိုတော့ ဘယ်လိုလုပ် သည်းခံနိုင်မှာလဲ”



ဘုရားအလောင်းတော်ကလည်း ပြန်ဖြေပေးပါတယ်။

“ကိုယ့်ထက်မြတ်တဲ့သူရဲ့ ကြမ်းကြုတ်တဲ့စကားကို သည်းခံတာဟာ ကြောက်လို့သည်းခံတာပဲ၊ ကိုယ်နဲ့တန်းတူရဲ့စကားကို သည်းခံတာကျတော့ တကယ်လို့ သည်းမခံလိုက်ရင် ငါ့ထက်သာအောင် ကြံစည်အားထုတ်ပြုလုပ်သွားမယ့်အပြစ်ကိုမြင်လို့ သည်းခံတာ၊ ဒီသည်းခံခြင်းနှစ်မျိုးဟာ မြတ်တဲ့သည်းခံခြင်းတော့ မဟုတ်ဘူး၊ ကိုယ့်အောက်နိမ့်တဲ့သူရဲ့စကားကို သည်းခံနိုင်မှ အမြတ်ဆုံးသည်းခံခြင်းလို့ သူတော်ကောင်းတွေ ပြောကြတယ်”လို့ ပြန်ဖြေပေးလိုက်ပါတယ်။

သည်းခံတဲ့နေရာမှာ တရားသဘောလေးတွေ အာရုံပြုပြီး သည်းခံတာက ပိုအဆင်ပြေပါတယ်။ အထူးသဖြင့် ခန္တီပါရမီရဲ့ သဘောလေးကို အာရုံပြုပြီး သည်းခံရပါတယ်။

အာရုံဆိုးတစ်ခုကို တစ်ယောက်ယောက်က ဖန်တီးလာတဲ့အခါ ‘ငါ ခန္တီပါရမီဖြည့်ဖို့အတွက် ဖန်တီးပေးနေတာ၊ ဘာပဲပြောပြော ငါ့ကို ပါရမီဖြည့်ပေးနေသူပဲ”လို့ ဆင်ခြင်နှလုံးသွင်းလိုက်ရင်လည်း သည်းခံဖို့အတွက် တရားအသိအားတွေ ဝင်လာတော့တာပါ။ တရားအားတွေ ရင်ထဲရောက်လာရင် အလိုလို သည်းခံပြီးသားဖြစ်သွားပါတယ်။

တကယ်ဆို သူ့ကိုတောင် ကိုယ်ကပြန်သနား

www.burmeseclassic.com

www.burmeseclassic.com



ရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ သူကိုယ့်ကိုပြောဆိုနှိမ့်ချကဲ့ရဲ့နေတာက အကုသိုလ်ပါ။ ကိုယ်ခန္တီပါရမီဖြည့်နေတာက ကုသိုလ်ပါ။

အကုသိုလ်ဟာ အကုသိုလ်ရဲ့ အကျိုးရှိပါတယ်။ ကုသိုလ်ဟာ ကုသိုလ်ရဲ့အကျိုးရှိပါတယ်။ အကျိုးပေးပုံခြင်းမတူပါဘူး။ ပြုမူပြီးတာနဲ့ ကံမြောက်သွားတော့တာပါ။ ကံက ကာလတစ်ခုမှာ အကျိုးတစ်ခုခုကို ပေးတော့မှာပါ။

ကံရဲ့အကျိုးအပြစ်တွေကို ဆက်ပြီးဆင်ခြင်လိုက်မိတဲ့အခါ ကိုယ့်အတွက် ကောင်းကျိုးဖြစ်လို့ ဝမ်းမြောက်ရပေမယ့် သူ့အတွက်ကျတော့ ကာလတစ်ခုမှာ ဆိုးကျိုးလာတော့မှာဆိုတော့ သနားကရုဏာတောင် ပြန်ဖြစ်သွားရတာပါ။

သူ့ကို သနားစရာသတ္တဝါလို့ ဉာဏ်ထဲမှာ ထင်လာတဲ့အခါ ကိုယ့်ရဲ့သည်းခံမှုဟာ အထူးကြောင့်ကြစိုက်စရာ မလိုတော့ပါဘူး။

တကယ်လို့ ကိုယ်က ဒေါသအလျှောက် ဖြတ်ကနဲတုန့်ပြန်မိလိုက်ရင် ဆိုးကျိုးတွေက ဆင့်ကဲဆင့်ကဲ ဝင်လာတော့တာပါ။ တချို့ဆိုးကျိုးတွေဆို အပါယ်ဒုဂ္ဂတိအထိတောင် ဆွဲချနိုင်ပါတယ်။

ခန္တီပါရမီရဲ့သဘောကဒေါသမထွက်ဘဲ သည်းခံရမှာပါတဲ့။ အာရုံဆိုးတစ်ခုခုနဲ့ ကြုံလိုက်ရတဲ့အခါ ပထမဆုံး



ဝင်လာမယ့်သူက ဒေါသပါ။ ဒီတော့ ကိုယ်က ခံတတ်ခံအားနည်းလို့ ဒေါသစိတ်ဝင်လာပေမယ့် ဝင်လာတဲ့ဒေါသကို သိလိုက်နိုင်ရပါမယ်။ ဝင်လာတဲ့ ဒေါသကိုမသိလိုက်နိုင်ရင် ဒေါသကိုအခြေခံပြီး “သူက ငါ့ကိုဒီလိုလုပ်တော့ ငါကလည်း ဒီလို လုပ်တာပေါ့”ဆိုပြီး ဖြတ်ကနဲ အမှားတုံ့ပြန်မှုကို ကျူးလွန်လိုက်မိရော။ တဒင်္ဂအတွင်း ဖြစ်သွားရတာပါ။

တကယ်တော့ ရင်ထဲရောက်လာတဲ့ဒေါသဟာ ကာလကြာကြာကြီး တည်မနေပါဘူး။ အခိုက်အတန့်တစ်ခုပါပဲ။ ကိုယ်က ဖြစ်ဆဲအခိုက်အတန့်လေးမှာ ကိုယ့်ဒေါသကို သိလိုက်နိုင်ဖို့ပါ။

တကယ်လို့ ကိုယ်က ပါရမီရှင်တွေလို ပါရမီမြောက်တဲ့ခန္တီကို ချက်ချင်းမဖြည့်ကျင့်နိုင်သေးရင်တောင် ဖြစ်ပေါ်လာတဲ့ ဒေါသကိုတော့ ထိန်းနိုင်ရပါမယ်။ ဒေါသဖြစ်လာတဲ့အခါ ဒေါသရဲ့ ဆိုးကျိုးလေးတွေကို ဆင်ခြင်နေလိုက်မယ်ဆိုရင်လည်း ဒေါသက လျော့သွားတာများပါတယ်။

ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားရဲ့ မဟာဗုဒ္ဓဝင်ပထမတွဲ ဒုတိယပိုင်းထဲမှာ ဒေါသအပြစ် လင်္ကာလေး ရှိပါတယ်။

**ရုပ်ရည်ဆင်းပျက်၊ အိပ်စက်မပျော်၊ ကျိုးသော်မရ၊ ဘောဂခြွေရှေ၊ မိတ်ဆွေပျက်ပြား၊ အပါယ်လား၊ ခုနှစ်ပါးကောဓ အပြစ်တည်း။**

www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြစ်နေခိုက်မှာ ဒီလင်္ကာလေးကို အဓိပ္ပါယ်သဘောအထိပါအောင် နှလုံးသွင်းပြီး ထပ်ကာ ထပ်ကာ ရွတ်ဆို ဆင်ခြင်နေမယ်ဆိုရင်လည်း ဖြစ်နေတဲ့ဒေါသ လျော့သွားပါလိမ့်မယ်။

ဆိုးကျိုးခုနှစ်ခုလုံးက ကြောက်စရာတွေချည်းပဲ ဆိုတော့ သဘောအဓိပ္ပါယ်လေးတွေကို ပေါ်နိုင်သမျှပေါ်အောင် အာရုံပြုပြီး နှလုံးသွင်းပြီး ရွတ်သွားနိုင်ဖို့လိုပါတယ်။

အာရုံဆိုးကိုတွေ့ပြီး ဒေါသဖြစ်လို့ပဲဖြစ်ဖြစ်၊ ဒေါသကိုအခြေခံပြီး တုံ့ပြန်မှုတစ်ခုခုကို ပြုဖြစ်လိုက်ရင်ပဲဖြစ်ဖြစ်၊ တစ်ဖက်သားကို အမှီပြုပြီး ကိုယ်ပါရှုံးရတော့တာပါ။ ဈေးစကားနဲ့ပြောရင် အမြတ်မရရင်တောင် အရှုံးမရအောင်တော့ ကြိုးစားရမှာပါ။

လောကဓံဆိုးတစ်ခုဟာ ဘယ်လောက်အထိတည်နေမှာလဲ၊ ကိုယ်ကတစ်သက်လုံးနေပါဆိုရင်တောင် သူက မနေပါဘူး။ ကာလတစ်ခုပါပဲ။ ဒီကာလအခိုက်အတန့်လေးတစ်ခုမှာ ကိုယ်က သည်းခံလိုက်နိုင်ဖို့ပါပဲ။

ပါရမီသဘောနဲ့ပြောရင် ဒါနပါရမီတို့ သီလပါရမီတို့ဟာ ဖြည့်ချင်ရင် ချက်ချင်းထဖြည့်လို့ရပါတယ်။ ခန္တီပါရမီတို့ကျတော့ အာရုံတစ်ခုခုနဲ့တွေ့လိုက်မှ ကိုယ့်အတွက် ပါရမီဖြစ်ရတာပါ။ ဒီတော့ ကိုယ့်ကို အာရုံဆိုးတစ်ခုလာပေးတဲ့သူကို ကိုယ့်ကိုပါရမီဖြည့်ပေးတဲ့အတွက် တကယ်ဆို ကျေးဇူးတောင်တင်ရပါဦးမယ်။



သည်းခံတဲ့နေရာမှာ ကိုယ်ကြားဖူးဖတ်ဖူးထားတဲ့ ဂါထာလေးတွေ၊ ဓာတ်တော်ကလေးတွေ၊ ပုံဝတ္ထုကလေးတွေ၊ လင်္ကာလေးတွေ၊ အဆုံးအမစကားလေးတွေကို အာရုံပြုပြီး ဆင်ခြင်သည်းခံလို့လည်း ရပါတယ်။

သည်းခံမှုပါရမီကို ဖြည့်ကျင့်တဲ့နေရာမှာ ပင်ကိုယ်ဓာတ်ခံ ဗဟုသုတတရားအသိလေးတွေလည်း ရှိဖို့လိုပါတယ်။ စိတ်ထဲမှာ ဘာကိုပြေးသတိရလိုက်မိသလဲဆိုတော့ စံကင်းဆရာတော်ဘုရားရဲ့ ဩဝါဒစကားလေးပါ။ ပြဿနာတစ်ခုဖြစ်လာတဲ့အခါ အလွတ်ဆုံးမတော်မမူဘဲ တရားသဘောသက်ဝင်အောင်ဆုံးမခဲ့ပုံလေးပါ။

တစ်နေ့မှာကျောင်းသားတစ်ယောက်က သူ့ခြေထောက်ကိုသေးပန်းခံရတဲ့အကြောင်း လာလျှောက်ပါတယ်။ အလျှောက်ခံရတဲ့ကျောင်းသားက မတော်တဆဖြစ်ရတဲ့အကြောင်း ပြန်လျှောက်ပြပါတယ်။ ဒီတော့ ဆရာတော်က –

"ဒို့ မေးပါဦးမယ်၊ မင်း ဖြေပေါ့၊ မကျေနပ်ရင်လည်း သူ့ကို ဒဏ်ပေးရတာပေါ့၊ အဲဒီသေးဟာ ရုပ်တရားလား?၊ နာမ် တရားလား ?"

"ရုပ်တရားပါဘုရား"

"မင်း ခြေထောက်ကကော?"

"ရုပ်ပါ ဘုရား"

"ရုပ်, ရုပ်ချင်း ထိတာ မဟုတ်လား?၊ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ရှုံစရာလား?”

“ရှုံစရာမဟုတ်ပါ၊ ကျေနပ်ပါပြီဘုရား”

“အေး ရုပ်, ရုပ်ချင်း ထိမိတာ ဘာမှ အပြစ်မရှိဘူး၊ ဒါကို အကြောင်းပြုပြီး ပေါ်လာတဲ့ နာမ်က နှလုံးသွင်း မတတ်ရင် အပြစ်ဖြစ်တတ်တယ်၊ စိတ်ဆိုးတယ်ဆိုတာ ဒါပဲ”

ကျောင်းသားကလေးငယ်လေးတွေကို တရားသဘောနဲ့ နှလုံးသွင်းပြီး သည်းခံတတ်အောင် ဆုံးမခဲ့ပုံလေးပါ။ အထူးသဖြင့် နာမ်ကနှလုံးသွင်းမတတ်ရင် အပြစ်ဖြစ်တတ်တယ်ဆိုတဲ့အကြောင်းလေးပါ။

ဘယ်လိုပဲဖြစ်ဖြစ် အဆုံးအမတစ်ခုခုကို အာရုံပြုပြီး သည်းခံလိုက်နိုင်တယ်ဆိုရင်ပဲ ကိုယ့်အတွက် မရှုံးတော့ပါဘူး။

တစ်ခါတလေ ဒေါသအလျှောက် သည်းမခံနိုင်ဘဲ ပက်ကနဲ ပြန်ပြောလိုက်မိတဲ့အခါ ပြောတုန်းကတော့ ကျေနပ်သလို ရှိပေမယ့် နောက်ရက်ကျတော့ စိတ်မကောင်း သိပ်ဖြစ်ရတာပါ။ အထူးသဖြင့် ဘာမဟုတ်တာလေးနဲ့ ကိုယ့်အတွက် အကုသိုလ် ဖြစ်သွားရတာ သိပ်ရှုံးရတာပါ။

အမှန်တော့ တရားရဲ့သဘောက သိဖို့နဲ့ကျင့်ဖို့ ရယ်ပါ။

အာရုံတစ်ခုနဲ့တွေ့လို့ တရားသဘောနဲ့ယှဉ်ပြီး ကျင့်သုံးလိုက်ရရင် ကိုယ့်ကိုယ်ကိုယ် သိပ်အားရကျေနပ်



ရတာပါ။ အရသာကောင်းတစ်ခုကို သိသွားရင် နောင်ကျင့်သုံးဖို့ မခက်လှတော့ပါဘူး။

“သြော် . . ငါဟာ မြတ်စွာဘုရားစကားကို နားထောင်လိုက်တဲ့သူပဲ”ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ကျေနပ်မှုနဲ့ အတူ ကြည်ညိုမှုပါ ဖြစ်ရတော့တာပါ။

သည်းခံရမယ်ဆိုတော့ နေရာတကာ ခေါင်းငုံ့ပြီး သည်းခံနေရမှာလားဆိုတော့ အဲဒီလိုလည်း မဟုတ်ပါဘူး။

ဒါနဲ့ပတ်သက်ပြီး သီလက္ခန် အဋ္ဌကထာ နှာ–၅၃ မှာဖွင့်ပြထားပါတယ်။

မဟုတ်မှန်တာကို မဟုတ်မှန်တဲ့အတိုင်း ပြန်ဖြေရှင်းရမယ်လို့ဆိုပါတယ်။

ဖြေရှင်းတဲ့နေရာမှာ အပြစ်ပြောတဲ့နေရာမှာသာ ဖြေရှင်းရမှာပါ။ တခြားအရာတွေမှာလိုက်ပြီး ဖြေရှင်းနေစရာ မလိုပါဘူး။

“သင်ဟာ သီလမရှိတဲ့သူပဲ၊ သင့်ဆရာဟာ သီလမရှိတဲ့သူပဲ၊ သင်ဟာ ဒီလို ဒီလို အမှုကို ပြုထားတယ်၊ သင့်ဆရာဟာ ဒီလို ဒီလို အမှုကို ပြုထားတယ်”အဲဒီလို ပြောဆိုလာရင် သည်းခံမနေရပါဘူးတဲ့။ သည်းခံနေရင် တစ်ဖက်က ယုံမှားသံသယ ဖြစ်သွားတတ်ပါတယ်တဲ့။ အဲဒီအခါမျိုးမှာ ဒေါသမဖြစ်စေဘဲ အပြစ်ကို ဖြေရှင်းရမယ် လို့ဆိုပါတယ်။

တကယ်လို့ “သင်ဟာ ကုလားအပ်ပဲ၊ နွားပဲ”

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် ပြောဆိုစွပ်စွဲကဲ့ရဲ့လာရင်တော့ ပြောဆိုလာတဲ့ သူကို လျစ်လျူရှုပြီး သည်းခံနေလိုက်ပါတဲ့။

ဒါ စာမှာဖွင့်ပြထားတာကို ခပ်ကျဉ်းကျဉ်းရေးပြတာပါ။

အဓိကကတော့ ကိုယ့်ရဲ့ဂုဏ်သိက္ခာ သီလကို စော်ကားလာရင်တော့ ဒေါသမထွက်ဘဲ မဟုတ်မှန်တာကို မဟုတ်မှန်တဲ့ အတိုင်း ပြန်ဖြေရှင်းရမယ်လို့ ဆိုထားပါတယ်။ ဖြေရှင်းတဲ့နေရာမှာလည်း ဒေါသမထွက် စိတ်မဆိုးဘဲ ဖြေရှင်းရမယ်လို့ ဆိုထားပါတယ်။ ဒေါသနဲ့ သွားဖြေရှင်းရင်တော့ စာနဲ့ဆန့်ကျင်ဘက် ဖြစ်သွားပါလိမ့်မယ်။

ဝိပဿနာသဘောနဲ့ ကြည့်လိုက်ရင် လောကမှာ ဘာမှမမြဲပါဘူး။ သူလည်း မမြဲပါဘူး။ ကိုယ်လည်း မမြဲပါဘူး။ မမြဲတာကို မမြဲဘူးလို့ ဝိပဿနာသဘောနဲ့ သိလိုက်ရတဲ့အချိန်မှာ သူ့ကိုအလိုလို ခွင့်လွှတ်ပြီးသားဖြစ်သွားပါတယ်။ လူတစ်ယောက်ရဲ့ ဘဝမှာနိဗ္ဗာန်ရဖို့သာ အဓိကဆိုတော့ သူ့အတွက်အချိန်ကုန်ခံ မနေချင်တော့ပါဘူး။ နိဗ္ဗာန်ရဖို့အတွက် အချိန်ဟာကိုယ့်အတွက် ရွှေထက်တောင် တန်ဖိုးရှိနေတာဆိုတော့ ရလာတဲ့အချိန်ကိုပဲ ကိုယ့်အတွက် အသုံးချရတော့မှာပါ။ အဓိကကတော့ မမြဲတဲ့ သဘောလေးတွေကို မမြဲဘူးလို့သိလိုက်ဖို့ပါပဲလေ။

ဘာပဲပြောပြော ကိုယ်ကခန္တီပါရမီကို ဖြည့်ကျင့်ချင်တဲ့သူပါ။ တကယ်လို့ အာရုံဆိုးတစ်ခုကိုတွေ့ပြီး သည်းခံဖို့



ခက်နေရင် မြတ်စွာဘုရားရှေ့ကို သွားလိုက်ပါ။ လက်အုပ်ကလေးချီပြီး "မြတ်စွာဘုရား ဘုရားတပည့်တော် ဒီနေ့ တစ်နေ့တာ မြတ်စွာဘုရားကို ခန္တီပါရမီနဲ့ ပူဇော်ပါမည်ဘုရား"လို့ အဓိဋ္ဌာန်လိုက်ပါ။ စိတ်ထဲမှာလည်း "ငါ မြတ်စွာဘုရားကို ခန္တီပါရမီနဲ့ ပူဇော်နေတယ်၊ ငါ မြတ်စွာဘုရားကို ခန္တီပါရမီနဲ့ ပူဇော်နေတယ်"လို့ တွေးတွေးနေရပါမယ်။ ကြုံလာတဲ့အာရုံကိုလည်း "ငါ မြတ်စွာဘုရားကို ခန္တီပါရမီနဲ့ ပူဇော်ပြီး သူ့ကို သည်းခံမယ်"လို့ နှလုံးသွင်းပြီး သည်းခံပစ်လိုက်ပါ။ ဒါဆိုရင် ကိုယ့်ရင်ထဲကို ခန္တီပါရမီ ရောက်လာပါလိမ့်မယ်။

ကဲ . . စာဖတ်သူ မြတ်စွာဘုရားကို ခန္တီပါရမီနဲ့ ပူဇော်ပြီး သည်းခံကြည့်ပါလား၊ အဆင်ပြေသွားပါလိမ့်မယ်။

**ကျမ်းကိုး**

မဟာဗုဒ္ဓဝင် ပထမတွဲ၊ ပထမပိုင်း – ဒုတိယပိုင်း။
(တိပိဋကမင်းကွန်းဆရာတော်ဘုရား)

**ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း**
**ဇွန်၊ ၂၀၀၇။**

www.burmeseclassic.com

www.burmeseclassic.com



သီလလုံးဝမကျိုးသည့် ဆောက်တည်နည်း ရှိပါသည်၊ သိပါသလား…

?

အဖြေ = စာမျက်နှာ – ၆၉



## မြင့်မြတ်သူတို့ရဲ့အလုပ်(၇)
## သစ္စာပါရမီ

သစ္စာမည်သည်ကား – မုသားကို အချင်းခပ်သိမ်း ပယ်ခြင်းတည်း။

(ဥတ္တမပုရိသဒီပနီ–နှာ–၃၈၅)

**သစ္စာမြဲအောင်၊ ဘယ်သို့ဆောင်၊ ဘုန်းခေါင် ဖြည့်ရပါသနည်း။**

**လူသူအများ၊ အထင်မှားဖို့၊ မုသားမပါ၊ ကြွားမပါဘဲ၊ သစ္စာတည်အောင်၊ ပြောတိုင်းဆောင်၊ ဘုန်းခေါင်ဤသို့ဖြည့်သတည်း။**

လိမ်၍ပြောခြင်း၊ ပြောတဲ့အတိုင်းမလုပ်ခြင်းကား လူအများကို အထင်မှားအောင် လှည့်စားခြင်းမည်၏။ ထို့ကြောင့် လူတစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ အထင်မမှားအောင် မုသားလည်းမပြော၊ ကြွားဝါ၍လည်း မပြောဘဲ ပြုနိုင်သလောက် ပြောသည့်အတိုင်းပြုခြင်းသည် သစ္စာပါရမီ၏သဘောတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားအလောင်းသည် ပါရမီမရင့်သေးမီက ပါဏာတိပါတစသော ပြစ်မှုများ ပြုတန်သလောက် ပြုမည် ဖြစ်သော်လည်း မုသားကိုကား (သူတစ်ပါးအကျိုးပျက်အောင်) သစ္စာဖျက်၍ ဘယ်တော့မှမဆိုခဲ့ပေ။ သစ္စပဏ္ဍိတ ဘဝနှင့် သုတသောမမင်း ဘဝ၌ကား အထင်အရှားပင် သစ္စာပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပါသည်။
(အရှင်ဇနကာဘိဝံသ၊ ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေ – နှာ–၂၈)

ငါးပါးသီလမှာ လွယ်လွယ်ကူကူနဲ့ ကျူးလွန်ဖြစ်ကြတာက မုသာဝါဒသိက္ခာပုဒ်ပါ။ ကြာလာတော့ မုသားကို အကုသိုလ်တစ်ခုရယ်လို့ မမြင်တော့ပါဘူး။ မုသားနဲ့ ယဉ်သွားတဲ့အတွက် အပြစ်တစ်ခုအဖြစ်မမြင်တော့တာပါ။ တကယ်တော့ မုသားဟာ အပြစ်တစ်ခုပါပဲ။

သစ္စာပါရမီရဲ့သဘောက မုသားကို ပယ်ရမှာဖြစ်သလို ပြောကြားထားတဲ့အတိုင်း နှုတ်ပဋိညာဉ်ကိုမဖျက်ဘဲ အပြီးအဆုံး အထိလည်း လုပ်ပေးရမှာပါ။

ဥပမာ – လူတစ်ယောက်ကို ကူညီမယ်လို့ နှုတ်ပဋိညာဉ်ပေးပြီးရင် သူ့ရဲ့အကျိုးပြီးဆုံးတဲ့အထိ ကူညီရပါတယ်။ လမ်းခုလတ်မှာ သူ့ရဲ့အပြုအမူဆိုးတစ်ခုကြောင့် ကူညီမှုကိုရပ်လိုက်ရင် သစ္စာပါရမီမဖြစ်တော့ပါဘူး။

သူလည်းပုထုဇဉ်၊ ကိုယ်လည်း ပုထုဇဉ်ဆိုတော့ သူ့ရဲ့အပြုအမူတွေဟာ အမြဲတမ်းဖြူမနေနိုင်ပါဘူး။ တစ်ခါတလေ မဲချင် မဲသွားနိုင်ပါတယ်။ အဲဒီအခါမှာ သူမဲတာ



ဖြူတာကို အာရုံမပြုတော့ဘဲ ကိုယ်ကပါရမီဖြည့်ချင်သူဆိုတော့ ဘုရားအလောင်းတော် စိတ်ဓာတ်ကို အာရုံပြုရင်း ကိုယ့်ရဲ့အလုပ်ပါရမီကိုပဲ အာရုံစိုက်ရပါတယ်။

သူ့ရဲ့အလုပ်ကို အာရုံစိုက်ပြီး ကိုယ့်ရဲ့အလုပ်ကို ဖျက်လိုက်ရင် ကိုယ့်ရဲ့ပါရမီဟာ လမ်းခုလတ်မှာတင် ရှုံးသွားရတော့တာပါ။

တကယ်တော့ စိတ်အာရုံပြုမှု လွဲသွားလို့ သစ္စာပါရမီပျက်သွားရတာပါ။ အမှန်တကယ် အာရုံပြုရမှာက ကိုယ့်ရဲ့အလုပ်ကိုပါ။ သူ့ရဲ့အလုပ်ကို မဟုတ်ပါဘူး။

ဘုရားအလောင်းတော် ပါရမီဖြည့်စဉ်ကာလတစ်လျှောက် အာရုံကောင်းတွေနဲ့ချည်း တွေ့ကြုံခဲ့ရတာမဟုတ်ပါဘူး။ အာရုံဆိုးတွေနဲ့လည်း အခါအခွင့်သင့်တိုင်း တွေ့ကြုံခဲ့ရတာပါ။ ဒါပေမယ့် ဘုရားအလောင်းတော်မြတ်က ကြုံလာတဲ့အာရုံဆိုးတွေကို ပါရမီဖြည့်ပေးနေတဲ့အာရုံတွေလို့ပဲ နှလုံးသွင်းထားတာပါ။

ကိုယ်က ပါရမီဖြည့်ချင်တဲ့သူပဲဖြစ်ရမှာပါ။ အာရုံဆိုးကို အပြစ်တင်ချင်တဲ့သူမဟုတ်ရပါဘူး။

အာရုံဆိုးတွေကို သည်းခံပြီး ပါရမီတစ်ခုကို အပြီးအဆုံးအထိ ဖြည့်လိုက်နိုင်တဲ့အခါ ကိုယ့်ရဲ့ကုသိုလ်ကို ပြန်ကြည့်လိုက်တဲ့အခါ သိပ်ပြီးပီတိဖြစ်ရတာပါ။

ဟို . . အရင်သစ္စာပါရမီရဲ့သဘောကို မသိခင်ကတော့ တစ်ဦးတစ်ယောက်ကို ကူညီနေစဉ်မှာ စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



သဘောမကျတာတွေ့တာနဲ့ ကိုယ့်ရဲ့ကူညီမှုကို ချက်ချင်း ရပ်ချပစ်လိုက်တာတွေ ရှိခဲ့ဖူးပါတယ်။

သစ္စာပါရမီရဲ့သဘောကို သိပြီးတဲ့နောက်ပိုင်း မှာတော့ အများအားဖြင့်တော့ သစ္စာပါရမီမြောက်အောင်ပဲ အပြီးအဆုံးအထိ လုပ်ဖြစ်ပါတော့တယ်။ တစ်ခါတလေ စိတ်အခန့်မသင့်လို့ သတိလွတ်ပြီး မှားသွားတာလေးတွေ တော့ ရှိတတ်ပါတယ်။

ဒါပေမယ့် သတိပြန်ဝင်လာတဲ့အခါ "အပြီးအဆုံး အထိ လုပ်ပေးမယ်လို့ နှုတ်ပဋိညာဉ်ပေးပြီးပြီ၊ ရပ်လိုက် ရင်တော့ ပါရမီမမြောက်တော့ပါဘူး"လို့ သစ္စာပါရမီရဲ့ သဘောလေးကို ဆင်ခြင်လိုက်ရင် ရင်ထဲကို ပါရမီဓာတ်တွေ ပြန်ဝင်လာတော့တာပါ။

ပါရမီဓာတ်တွေ ရင်ထဲပြန်ရောက်လာရင် ကိုယ့် အလုပ်ကိုပြီးမြောက်အောင် လုပ်ဖြစ်သွားတာများပါတယ်။

ပြီးတော့ ရောက်လာတဲ့ပါရမီဓာတ်တွေက အခုမှ သိရတာမဟုတ်ဘဲ အရင်ကတည်းက ရင်းနှီးပြီးသားဆိုတော့ ကိုယ်နဲ့ သိပ်ပြီးလည်း စိမ်းမနေပါဘူး။ ဒီတော့ ကိုယ့်စိတ် ကလေးကို ပါရမီလမ်းကြောင်းပေါ် ပြန်တင်ပေးဖို့ခက်မနေ တော့ပါဘူး။

အဓိကကတော့ ကိုယ်နဲ့ပါရမီသဘောလေးတွေနဲ့ မိတ်ဖွဲ့ထားပြီး ရင်းနှီးနေဖို့ပဲ အရေးကြီးပါတယ်။

ပါရမီရဲ့သဘောတွေကို မိတ်ကောင်းဆွေကောင်း



ဆရာသမားတွေဆီကတစ်ဆင့် သိရနိုင်သလို စာပေက တစ်ဆင့်လည်း သိရနိုင်ပါတယ်။

ကိုယ့်ဝန်းကျင်မှာ မိတ်ကောင်းဆွေကောင်း ဆရာ သမားတွေ၊ စာကောင်းပေကောင်းတွေရှိနေရင် ကိုယ့်ရဲ့အပြု အမူ အပြောအဆို အတွေးအခေါ်တွေဟာလည်း တရား လမ်းကြောင်းနဲ့ ဝေးမနေတော့ပါဘူး။ တစ်ခါတလေ သတိ လက်လွတ်ပြီး တရားလမ်းကြောင်းနဲ့ ချော်သွားဦးတော့ မိတ်ဆွေကောင်းတွေရဲ့ ဖေးမသတိပေးမှုကို ရရှိရပါတယ်။ သတိပေးမှုကိုကြုံရတော့ ကိုယ့်စိတ်ကလေးကို ချက်ချင်း ပြန်ပြုပြင်ဖြစ်သွားပါတယ်။ မိတ်ဆွေကောင်း ဆရာသမား ရှိတာလည်း ကိုယ့်သံသရာဘဝခရီး အတွက် သိပ်ကျေးဇူး များတာပါ။

စာရေးသူကတော့ ပါရမီရဲ့သဘောလေးတွေကို ဆရာသမားတွေဆီက သိရသလို စာပေကတစ်ဆင့်လည်း သိရတာပါ။ သိခွင့်ရလိုက်တဲ့ တရားအသိဟာ ဘာနဲ့မှ တန်ဖိုးဖြတ်လို့မရပါဘူး။ တစ်သက်လုံး အသုံးတည့်သွား ရတော့တာပါ။

တရားရဲ့သဘောက သိဖို့ရယ်၊ ကျင့်ဖို့ရယ် ဒီနှစ်ချက်ပါပဲ။ သိပြီးရင် ကျင့်မှလည်း တန်တာပါ။

တရားတစ်ခုသိလိုက်၊ တစ်ခါကျင့်ကြည့်လိုက်၊ တရားတစ်ခုသိလိုက် တစ်ခါကျင့်ကြည့်လိုက်၊ ကြာလာ တော့ ကျင့်လို့ ရတဲ့အရသာကို တဖြည်းဖြည်းသိလာ

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။ တရားရဲ့သတ္တိနဲ့ တန်ဘိုးကိုသိပြီးသွားရင် နောင်ကျင့်ဖို့ မခဲယဉ်းတော့ပါဘူး။

တချို့ မကြာခဏ ပြောတတ်ကြပါတယ်။ “ဒီလုပ်ငန်းကို တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုနဲ့လုပ်ကြတာ၊ စာချုပ်စာတမ်းနဲ့လုပ်တာ မဟုတ်ပါဘူး”လို့ ပြောလေ့ရှိကြပါတယ်။

ဒါပေမယ့် စာချုပ်စာတမ်းနဲ့ လုပ်တာတောင် ဖောက်ပျက်ကွဲသွားကြတာတွေ အများကြီးပါပဲ။ အမှန်တော့ စာချုပ် စာတမ်းထက် ခိုင်မာတာက သစ္စာပါရမီနဲ့ လုပ်တာပါပဲ။

သစ္စာပါရမီကိုယ်စီရှိထားကြရင် ကိုယ်လည်း အဆင်ပြေသလို သူလည်း အဆင်ပြေပါတယ်။

စီးပွားရေးလုပ်ကြတဲ့နေရာမှာ သစ္စာပါရမီသိပ်ပြီး အရေးကြီးပါတယ်။ ပြီးတော့ ကိုယ့်အတွက် ကြီးပွားကြောင်း တစ်ခုလည်း ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်မှာ သစ္စာပါရမီ ခိုင်ခိုင်မာမာရှိထားရင် “ဒီလူက သစ္စာသိပ်ရှိတာ”ဆိုပြီး တစ်ဆင့်စကား တစ်ဆင့်စကားနဲ့ ပျံ့နှံ့ပြီး အလုပ်တွေ ဆင့်ကဲဆင့်ကဲ ရောက်လာကြတော့မှာပါ။

လူတွေရဲ့သဘောက သူသူကိုယ်ကိုယ် ကိုယ်ကသာ သစ္စာမရှိချင်မရှိမယ်၊ ကိုယ်နဲ့တွဲလုပ်မယ့်သူကိုတော့ သစ္စာရှိစေချင်ပါတယ်။



သေချာစဉ်းစားကြည့်ရင် သစ္စာပါရမီဖြည့်ကျင့်တာဟာ တစ်ဖက်က ကုသိုလ်တွေဖြစ်နေသလို တစ်ဖက်ကလည်း ကိုယ့်ရဲ့လုပ်ငန်းအတွက် ကြီးပွားကြောင်းတွေပါပဲ။

သစ္စာပါရမီကို တစ်ချက်ဖြည့်လိုက် ကိုယ့်အတွက် လူတွေရဲ့ယုံကြည်မှုကို တစ်ချက်ရလိုက်နဲ့ ကြာလာတော့ လူအများစုရဲ့ ယုံကြည်မှုကို ဆင့်ကဲဆင့်ကဲ ရလာရတော့တာပါပဲ။

လူတွေရဲ့ ယုံကြည်မှုများလာတာနဲ့အမျှ ကိုယ့်လုပ်ငန်းအတွက်လည်း တစ်ဆင့်ထက်တစ်ဆင့် အထောက်အပံ့ဖြစ်လာရတော့တာပါ။

သစ္စာပါရမီလို့ စကားလုံးမြင့်မြင့်ကြီး ပြောနေရပေမယ့် မုသားကိုပယ်ပြီး ပြောထားတဲ့အတိုင်း အလုပ်ပြီးဆုံးအောင် လုပ်ပေးဖို့ပါပဲ။ ပြီးတော့ သိပ်ပြီးခက်လှတာလည်း မဟုတ်ပါဘူး။ ကိုယ့်စိတ်ကလေးက သစ္စာပါရမီရဲ့ သဘောလေးဆီကို ညွှတ်ပေးထားလိုက်ရုံပါပဲ။

သစ္စာပါရမီနဲ့ပတ်သက်လို့ ဆရာတော်ဘုရားတွေက ဝိဓုရဇာတ်ကို သာဓကထုတ်ပြကြပါတယ်။

ဒီမှာလည်း ဇာတ်အကျဉ်းလောက် ပြန်ပြောပြရအောင်ပါ။

တစ်ခါက ကောရဗျမင်းနဲ့ ပုဏ္ဏကဘီလူးတို့ ကြွေအန်ကစားကြပါတယ်။ ကောရဗျမင်းရှုံးရင် ၁။ မင်းရဲ့ကိုယ်၊ ၂။ မိဖုရားကြီး ၃။ ထီးဖြူ ဒီသုံးမျိုးကလွဲလို့ ကျန်တာ

www.burmeseclassic.com

www.burmeseclassic.com



ယူနိုင်ပြီး၊ ပုဏ္ဏကရှုံးရင် ပုဏ္ဏကရဲ့ မနောမယပတ္တမြားနဲ့ အာဇာနည်မြင်းကို ယူစေလို့ ဂတိပြုထားကြပါတယ်။

နောက်ဆုံးတော့ ကောရဗျမင်း ရှုံးသွားပါတယ်။ ဒီတော့ ပုဏ္ဏကက ဘုရားအလောင်းဝိဓုရအမတ်ကြီးကို ယူမယ်လို့ ပြောလိုက်ပါတယ်။

ဝိဓုရအမတ်ကြီးကို ယူမယ်လုပ်တော့ ကောရဗျမင်းက "အမတ်ကြီးဟာ ငါ့ရဲ့ကိုယ်လည်း ဟုတ်တယ်၊ ငါ့ရဲ့ ကိုးကွယ်မှီခိုအားထားရာလည်းဖြစ်တယ်၊ ဒါကြောင့် အမတ်ကြီးကို တခြားရွှေငွေတွေနဲ့ မနှိုင်းယှဉ်ထိုက်ဘူး၊ ငါ့ရဲ့ အသက်နဲ့သာ နှိုင်းယှဉ်ထိုက်တယ်၊ ဒီအတွက် အမတ်ကြီးကို ငါ မပိုင်ဘူး"ဆိုပြီး ငြင်းပါတယ်။

ပုဏ္ဏကကလည်း အမတ်ကြီးကိုပဲ လိုချင်တာဆိုတော့ "ကဲ . . မင်းကြီး ဒီကိစ္စကို ငြင်းနေလို့ဆုံးမှာ မဟုတ်ဘူး၊ အမတ်ကြီးရဲ့ အဆုံးအဖြတ်ကို သွားခံယူမယ်" လို့ အကြံပြုပါတယ်။

နှစ်ဦးသဘောတူ အမတ်ကြီးဆီကို ထွက်ခဲ့ပါတယ်။ အမတ်ကြီးဆီရောက်တော့ ဖြစ်စဉ်ကို ပြောပြကြပါတယ်။ ဖြစ်စဉ်ကိုပြောပြပြီး နှစ်ဦးလုံးက ဝိဓုရအမတ်ကြီးရဲ့ အဆုံးအဖြတ်ကို စောင့်နေကြပါတယ်။

ဘုရားအလောင်းဝိဓုရအမတ်ကြီးက အဆုံးအဖြတ်မပေးခင် အတွေးထဲမှာ ဘာပေါ်လာသလဲဆိုတော့ "ငါ့အနေနဲ့ မင်းကြီးရဲ့ဆွေမျိုးလို့လည်း ပြောနိုင်တယ်၊ မင်းကြီးထက်



သာလွန်တဲ့လူလို့လည်း ပြောနိုင်တယ်၊ မင်းကြီးနဲ့ ဘာမှမဆိုင်ဘူးလို့လည်း ပြောနိုင်တယ်၊ ဒါပေမယ့် လောကမှာ သစ္စာတရားနဲ့တူတဲ့ မှီခိုအားထားရာဆိုတာ မရှိဘူး၊ ငါ မှန်တဲ့အတိုင်းပဲ ပြောမယ်"လို့ အတွေးလေးက ဦးစွာဝင်လာပါတယ်။

ဝင်လာတဲ့အတွေးကိုပဲ အခြေခံပြီး အမတ်ကြီးက ဆုံးဖြတ်ပေးပါတယ်။

"အမောင်တို့ လောကမှာ –

၁။ ကျွန်မမှမွေးပြီး ကျွန်ဖြစ်ရတဲ့ ကျွန်တစ်မျိုး၊

၂။ ဥစ္စာနဲ့ဝယ်ပြီး ကျွန်ဖြစ်ရတဲ့ ကျွန်တစ်မျိုး၊

၃။ အလိုလိုလာကျွန်ခံလို့ ကျွန်ဖြစ်ရတဲ့ ကျွန်တစ်မျိုး၊

၄။ စစ်နိုင်ရာမှ ဖမ်းယူလာလို့ သုံ့ဖမ်းကျွန်တစ်မျိုး၊

ဒီကျွန်လေးမျိုးထဲမှာ ငါက ကောရဗျမင်းကြီးဆီ အလိုလိုလာပြီး ကျွန်ခံတဲ့ ကျွန်ဖြစ်တယ်။ ငါဟာ တတိယကျွန်ဖြစ်တဲ့အတွက် ငါ့ကို မင်းကြီးပိုင်တယ်"လို့ အမှန်အတိုင်းပဲ ပြောပြလိုက်ပါတယ်။

နောက်ဆုံးတော့ ဝိဓုရအမတ်ကြီးကို ပုဏ္ဏကလက်ထဲကို ပေးလိုက်ရပါတော့တယ်။

တကယ်ဆို ဝိဓုရအမတ်ကြီးအနေနဲ့ သူပြောတဲ့အတိုင်းဖြစ်မှာဆိုတော့ မင်းကြီးကိုငဲ့ပြီး ဆုံးဖြတ်ပေးလိုက်လို့ရပါတယ်။ ပုဏ္ဏကကလည်း ဘာမှပြောခွင့်သာမှာမဟုတ်ပါဘူး။ လက်ခံရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သစ္စာပါရမီကိုပဲကိုင်ပြီး ဆုံးဖြတ်ပေးခဲ့ပါတယ်။

တကယ်လို့ ကျေးဇူးရှိသူ၊ သံယောဇဉ်ရှိသူ မင်းကြီးအတွက်ပဲငဲ့ပြီး ဆုံးဖြတ်ပေးလိုက်ရင် ပုဏ္ဏားကက ဘာမှ ပြောခွင့်မသာပေမယ့် တစ်သက်လုံး တွေးမိတိုင်း နောင်တရနေတော့မှာပါ။ နောင်မှာရတဲ့ နောင်တက ကိုယ့်ရဲ့စိတ်ကို သိပ်ပြီးခံစားရစေပါတယ်။ တွေးမိတိုင်း တွေးမိတိုင်း ခံစားနေရတော့တာပါ။

၁။ ရာထူးဂုဏ်သိမ်၊ စည်းစိမ်ဥစ္စာတို့ကို မငဲ့ကွက်ဘဲ အမှန်တရားကိုပြောဆိုတာက သစ္စာပါရမီပါ။

၂။ မိမိရဲ့ ခြေလက်မျက်စိစတဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းကို မငဲ့ကွက်ဘဲ အမှန်တရားကို ပြောဆိုတာက သစ္စာဥပပါရမီပါ။

၃။ မိမိရဲ့အသက်ကိုမငဲ့ကွက်ဘဲ အမှန်တရားကို ပြောဆိုတာက သစ္စာပရမတ္ထပါရမီပါ။

ဘုရားအလောင်းတော်မြတ်ဟာ ဖြစ်လေရာဘဝတိုင်း အထက်က ပါရမီသုံးမျိုးကို အခွင့်ကြုံတိုင်း ဖြည့်ကျင့်ခဲ့ပါတယ်။

ဓမ္မပဒ၊ လောကဝဂ်မှာ "မုသာဝါဒကံကို ကျူးလွန်ဝံ့သူမှာ သူမပြုဝံ့သော မကောင်းမှုဟူ၍ ရှိတော့မည်မဟုတ်" လို့ ဟောကြားထားပါတယ်။

သာသနာနဲ့ကြုံခိုက်မှာ ဒီလိုတရားသဘောတွေ



သိခွင့်ရနေတာကကို ကိုယ့်အတွက် သိပ်ပြီးကံကောင်းနေတာပါ။ သိခွင့်ရနေတဲ့အခိုက်မှာ အသိကတစ်ဆင့် အကျင့်ဆီကို ကူးနိုင်ဖို့ သိပ်ပြီးအရေးကြီးပါတယ်။

သစ္စာပါရမီဖြည့်ကျင့်တာဟာ တစ်ဖက်မှာ ကိုယ့်အတွက် ပါရမီကုသိုလ်တွေဖြစ်နေသလို တစ်ဖက်မှာလည်း ကိုယ့်ရဲ့ စီးပွားရေးလုပ်ငန်းအတွက် အထောက်အပံ့ကျေးဇူးတွေ ပြုနေတာဆိုတော့ မဖြစ်မနေ ဖြည့်ကျင့်သင့်တဲ့ ပါရမီတစ်ပါးပါပဲလေ။

**ကျမ်းကိုး**

၁။ မဟာဗုဒ္ဓဝင် ပထမတွဲ၊ ပထမပိုင်း။
(တိပိဋကမင်းကွန်းဆရာတော်ဘုရား)
၂။ ပါရမီ ၁၀ ပါး။
(ဓမ္မာစရိယ ဦးမောင်မောင်လေး)

**ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း**
**ဇူလိုင်၊ ၂၀၀၇။**

www.burmeseclassic.com

www.burmeseclassic.com



## ပါရမီအချစ်ဟူသည် အဘယ်ပါနည်း

?

အဖြေ = စာမျက်နှာ – ၁၅၉ – ၁၆၀



## မြင့်မြတ်သူတို့ရဲ့အလုပ်(၈)
### အဓိဋ္ဌာန်ပါရမီ

**မြဲမြဲမြန်မြန်၊ ဖွဲ့သန်သန်၊ ဓိဋ္ဌာန်ဘယ်သို့ ဖြည့်သနည်း။**

**ရည်ရွယ်သမျှ၊ မပျက်ရအောင်၊ ဒါနစသည်၊ ပါရမီကို၊ တာရှည်မြဲမြံ၊ ဖွဲ့သန်သန်၊ ဓိဋ္ဌာန်ဤသို့ ဖြည့် သတည်း။**

(အဓိ = စွဲစွဲမြဲမြဲ၊ ဝါ – ဖွဲ့သန်သန်၊ ဋ္ဌာန = တည်တံ့ခြင်း) ဒါနစသော ပါရမီကို စွဲစွဲမြဲမြဲ ဖွဲ့ကောင်းကောင်းနှင့် ပြုလုပ် မည်ဟု ဆုံးဖြတ်ထားမှု၊ ဆုံးဖြတ်သည့်အတိုင်း ပြုလုပ်မှုကို "အဓိဋ္ဌာန်" ဟုခေါ်သည်။
(အရှင်ဇနကာဘိဝံသ၊ ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေ၊ နှာ – ၂၉)

အဓိဋ္ဌာန်ဆိုတဲ့စကားဟာ မြန်မာပြည်သူပြည်သားတွေအနေနဲ့ စိမ်းမနေပါဘူး။ ရင်းနှီးနေတဲ့စကားတစ်ခုပါ။ ကိုယ့်ရဲ့ အဓိဋ္ဌာန်အတိုင်း ကုသိုလ်မျိုးစုံ ပွားနေကြ ပြုနေကြတဲ့သူတွေလည်း အများကြီးရယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



လိုရင်းကတော့ ဒီအလုပ်ကိုလုပ်မယ်လို့ ဆုံးဖြတ်ထားတဲ့ စိတ်ပဋိညာဉ်ကို မရွေ့မပြောင်းတော့ဘဲ အလုပ်ပြီးဆုံးတဲ့အထိ လုပ်တော့တာပါ။

ဒါနပဲပြုပြု၊ သီလပဲဆောက်တည်ဆောက်တည်၊ သမထပဲပွားပွား၊ ဝိပဿနာပဲပွားပွား၊ အများကောင်းကျိုးပရဟိတတွေပဲ ဆောင်ရွက်ဆောင်ရွက် အဓိဋ္ဌာန်ပါရမီကို ကိုယ့်ရဲ့ကုသိုလ်အလုပ်ပြီးမြောက်ဖို့ အထောက်အပံ့တစ်ခုအနေနဲ့ အားကိုးရပါတယ်။ အဓိဋ္ဌာန်ပါရမီမပါရင် ကိုယ့်ရဲ့ကုသိုလ်ဟာ အာရုံဆိုးတစ်ခုခုကြောင့် အဆုံးအထိ မရောက်ဘဲ ပျက်ပြယ်သွားတတ်ပါတယ်။

လောကီအလုပ်ပဲဖြစ်ဖြစ်၊ လောကုတ္တရာအလုပ်ပဲလုပ်လုပ် "အဓိဋ္ဌာန်"ပါမှ လမ်းဆုံးအထိ လုပ်နိုင်မှာပါ။

ဥပမာပဲထားပါတော့၊ သီလကို ဆယ်ရက်တိတိ ဆောက်တည်မယ်လို့ ဆုံးဖြတ်ထားတယ်ဆိုပါတော့။ မိတ်ဆွေတွေရဲ့ ဧည့်ခံပွဲတစ်ခုခုနဲ့ ကြုံရလို့ပဲဖြစ်ဖြစ်၊ သီလကျိုးလွန်စရာ အာရုံတစ်ခုခုနဲ့ ကြုံရလို့ပဲဖြစ်ဖြစ်၊ "ဒီတစ်ရက်တော့ ဖျက်လိုက်ပါဦးမယ်၊ နောက်ရက်တွေ စောင့်လို့ရတာပဲလေ"ဆိုပြီး အလွယ်တကူ ဖျက်မိသွားတတ်ပါတယ်။

တကယ်လို့သာ အဓိဋ္ဌာန်ပါရမီပါတဲ့သီလသာ ဆောက်တည်ထားရင် သီလကျိုးလွန်ဖို့ အာရုံတစ်ခုခုကြုံလာတဲ့အခါ "ငါ ဆယ်ရက်ပြည့်အောင် ဆောက်တည်မယ်လို့ အဓိဋ္ဌာန်ထားတယ်၊ ဖျက်လိုက်ရင်တော့ အဓိဋ္ဌာန်ပါရမီ



ပါ ပျက်တော့မှာပဲ၊ ဘာပဲဖြစ်ဖြစ် ဆယ်ရက်ပြည့်တဲ့အထိတော့ ဆောက်တည်သွားတော့မယ်"လို့ အဓိဋ္ဌာန်ခဲ့တဲ့ အဓိဋ္ဌာန်ပါရမီကို ပြန်အာရုံပြုဖြစ်ပြီး ကိုယ့်အဓိဋ္ဌာန်ပါရမီကို ရိုသေလေးစားတဲ့အနေနဲ့ မဖောက်ဖြစ်တော့ပါဘူး။

အလုပ်တစ်ခုပြီးမြောက်ဖို့အတွက် အဓိဋ္ဌာန်ပါရမီက ကူညီပေးသွားတဲ့သဘောပါ။ ကြီးမားတဲ့အဓိဋ္ဌာန်ပါရမီတွေကို ကိုယ်က အဓိဋ္ဌာန်ဖူးထားရင် သာမန်ကိစ္စလေးတွေလောက်တော့ မခက်တော့ပါဘူး။

ပြီးတော့ လောကီကိစ္စတွေမှာလည်း ကိစ္စသေးသေးကနေ ကိစ္စကြီးကြီးအထိ ဆောင်ရွက်ရမယ့် ဆောင်ရွက်ပေးရမယ့် ကိစ္စတွေမှာလည်း ရင်ထဲမှာ အဓိဋ္ဌာန်ပါရမီလေးရှိထားရင် အစစအရာရာကိုသည်းခံပြီး စိတ်ဆုံးဖြတ်ထားတဲ့အတိုင်း လုပ်ဖြစ်နေတော့တာပါ။ အလုပ်ကို ဖျက်ပစ်ချင်လောက်အောင် အတွေးဆိုးလည်း မဝင်တော့ပါဘူး။ ဝင်လာဦးတော့ ရင်ထဲက အဓိဋ္ဌာန် ပါရမီလေးကို အာရုံပြုလိုက်တဲ့အခါ အတွေးဆိုးက ပျောက်သွားတာ များပါတယ်။

သာမန် မိတ်ဆွေအချင်းချင်း ကူညီရတဲ့အခါတွေမှာလည်း ဆုံးဖြတ်ထားတဲ့အတိုင်း စိတ်မငြီးငြူတော့ဘဲ ကုသိုလ်ပါရမီကိုပဲ အာရုံပြုပြီး လုပ်ဖြစ်ပေးတော့တာပါ။

နောက်ဆုံး . . သူငယ်ချင်းတစ်ယောက်ယောက်ကို လဘက်ရည်တိုက်မယ်လို့ ဆုံးဖြတ်ပြီးရင်တောင် သူ့ကို အစာမကြေစရာ တစ်ခုခုတွေဦးတော့ ကိုယ့်ရဲ့အဓိဋ္ဌာန်ပါရမီ

www.burmeseclassic.com

www.burmeseclassic.com



ကို ချစ်သောအားဖြင့် မဖြစ်မနေတိုက်ဖြစ်တော့မှာပါ။

ဒါတွေဟာ အဓိဋ္ဌာန်ပါရမီရဲ့ ကျေးဇူးတွေပါ။

ဒီတော့ အလုပ်တွေနဲ့မကင်းတဲ့ လူသားတစ်ယောက်ရဲ့ဘဝမှာ အဓိဋ္ဌာန်ပါရမီက ဘဝရဲ့အင်္ဂါရပ်တစ်ခု အနေနဲ့ပါနေမှ အဆင်ပြေပါတယ်။

မသိခဲ့တဲ့အချိန်မှာ ပျက်ပြယ်ခဲ့တာတွေက တစ်ပိုင်းပါ။ သိတဲ့အချိန်မှာတော့ အလုပ်တိုင်း အလုပ်တိုင်းမှာ အဓိဋ္ဌာန်ပါရမီလေးက တွဲတွဲပါနေဖို့ပါ။ အဓိဋ္ဌာန်ပါရမီ အတိုင်းလည်း ပြီးဆုံးတဲ့အထိ လုပ်ပေးလုပ်ပေးသွားဖို့ပါ။

ပါရမီကုသိုလ်တွေ ဖြည့်ကျင့်နေတဲ့အခါမှာ မကျေနပ်စရာအာရုံကြောင့် ပျက်သွားရတတ်သလို ကျေနပ်စရာအာရုံကြောင့်လည်း ပျက်သွားရတတ်ပါတယ်။ ကိုယ့်ရဲ့ ပါရမီကုသိုလ်လုပ်ငန်းမှာ ရန်သူတွေက မထင်မှတ်တဲ့နေရာက ရောက်ရောက်လာတတ်ပါတယ်။ အဲဒီအခါမှာ ကိုယ့်ရဲ့ အဓိဋ္ဌာန်ပါရမီလက်နက်နဲ့ ပြန်တိုက်ရပါတယ်။ အဓိဋ္ဌာန်ပါရမီလက်နက်မရှိရင် ကိုယ်ရှုံးရတော့မှာပါ။ ဒါကြောင့် အဓိဋ္ဌာန်ပါရမီလက်နက်က ပါရမီမြောက်အောင် ပြုချင်တဲ့လူတစ်ယောက်အတွက် သိပ်ကိုလိုအပ်နေပါတယ်။

အဓိဋ္ဌာန်ပါရမီနဲ့ပတ်သက်လို့ တေမိယဇာတ်တော်ကြီးက ထင်ရှားပါတယ်။

တေမိမင်းသားဟာ ဘုရင့်သားမဖြစ်ခင် တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်ခဲ့ပါတယ်။ နတ်သား



မဖြစ်ခင် ငရဲကျခဲ့ရပါတယ်။ ငရဲမကျခင် လူ့ပြည်မှာ ဘုရင်ဖြစ်ခဲ့ပါတယ်။ ဘုရင်ဘဝမှာ သတ်မှု၊ ဖြတ်မှုတွေကို အမိန့်ပေးခဲ့တဲ့အတွက် ငရဲကျရတာပါ။

အလောင်းတော်နတ်သားဟာ သိကြားမင်းရဲ့ တောင်းပန်မှုကြောင့် လူ့ပြည်က စန္ဒာဒေဝီမိဖုရားကြီးရဲ့ ဝမ်းမှာ ဝင်စားပေးခဲ့ပါတယ်။ မွေးဖွားလာတဲ့အခါမှာလည်း အပြစ်ကင်းတဲ့ နို့ထိန်းနှစ်ရာ့လေးကျိပ်နဲ့ စောင့်ရှောက်ထိန်းကျောင်းစေပါတယ်။

တစ်လပြည့်တဲ့နေ့မှာတော့ ရေချိုးတန်ဆာဆင်ပြီး မင်းကြီးဆီ ယူခဲ့ပါတယ်။ မင်းကြီးက သားတော်တေမိမင်းသားကို ရင်ခွင်ထဲ ထားဆဲခဏမှာပဲ သူခိုးလေးယောက်ကို လာပို့ပါတယ်။ ဒီတော့ မင်းကြီးလည်း ခိုးသူလေးယောက်ကို ရာဇမာန် အာဏာသံနဲ့ ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းတဲ့ အပြစ်ဒဏ်တွေကို ချမှတ်လိုက်ပါတယ်။

တေမိမင်းသားလေးဟာ ပါရမီအားလျော်စွာ “သြော် . . ခမည်းတော်ဟာ ငရဲလားကြောင်း အကုသိုလ်တွေ ပြုနေပါလား” ဆိုပြီး အတွေးဖြစ်သွားပါတယ်။

နောက်တစ်နေ့မှာတော့ တေမိမင်းသားလေးကို ထီးဖြူအောက်မှာ သိပ်ထားလိုက်ပါတယ်။

အိပ်ရာကနိုးတော့ မင်းရဲ့တန်ဆာဖြစ်တဲ့ ထီးဖြူကို ကြည့်ပြီး လန့်သွားပါတယ်။ တစ်ဆက်တည်း သူခိုးလေးယောက်ကို စီရင်သံတွေကိုပြန်ကြားပြီး ပိုလန့်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တေမိမင်းသားဟာ အတိတ်ဘဝတွေကို ပြန်အောက်မေ့နိုင်တဲ့ ဇာတိဿရဉာဏ်ကို ရထားတာဆိုတော့ ဇာတိဿရဉာဏ်နဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်တဲ့အခါ နတ်ပြည်ကလာခဲ့ပုံ၊ နတ်ပြည်မရောက်ခင် ငရဲကျခဲ့ပုံ၊ ငရဲမကျခင် မင်းအဖြစ်နဲ့ အနှစ်နှစ်ဆယ်နေခဲ့ရပုံ၊ မင်းဖြစ်စဉ်အမှုမျိုးစုံကို စီရင်ခဲ့ရပုံတွေ တစ်ဆင့်ခြင်း ပြန်မြင်ပါတယ်။

အတိတ်ဘဝတွေကို ပြန်သတိရလိုက်တော့ ပဒုမ္မာကြာပန်းကို လက်နဲ့ဆုပ်နယ်ပစ်လိုက်လို့ နွမ်းသွားသလို တေမိမင်းသားလေးလည်း နွမ်းသွားရှာပါတယ်။

တေမိမင်းသားလေးရဲ့ဖြစ်စဉ်ကိုကြည့်ပြီး ရှေးသံသရာက မိခင်တော်ခဲ့ဖူးတဲ့ ထီးချက်စောင့်နတ်သမီးက "ချစ်သား . . ဘာမှမကြောက်နဲ့။ မင်းမလုပ်ချင်ရင် မဆွံ့ပေမယ့် ဆွံ့နေသယောင်၊ နားမထိုင်းပေမယ့် နားထိုင်းနေသယောင်၊ မအ,ပေမယ့် အ,နေသယောင် ဆောင်နေလိုက်ပါ"လို့ အကြံပေးပါတယ်။

အဲဒီအချိန်ကစပြီး မင်းသားဟာ အထက်ကသုံးချက်ကို ပြုကျင့်ဖို့ အဓိဋ္ဌာန်လိုက်ပါတယ်။ အဓိဋ္ဌာန်ခဲ့တဲ့အတိုင်းလည်း တစ်ဆယ့်ခြောက်နှစ်လုံးလုံး အာရုံမျိုးစုံနဲ့ မြူခဲ့၊ ခြောက်ခဲ့ပေမယ့် အဆွံ့လို၊ အထိုင်းလို၊ အအလို နေခဲ့ပါတယ်။

နောက်ဆုံးတော့ ပုဏ္ဏားတွေရဲ့ စေခိုင်းချက်အရ ခမည်းတော်မင်းကြီးက သားတော်တေမိမင်းသားကို



သုသာန်မှာ ဦးခေါင်းရိုက် မြေမြုပ်သတ်စေလို့ အမိန့်ချလိုက်ပါတယ်။

တေမိမင်းသားလည်း ရထားထိန်း သုသာန်ခေါ်လာတဲ့အထိ ဘာမှမဖြစ်သလိုနဲ့ လိုက်လာခဲ့ပါတယ်။

သုသာန်ရောက်တော့ ရထားထိန်းက မင်းသားကိုသတ်ဖို့ တွင်းတူးပါတယ်။ ဒီတော့မှ အကျိုးအကြောင်းဖွင့်ပြောပြပြီး ရသေ့ရဟန်းပြု တောထွက်သွားပါတော့တယ်။

တေမိမင်းသားဟာ ကိုယ်အဓိဋ္ဌာန်ခဲ့တဲ့အတိုင်း ကိုယ့်ရဲ့အဓိဋ္ဌာန်ကို မပျက်ရအောင် အထူးစောင့်ထိန်းခဲ့တာပါ။ အဓိဋ္ဌာန်ပြည့်မြောက်တဲ့နေ့ဟာ တေမိမင်းသားအတွက် လိုချင်တဲ့ပန်းတိုင်တစ်ခုဆီကို စိုက်စိုက်မြိုက်မြိုက်ရောက်သွားရတဲ့နေ့ပါ။ တကယ်လို့သာ အကြောင်းတစ်ခုခုကြောင့် အဓိဋ္ဌာန်ဖျက်လိုက်ရင် ဧကန်မုချ မင်းလုပ်ရတော့မှာပါ။ တေမိမင်းသားက မင်းမလုပ်ချင်ပါဘူး။

တကယ်တော့လည်း တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရတဲ့အဖြစ်ဟာ မအုပ်ချုပ်တတ်ရင် ငရဲကျကြောင်းတွေပါ။ စိတ်ထားတတ်ရင် ကိုယ့်ရဲ့ရာထူးအာဏာကို အမှီပြုပြီး ကုသိုလ်ပြုခွင့်တွေ အများကြီးအခွင့်သာပေမယ့် စိတ်မထားတတ်ပြန်ရင်လည်း အကုသိုလ်ပြုဖို့ အခွင့်တွေကလည်း တန်းစီစောင့်နေတာပါ။

လူတိုင်း လူတိုင်းဟာ ကိုယ့်ရဲ့တကယ့်ပန်းတိုင်အစစ်ကို အစဉ်သဖြင့် သိသိနေဖို့ပါပဲ။ ကိုယ့်ရဲ့တကယ့်

www.burmeseclassic.com

www.burmeseclassic.com



ပန်းတိုင်အစစ်နဲ့ယှဉ်လိုက်ရင် ကျန်တဲ့ ရာထူးဌာနန္တရ၊ ငွေကြေးဥစ္စာ၊ အောင်မြင်ကျော်ကြားမှုစသည်တွေဟာ ဘာမှ မဟုတ်တော့ပါဘူး။

ဘာမှမဟုတ်တာတွေကို ဘာမှမဟုတ်မှန်း သိလိုက်ရတဲ့အချိန်မှာ ဘာမှမဟုတ်တာတွေကို ဘာမှတန်ဖိုး မထားဖြစ်တော့ပါဘူး။ ဘာမှမဟုတ်တာတွေကို ဘာမှ မဟုတ်မှန်း မသိသရွေ့တော့ ဘာမှမဟုတ်တာတွေနောက်ကို တကောက်ကောက်နဲ့ ပင်ပန်းဆင်းရဲကြီးစွာ လိုက်နေရဦး မှာပါ။ ဘာမှမဟုတ်တာတွေနောက်ကို လိုက်နေသရွေ့တော့ ဘာမှမဟုတ်တဲ့သူပဲ ဖြစ်နေဦးမှာပါ။ ဆိုင်ရာမဂ်တစ်ခုခုကို ရတော့မှပဲ ဘာမှမဟုတ်တဲ့သူအဖြစ်က လွတ်မြောက်ရမှာ ပါ။ ဆိုင်ရာမဂ်တစ်ခုခုကို မရသေးသရွေ့တော့ ဘာမှကို စိတ်မချရသေးပါဘူး။

ဘာမှမဟုတ်တာတွေနောက်ကို လိုက်ခဲ့ရလို့ သံသရာတွေလည်း ရှည်ခဲ့ရပါပြီ။ ဘာမှမဟုတ်တာတွေ နောက်ကို ဆက်လိုက်နေသရွေ့တော့ သံသရာကလည်း ရှည်နေရဦးမှာပါ။

ဒါပေမယ့် ခန္ဓာကိုယ်စားဝတ်နေရေး၊ မိသားစု စားဝတ်နေရေးက ရှိနေသေးတာဆိုတော့ ပုထုဇဉ်သဘာဝ အရ ရာထူးဌာနန္တရ၊ ငွေကြေးဥစ္စာ၊ အခြေအရံ၊ ကျော်ကြား အောင်မြင်မှု စသည်တွေကလည်း ဘဝရဲ့အစိတ်အပိုင်း တစ်ခုအနေနဲ့ လိုအပ်နေပြန်ပါတယ်။



ကိုယ်က တကယ့်ပန်းတိုင်အစစ်ကို သိထားတာ ဆိုတော့ ခန္ဓာကိုယ်စားဝတ်နေရေးအရ မဖြစ်မနေ သုံးဆောင် နေရပေမယ့် ဒီပစ္စည်းတွေကိုပဲ တကယ့်ပန်းတိုင်အစစ်ဆီကို ရောက်နိုင်ဖို့ တံတားအဖြစ် အထောက်အပံ့အဖြစ် ပြန် အသုံးချနိုင်ရပါမယ်။

ပုရစ်ဖမ်းချိန် ပုရစ်ဖမ်းရ၊ ငါးရှဉ့်ဖမ်းချိန် ငါးရှဉ့် ဖမ်းရ၊ တီကောင်ဖမ်းချိန် တီကောင်ဖမ်းရတဲ့ တစ်နေ့လုပ်မှ တစ်နေ့စားရ၊ နဖူးကချွေး ခြေမကျမှ စားရတဲ့ဘဝရောက် နေပြန်ရင်လည်း ဒါနပြုဖို့ သီလဆောက်တည်ဖို့၊ သမထ ပွားများဖို့၊ ဝိပဿနာပွားများဖို့ အခွင့်အရေးတွေ နည်းသွားရ ပြန်ပါတယ်။ အကုသိုလ်ပြီးရင်း အကုသိုလ်၊ အကုသိုလ် ပြီးရင်း အကုသိုလ်ပဲ ဖြစ်နေရတော့တာပါ။ လူဖြစ်လာရပြီး ကုသိုလ်ပြုခွင့် မရတာ သိပ်နစ်နာတာပါ။ အထူးသဖြင့် ဝိပဿနာပွားခွင့်မရတာ သိပ်နစ်နာပါတယ်။

ကိုယ့်မှာ ပစ္စည်းဝတ္ထုတွေရှိထားရင် ဒီပစ္စည်းဝတ္ထု တွေကိုပဲ အမှီပြုပြီး ကြိုက်တဲ့အချိန်ထပြီး ဒါနပြုနိုင်သလို ကြိုက်တဲ့အချိန် ထပြီး ရိပ်သာဝင်နိုင်ပါတယ်။ ဒီတော့ ပစ္စည်း ဝတ္ထုတွေကလည်း လိုအပ်နေပြန်ပါတယ်။

ပစ္စည်းဝတ္ထုတွေကို အာရုံခံစားဖို့ သက်သက် လောက်ပဲ အာရုံပြုထားရင် ရထားတဲ့လူ့ဘဝဟာ အဓိပ္ပါယ် မရှိသေးပါဘူး။ လူ့ဘဝရဲ့ တကယ့်ပန်းတိုင်အစစ်ကိုလည်း သိထားမယ်၊ သိထားတဲ့အတိုင်းလည်း ဒီပစ္စည်းဝတ္ထုတွေကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့ပန်းတိုင်အစစ်ရဲ့ လမ်းကြောင်းပေါ်ကို အထောက်အပံ့အဖြစ် တင်ပေးလိုက်နိုင်တယ်ဆိုရင်တော့ ဘဝက အဓိပ္ပါယ်ရှိသွားတော့တာပါ။

အမှန်ဆို ကိုယ်က ဆရာသမားတွေဆီကတစ်ဆင့်၊ စာအုပ်တွေကတစ်ဆင့် ကိုယ့်ရဲ့တကယ့်ပန်းတိုင်အစစ်ကို သိခွင့်ရနေတာပါ။ ဒါတင်မကဘဲ တကယ့်ပန်းတိုင်အစစ်ဆီကို သွားရာလမ်းကြောင်းကိုလည်း သိခွင့်ရထားတာပါ။ ဒီတော့ ကိုယ်က အရွယ်ရှိတုန်း အချိန်ရှိတုန်းလေးမှာ မေ့မေ့လျော့လျော့ မနေဖို့ပါပဲ။

ဘာပဲပြောပြော ဘာမှမဟုတ်တာတွေကို ဘာမှမဟုတ်မှန်းသိပြီး တကယ့်ပန်းတိုင်အစစ်ဆီကို ကိုယ့်ရဲ့စိတ်ကလေး ဦးတည်ထားဖို့ပါပဲလေ။

**ကျမ်းကိုး**


၁။ မဟာဗုဒ္ဓဝင် ပထမတွဲ၊ ပထမပိုင်း။
(မင်းကွန်းတိပိဋကဆရာတော်ဘုရား)
၂။ ပါရမီတော်။ (တိပိဋကအရှင်သုမင်္ဂလာလင်္ကာရ)
၃။ ဗုဒ္ဓ (သို့မဟုတ်) လောကသားတို့ရဲ့အနှိုင်းမဲ့ကျေးဇူးရှင်။
(ဆရာကြီးဦးရွှေအောင်)


**ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း**
**ဩဂုတ်လ၊ ၂၀၀၇။**



## မြင့်မြတ်သူတို့ရဲ့အလုပ်(၉)
### မေတ္တာပါရမီ

**မေတ္တာဖြစ်ပုံ၊ စနစ်ကုန်၊ စုံစုံဘယ်သို့ ပြောမည်နည်း။**

**မိမိအပေါ်၊ သူ–မတော်လည်း၊ သူတော်မြတ်ဖျား၊ လောင်းဘုရားတို့၊ သူများပြစ်ဆာ၊ မရှုပါဘဲ၊ ကိုယ်သာ သူ့ကျိုး၊ ဆောင်သယ်ပိုး၊ ရိုးရိုးမေတ္တာ ပွားသတည်း။**

မေတ္တာဟူသည် သူတစ်ပါးတို့ကို ကြီးပွားစေလို၊ ချမ်းသာစေလိုသောသဘောတည်း။ထို့ကြောင့် မြင့်မြတ်သော စိတ်ဓာတ်ရှိသူတို့သည် မိမိအပေါ်၌ သူတစ်ပါးက မတော်မတရား ပြုထားစေကာမူ ထိုသူ၏အပြစ်အနာအဆာကို (လက်စားချေမည်ဟု) မရှုတော့ဘဲ အကြောင်းကိစ္စပေါ်လာလျှင် ကိုယ်ကသာ သူ့အကျိုးကို ဆောင်ရွက်ကြလေသည်။ (အရှင်ဇနကာဘိဝံသ၊ ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေ၊ နှာ – ၃၀)

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းမှာ အမတ်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ရှိပါတယ်။ တစ်နေ့တော့ အဲဒီအမတ်ကို မသင့်လျော်တဲ့ အပြစ်တစ်ခုကို ကျူးလွန်တဲ့အတွက် မိသားစုနဲ့အတူ တိုင်းပြည်က နှင်ထုတ်လိုက်ပါတယ်။ နှင်ထုတ်ခံလိုက်ရတဲ့အမတ်က ကောသလတိုင်း ဒုဗ္ဗိသေနမင်းဆီ သွားခစားပါတယ်။ တဖြည်းဖြည်းနဲ့ ဒုဗ္ဗိသေနမင်းရဲ့ လူယုံဖြစ်လာတော့ နာကြည်းချက်ဒဏ်ရာလေးကလည်း ရှိထားတာဆိုတော့ ဗာရာဏသီပြည်ကို သိမ်းယူဖို့ တိုက်တွန်းပါတယ်။

ဒုဗ္ဗိသေနမင်းလည်း အမတ်ရဲ့တိုက်တွန်းချက်အရ ဗာရာဏသီပြည်ကိုသွားပြီး သိမ်းပိုက်ပါတယ်။ ပြီးတော့ ဗာရာဏသီမင်းကိုဖမ်းပြီး နန်းတော်တံခါးခုံအထက်မှာ တွဲလျားဇောက်ထိုးစွဲထားလိုက်ပါတယ်။

ဗာရာဏသီမင်းဟာ တရားနဲ့အညီ မင်းလုပ်နေသလို နေ့စဉ်ဒါန သီလ သမထတွေကိုလည်း ပြုကျင့်ပွားများနေသူပါ။

တရားဓာတ်ခံရှိထားတာဆိုတော့ ဇောက်ထိုးအစွဲခံထားရလျက်ပဲ ဒုဗ္ဗိသေနမင်းကို မေတ္တာပွားပါတယ်။ မေတ္တာပွားတဲ့ နေရာမှာ သာမန်အဆင့်လောက်တင်မကဘဲ ဈာန်ဖြစ်တဲ့အထိ ပွါးပါတယ်။

ဈာန်အဆင့်ကို ရောက်သွားတဲ့ အခါမှာတော့ အနှောင်အဖွဲ့အားလုံးက လွတ်သွားပြီး ကောင်းကင်မှာ တင်ပလ္လင်ခွေထိုင်နေတော်မူပါတယ်။

ဒီအချိန်မှာ ဒုဗ္ဗိသေနမင်းရဲ့ခန္ဓာကိုယ်ဟာ ပူလောင်



ပြီး မြေပြင်မှာ လူးလိမ့်နေရပါတော့တယ်။

မြေပြင်ပေါ်မှာ လူးလိမ့်လျက်ပဲ အမတ်တွေကို သူဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုတာ မေးပါတယ်။ အမတ်တွေကလည်း "တရားစောင့်တဲ့မင်းကို ပြစ်မှားမိလို့ဖြစ်ရတာပါ"လို့ ပြန်လျှောက်ပြကြပါတယ်။

အဖြစ်မှန်သိရတော့ ချက်ချင်းပဲ ဗာရာဏသီမင်းကို လွှတ်ဖို့စေခိုင်းပါတယ်။ မင်းချင်းတွေ သွားကြည့်တဲ့အခါမှာ ဗာရာဏသီမင်းက လွတ်ရုံတင်မကဘဲ ကောင်းကင်မှာတောင် တင်ပလ္လင်ခွေထိုင်နေပါပြီ။ ဒါကြောင့် ဒုဗ္ဗိသေနမင်းကို ပြန်လျှောက်ရပြန်ပါတယ်။

ဒုဗ္ဗိသေနမင်းလည်း ဗာရာဏသီမင်းရှိရာလာပြီး တောင်းပန်ကန်တော့ပါတယ်။

နောက်ဆုံးတော့ ဗာရာဏသီမင်းက ဒုဗ္ဗိသေနမင်းကို သူကျင့်ကြံခဲ့တဲ့ တရားအကျင့်တွေ ပြောပြဟောပြပြီး တောထွက် ရသေ့ပြုသွားပါတယ်။ သေလွန်တဲ့အခါမှာတော့ ဗြဟ္မာပြည်ကို ရောက်သွားရပါတော့တယ်။

(ငါးရာ့ငါးဆယ်၊ ဧကရာဇဇာတ်)

တကယ်တမ်း လောကဓံဆိုးတစ်ခု ကြုံလာတဲ့အခါ ကိုယ်ထုံပြီး ကျင့်ခဲ့တဲ့တရားက သိပ်ပြီးအားကိုးရတာပါ။ ကျင့်ပြီး ကျင့်ဆဲနောက်ပိုင်းတွေမှာလည်း တရားက ဆက်ဆက်စောင့်ရှောက်သွားတော့တာပါ။ ဒါတင်မကပါဘူး။ ကိုယ်ဆက်လျှောက် ရမယ့် ခရီးလမ်းကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီးညွှန်ပြပေးပါတယ်။

ဗာရာဏသီမင်းဟာ မင်းအဖြစ်ကို ပြန်ရပေမယ့် ကိုယ်ဆက်လျှောက်ရမယ့် တရားလမ်းကြောင်းကို တရားက ညွှန်ပြပေးထားတာဆိုတော့ မင်းအဖြစ်နဲ့တင် ရောင့်ရဲတင်းတိမ်မနေတော့ပါဘူး။ တရားက ညွှန်ပြထားတဲ့ ကိုယ်တကယ် ဆက်လျှောက်ရမယ့် ပန်းတိုင်ဆီကိုပဲ ဆက်လျှောက်တော့တာပါ။

တရားကို တကယ်ကျင့်ရင် တရားက လူတွေကို တကယ်ကူညီတာပါ။ တရားအသိ ရင်ထဲရောက်သွားပြီဆိုရင် “ဒါကတော့ လျှောက်သင့်တယ်၊ ဒါကတော့ မလျှောက်သင့်ဘူး၊ ဒါကတော့ ပြောသင့်တယ်၊ ဒါကတော့ မပြောသင့်ဘူး၊ ဒါကတော့ လုပ်သင့်တယ်၊ ဒါကတော့ မလုပ်သင့်ဘူး” စသည်ဖြင့် အနီးကပ် ညွှန်ကြားပေးနေတော့တာပါ။

တရားတွေ အားထုတ်နေပေမယ့် တရားအသိ ရင်ထဲမရောက်သေးရင် အာရုံဆိုးတစ်ခုတွေ့တာနဲ့ ‘ဝုန်း’ကနဲ ထပေါက်ကွဲတော့တာပါ။ ကာယကံမြောက် ဝစီကံမြောက် လည်း ချက်ချင်းကျူးလွန်ဖြစ်သွားတော့တာပါ။

သတိပြန်ဝင်လာတဲ့အခါမှာ အားလုံးက ကျူးလွန်ပြီးသားဖြစ်နေပါပြီ။ အဲဒီအခါကျမှ ကိုယ့်ကိုယ်ကိုယ် နောင်တရမဆုံး ဖြစ်နေတော့တာပါ။

ဘဝတွေ ဖရိုဖရဲဖြစ်မသွားဖို့ ကိုယ်နဲ့သပ္ပါယ



သင့်တဲ့ တရားအကျင့်လေးတွေတော့ ကိုယ်စီရှိထားဖို့လိုပါတယ်။

ဗာရာဏသီမင်းဟာ ဘုရားအလောင်းတော်ပါ။ ဘုရားအလောင်းတော်ဟာ မေတ္တာကို ပါရမီမြောက်အောင် ဖြည့်ကျင့်နေတာဆိုတော့ ကိုယ့်ရဲ့မေတ္တာပါရမီကို အပျက်မခံသလို ကြုံလာတဲ့လောကဓံကိုလည်း ကိုယ်ဖြည့်ကျင့်နေတဲ့ မေတ္တာပါရမီနဲ့ပဲ ရင်ဆိုင်ဖြေရှင်းသွားတာပါ။

မေတ္တာဆိုတဲ့ ပါဠိရဲ့အနက်ကို ချစ်ခြင်းလို့ အနက်ပြန်ကြပါတယ်။

အချစ်က သုံးမျိုးရှိပါတယ်။

၁။ ချစ်သူအချစ်ရယ်၊

၂။ မိသားစုအချစ်ရယ်၊

၃။ ပါရမီအချစ်ရယ်ပါ။

ချစ်သူအချစ်ဆိုတာက မိန်းမယောကျ်ား အပြန်အလှန် ချစ်ကြတဲ့အချစ်ပါ။

မိသားစုအချစ်ဆိုတာက မိဘနဲ့သားသမီး၊ ညီနဲ့အစ်ကို၊ မောင်နဲ့နှမ စသည်တို့ မိသားစုအိမ်သားအချင်းချင်း ချစ်ကြတဲ့ အချစ်ပါ။

ပါရမီအချစ်ဆိုတာကတော့ သူတစ်ပါးတို့ရဲ့ အကျိုးဖြစ်ထွန်းမှုကို လိုလားတဲ့အချစ်ပါ။

ပါဠိလို ပြောရင်တော့ တဏှာပေမရယ်၊ ဂေဟသိတ ပေမရယ်၊ မေတ္တာပေမရယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာပါရမီမှာတော့ နောက်ဆုံးအချစ်ဖြစ်တဲ့ ပါရမီအချစ်ကို ယူရမှာပါ။

ပါရမီအချစ်ဟာ သူတစ်ပါးအကျိုးကို ငဲ့နေပါတယ်။ မိမိအကျိုးကို မငဲ့ပါဘူး။ ကိုယ်ကသူ့ကို ပါရမီအချစ်နဲ့ချစ်ဖြစ်နေရင် သူ ကြီးပွါးစေချင်တယ်၊ တိုးတက်စေချင်တယ်၊ အောင်မြင်စေချင်တယ်၊ အစစအရာရာ အဆင်ပြေစေချင်တယ်။ သူ့ဆီက ဘာတုံ့ပြန်မှုမှ မမျှော်လင့်ပါဘူး။ ဒါ–ပါရမီအချစ်ရဲ့သဘောတွေပါ။

အကြောင်းတစ်ခုခုကြောင့် သိခွင့် ခင်ခွင့်ရကြတဲ့ အခါမှာ ကိုယ်ကလည်း သူ့ကို ပါရမီအချစ်နဲ့ ချစ်မယ်၊ သူကလည်း ကိုယ့်ကို ပါရမီအချစ်နဲ့ ချစ်မယ်ဆိုရင် နှစ်ဦးလုံးရဲ့ခင်မင်မှုဟာ အစဉ်အမြဲ ခိုင်မြဲနေတော့မှာပါ။ တစ်ဆင့်တက်ပြီး သူတရားထူး တရားမြတ်ရဖို့အတွက်လည်း ကိုယ်က ကူညီမယ်။ ကိုယ်တရားထူး တရားမြတ်ရဖို့အတွက်လည်း သူက ကူညီမယ်ဆိုရင် ပါရမီအချစ်က နိဗ္ဗာန်အထိတောင် ကျေးဇူးပြုနေတော့တာပါ။

တစ်စုံတစ်ယောက်ကို ကိုယ်တကယ်ချစ်တယ်ဆိုရင် ပါရမီအချစ်နဲ့ချစ်ပြီး နိဗ္ဗာန်ရဲ့အထောက်အပံ့တွေ အခါအားလျော်စွာ ဖန်တီးဖန်တီး ပေးနေနိုင်ရပါ့မယ်။

ဒီလိုပါပဲ။ သတ္တဝါအားလုံးအပေါ်မှာ ပါရမီအချစ်နဲ့ ချစ်နိုင်ရမှာဖြစ်သလို ချစ်သူအချင်းချင်း၊ မိသားစုအချင်းချင်းမှာလည်း ပါရမီအချစ်ပါတဲ့အချစ်တွေ တွဲတွဲပါ



နေပါမှ အစဉ်အမြဲ ခိုင်မြဲနေမှာပါ။ ချစ်သူအချင်းချင်း ချစ်ကြတဲ့နေရာမှာ တဏှာရာဂကို အခြေခံတယ်ဆိုပေမယ့် သူကုသိုလ်ဖြစ်ဖို့ ကိုယ်ကဖန်တီးပေးနေမယ်။ ကိုယ်ကုသိုလ်ဖြစ်ဖို့အတွက် သူက ဖန်တီးပေးနေမယ်ဆိုရင် ချစ်သူနှစ်ယောက်အတွက် ရန်ဖြစ်တယ်၊ မုန်းတယ်ဆိုတာတွေဟာ အိပ်မက်ထဲမှာတောင် ရှာလို့ရတော့မှာ မဟုတ်တော့ပါဘူး။

ပြီးတော့ ကိုယ့်ရဲ့မိသားစုဘဝလေးဟာ ငြိမ်းငြိမ်းချမ်းချမ်းလေး ရှိနေရုံတင်မကဘဲ တရားထူးတရားမြတ်ရဖို့အတွက်လည်း အထောက်အပံ့တွေ ဖြစ်နေတော့မှာပါ။

အဆင်မပြေဖြစ်ကြတယ်ဆိုတာ တဏှာပေမအချစ်လောက်နဲ့ပဲ ချစ်နေကြလို့ပါ။ ပါရမီအချစ် မပါကြလို့ပါ။ ဒီသဘောလေးကို အာရုံပြုပြီး အစဉ်သဖြင့် ခိုင်မြဲနေဖို့ ပါရမီအချစ်လေးပါ တွဲပါပေးရပါတယ်။

တချို့မိသားစုအတွင်းမှာ အဆင်မပြေဖြစ်ကြတယ်ဆိုတာလည်း ပါရမီအချစ်မပါကြလို့ပါ။ ကိုယ့်မှာပါရမီအချစ်သာရှိနေရင် တစ်ဖက်က မသိလို့မှားတဲ့အမှုအရာကို ပြဦးတော့ သူ့ကို ကိုယ်ကဒေါသမထွက်ဘဲ "သြော် .. သူမသိလို့ဘဲလေ"ဆိုပြီး ခွင့်လွှတ်ပြီးသားဖြစ်နေတတ်ပါတယ်။ ပြီးတော့ ဖြစ်ပေါ်လာတဲ့ပြဿနာကို တရားသဘောလေးနဲ့ ဖြေရှင်းတတ်သလို အမှားပြုသူ တစ်ဖက်သားကိုလည်း တရားနဲ့ပြန်ဖေးမပေးတတ်ပါတယ်။

ပြဿနာတစ်ခုဖြစ်လာပြီဆိုရင် ကိုယ်ဖြတ်ခဲ့ နာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျင်ခဲ့တဲ့တရားတွေ ပြန်အာရုံပြုပြီး တရားသဘောနဲ့ ပြန်ဖြေရှင်းရပါတယ်။ တကယ်လို့ မတရားတဲ့သဘောနဲ့ ပြန်ဖြေရှင်းလိုက်ရင် မတရားတဲ့ ဆိုးကျိုးတွေပဲ ပြန်ဖြစ်တော့တာပါ။

တချို့ မတရားတဲ့ တုံ့ပြန်မှုတွေဟာ တစ်ဖက်သားမှာ တစ်သက်တာ စိတ်ဒဏ်ရာရသွားစေတာပါ။ တစ်သက်တာ ရသွားတဲ့ စိတ်ဒဏ်ရာကိုပြန်ကုဖို့ ခက်သွားပါပြီ။ ဘဝဆိုတာ အမြဲအဆင်ပြေမနေနိုင်ပါဘူး။ တစ်ချိန်ချိန်ကာလတစ်ခုခုမှာ ကြီးမားတဲ့ အဆင်မပြေမှုကြီးတွေ ဖြစ်လာနိုင်ပါတယ်။ အဲဒီအခါမျိုးမှာ ကိုယ်ပါရမီအချစ်နဲ့ ချစ်ခဲ့ရသူတွေက ကိုယ့်အနားကို ပြေးလာကြမှာပါ။

ဘဝမှာ ကိုယ်က ပါရမီအချစ်နဲ့ ချစ်ခဲ့ရသူ မရှိခဲ့ဘူး။ ကိုယ့်ကြောင့် စိတ်ဒဏ်ရာရစေခဲ့တဲ့သူတွေပဲ ရှိခဲ့တယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ အဲဒီအဆင်မပြေမှုတွေနဲ့ပဲ သေသွားမယ်ဆိုရင် တရားလည်း မကပ်လိုက်နိုင်ရင် မကောင်းတဲ့ဂတိတစ်ခုခုကို ရောက်သွားနိုင်ပါတယ်။

ပုထုဇဉ်တွေရဲ့သဘောက ကိုယ့်ရဲ့အမှားကို ကိုယ်ပြန်မြင်ခဲကြပါတယ်။ အဲဒီအခါမျိုးမှာ ကိုယ့်ကို ပါရမီအချစ်နဲ့ချစ်သူ၊ ဒါမှမဟုတ် မိတ်ကောင်းဆွေကောင်းတစ်ဦးဦးက ကိုယ့်အမှားကိုမြင်ပြီး ပြုပြင်ပေးတဲ့အခါ ပြုပြင်ပေးတဲ့အတိုင်း လက်ခံကျင့်သုံး ရပါတယ်။ မိတ်ဆွေကောင်းတွေ ဥပေက္ခာပြုသွားအောင် ပြုပြင်ဖေးမမှုကို



မျက်ကွယ်မပြုရပါဘူး။ အလေးအနက်ထား ကျင့်သုံးပေးရပါတယ်။

ဒီတော့ ပါရမီအချစ်ဆိုတာ လူတိုင်းလူတိုင်းအတွက် လိုအပ်နေတော့တာပါ။

မေတ္တာဆိုတာ ကိုယ်ချစ်တဲ့သူတွေကို ထိုင်ပြီးပွားနေတာနဲ့တင် မလုံလောက်သေးပါဘူး။ ထိုင်ပြီးပွားတာက ပွားမေတ္တာပါ။ ကံအနေနဲ့ပြောရင် မနောကံမေတ္တာပါ။

ပွားမေတ္တာနဲ့အတူ ထားမေတ္တာကိုလည်း ကျင့်သုံးနိုင်ရပါမယ်။

သူတစ်ပါးအကျိုးရှိစေမယ့် စကားလေးတွေ ပြောပြပေးတာ၊ သူတစ်ပါးအကျိုးရှိစေမယ့် အလုပ်ကလေးတွေ ပြုလုပ်ပေးတာတွေပါ။ ကံအနေနဲ့ပြောရင်တော့ ဝစီကံမေတ္တာနဲ့ ကာယကံမေတ္တာပါ။

ဘယ်လိုစကားမျိုးပဲပြောရပြောရ မေတ္တာနဲ့ပဲ ပြောပေးတာ၊ ဘယ်လိုအလုပ်မျိုးပဲ လုပ်ပေးရလုပ်ပေးရ မေတ္တာနဲ့ပဲ လုပ်ပေးတာ၊ မြန်မာလိုပြောရင် သူတစ်ပါးအကျိုးငဲ့ငဲ့ပြီး ပြောပေးတာ၊ သူတစ်ပါးအကျိုးငဲ့ငဲ့ပြီး လုပ်ပေးတာတွေပါ။ ဒါတွေဟာ ထားမေတ္တာတွေပါပဲ။

တစ်နေ့တစ်နေ့ လူမျိုးစုံနဲ့ ဆက်ဆံနေကြရတာဆိုတော့ ကိုယ်က မေတ္တာပါပါလေးသာ ပြောဆိုပြုမူပေးရင် သူတစ်ဖက်သားမှာ အဆင်ပြေပြီး စိတ်တွေချမ်းသာသွားတာပါ။ သူတင်လားဆိုတော့ ကိုယ်လည်း ထပ်တူစိတ်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာရပြန်တာပါ။

ကိုယ်ကျိုးကိုငဲ့ထားရင် စကားပြောရတာကအစ ပေါ့ပေါ့ပါးပါး မရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စကားပြောတဲ့အခါတိုင်း 'ငါ့အတွက်'ဆိုတာကြီးက ရင်ထဲမှာ ရှိနေတာဆိုတော့ ပြောရတာ မလွတ်လပ်တော့ပါဘူး။

တကယ်တော့ ဒါတွေဟာ ဘာမှမခက်ပါဘူး။ အိပ်ရာထ ကိုယ်လက်သန့်စင်ပြီးတာနဲ့ "ငါ ဒီနေ့ ဘယ်သူနဲ့ပဲတွေ့တွေ့ မေတ္တာပါတဲ့ စကားလေးတွေပဲပြောပေးမယ်၊ မေတ္တာပါတဲ့ အလုပ်ကလေးတွေပဲ လုပ်ပေးမယ်"လို့ စိတ်ထဲက သုံးကြိမ်လောက် အဓိဋ္ဌာန်ထားလိုက်ရင် လူတစ်ယောက်နဲ့ ဆက်ဆံလိုက်ရတာနဲ့ မေတ္တာဆိုတာလေးကို ပြေးသတိရတော့တာပါ။

တစ်လလောက် လေ့ကျင့်ပြီး ကျင့်သုံးကြည့်လိုက်ရင် နောက်ပိုင်း ဆက်ဆံမှုတွေဟာ မေတ္တာပါပြီးသားဖြစ်နေတော့မှာပါ။

တစ်ခုတော့ရှိပါတယ်။ ပုထုဇဉ်တွေဆိုတော့ ကိုယ့်ရဲ့စိတ်ဟာ အမြဲတမ်းတော့ ဖြူဖွေးသန့်စင်မနေနိုင်ပါဘူး။ တစ်ခါတလေ အာရုံဆိုးတစ်ခုခုကြောင့် ညစ်ထေးသွားတတ်တာတွေလည်း ရှိပါတယ်။ အဲဒီလိုအခါမျိုးမှာ "ငါက မေတ္တာပါရမီ ဖြည့်ကျင့်ချင်သူ၊ ငါက မေတ္တာပါရမီ ဖြည့်ကျင့်ချင်သူ"လို့ ဆက်ကာဆက်ကာလေး ဆင်ခြင်ပေးလိုက်ရင် ပါရမီဓာတ်တွေ ရင်ထဲကို ပြန်ရောက်လာတာ များ



ပါတယ်။

အဖွဲ့အစည်းတစ်ခုတည်ထောင်ပြီးလို့ အထိုက်အလျောက် အောင်မြင်လာတဲ့အခါ ကွဲသွားတတ်ကြပါတယ်။ အဖြေရှာကြည့်ရင် မေတ္တာမပါလို့ပါ။ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက် အချင်းချင်းအပေါ် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာဆိုတဲ့ မေတ္တာသုံးပါးသာ အစဉ်သဖြင့် ထားနေရင် ကွဲစရာအကြောင်း မရှိတော့ပါဘူး။ သူက မေတ္တာမထားပေမယ့် ကိုယ်က မေတ္တာထားနေရင် ကိုယ်ကမေတ္တာမထားနိုင်ပေမယ့် သူကမေတ္တာထားနေရင်လည်း မကွဲပါဘူး။ နှစ်ဦးလုံးကိုက မေတ္တာမပါတဲ့အတွက် ကွဲသွားကြတာပါ။ ဒီတော့ ဘယ်သူ့ ဘယ်သူ့ကိုမှ အပြစ်တင်နေစရာ မလိုတော့ပါဘဲ နှစ်ဦးနှစ်ဖက်လုံးမှာကို တာဝန်ရှိနေပါတယ်။

အဖွဲ့အစည်းသေးသေးကနေ အဖွဲ့အစည်းကြီးကြီးအထိ ပါရမီမေတ္တာတွေပါနေဖို့ သိပ်အရေးကြီးပါတယ်။ မေတ္တာမပါရင် တစ်နေ့မှာ ကွဲမှာပါ။

နိုင်ငံတစ်ခု တိုးတက်ဖို့အတွက် ပါရမီအချစ်တွေ များများလိုပါတယ်။ ကိုယ့်နိုင်ငံကို တကယ်ချစ်တယ်၊ တကယ် တိုးတက်စေချင်တယ်ဆိုရင် ပါရမီအချစ်နဲ့ ချစ်နိုင်အောင် ကြိုးစားရပါမယ်။

ပါရမီအချစ်တွေရှိနေတဲ့နိုင်ငံဟာ သိပ်ပြီးငြိမ်းချမ်းနေပါတယ်။ ပါရမီအချစ်မရှိတဲ့နိုင်ငံတွေမှာ တိုက်ကြခိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အမြဲ ထိတ်လန့်နေကြရတာပါ။

ဒါကြောင့် လောကကြီးငြိမ်းချမ်းဖို့အတွက် ပါရမီအချစ်တွေ အများကြီး လိုအပ်ပါတယ်။

ပါရမီအချစ်ရဲ့သဘောက သူတစ်ပါးအကျိုးကို ငဲ့ပါတယ်။ မိမိအကျိုးကို လုံးဝမငဲ့ပါဘူး။ ကိုယ်က အခြေခံသဘောလေး ကို အာရုံပြုထားနိုင်ရပါမယ်။

ဒီတော့ ပါရမီအချစ်နဲ့ ချစ်နိုင်ဖို့ အသက်ရှင်နေသူ တစ်ဦးချင်းဆီမှာကို တာဝန်ရှိပါတယ်။ အားလုံးအားလုံးဟာ ပါရမီအချစ်တွေနဲ့သာ ချစ်နေကြမယ်ဆိုရင် ရုပ်ဝတ္ထုတွေ အလျှင်အမြန် မတိုးတက်ဦးတော့ စိတ်ပိုင်းဆိုင်ရာတော့ အစဉ်သဖြင့် ငြိမ်းအေးနေမှာပါ။ အဲဒီငြိမ်းအေးမှုကို အခြေခံပြီး ဝိပဿနာဘက်ကို ကူးလိုက်ရင် တကယ့်ပန်းတိုင် အစစ်ရဲ့ လမ်းကြောင်းပေါ်ကို တန်းကနဲရောက်သွားတော့မှာပါ။

သတ္တဝါအားလုံး ပါရမီအချစ်တွေနဲ့ပဲ ချစ်နေနိုင်ဖို့ဆိုတာတော့ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် မဖြစ်နိုင်သူတွေကြားထဲမှာ ချစ်တဲ့ စာဖတ်သူတစ်ယောက်ကတော့ ဖြစ်နိုင်သူ တစ်ယောက် ဖြစ်နိုင်အောင်ကြိုးစားရပါမယ်။

ပါရမီအချစ်နဲ့ မချစ်ဖူးကြသေးလို့သာ တခြားအာရုံတွေကို စိတ်ညွတ်နေကြတာပါ။ ပါရမီအချစ်ကို ချစ်ဖူးပြီးသွားရင် ကုန်ခဲ့သမျှ အချိန်တွေကိုတောင် ပြန်နှောင်တရနေတော့မှာပါ။



ပုထုဇဉ်တွေဆိုတော့လည်း ကိလေသာလေးတွေက ရှိနေသေးတာဆိုတော့ အမြဲတမ်း ပါရမီအချစ်နဲ့ ချစ်နေနိုင်ဖို့ဆိုတာ ကတော့ မလွယ်ပါဘူး။ ပါရမီအချစ်နဲ့ နီးလိုက်ဝေးလိုက်တော့ ဖြစ်နေမှာပါ။ ဒါပေမယ့် ကိုယ်က အဲဒီနီးနေတဲ့သဘောလေး ဝေးနေတဲ့သဘောလေးကို သတိနဲ့ ပြန်သိနေဖို့ပါပဲ။

ဘာပဲပြောပြော တွေ့ကြဆုံကြအခိုက်လေးမှာ အပြန်အလှန်ကိုယ်စီ ပါရမီအချစ်ကလေးတွေနဲ့ ချစ်နေဖို့ပါပဲလေ။

**ကျမ်းကိုး**

၁။ မဟာဗုဒ္ဓဝင် ပထမတွဲ၊ ပထမပိုင်း။
(တိပိဋကမင်းကွန်းဆရာတော်ဘုရား)

၂။ ပါရမီတော်။
(တိပိဋကအရှင်သုမင်္ဂလာလင်္ကာရ)

၃။ ဗုဒ္ဓ (သို့မဟုတ်) လောကသားတို့ရဲ့အနှိုင်းမဲ့ကျေးဇူးရှင်။
(ဆရာကြီးဦးရွှေအောင်)

**ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း**
**စက်တင်ဘာ၊ ၂၀၀၇။**

www.burmeseclassic.com

www.burmeseclassic.com



## ပူသည့်မျက်နှာမှ အေးသည့်မျက်နှာဖြစ်အောင်

# ?

အဖြေ = စာမျက်နှာ – ၉၆



## မြင့်မြတ်သူတို့ရဲ့အလုပ်(၁၀)
### ဥပေက္ခာပါရမီ

**လျစ်လျူရှုတာ၊ ဥပေက္ခာ၊ သည်ဟာ ဘာကြောင့်ကောင်းသနည်း။**

**လူကိုမရှု၊ သူတို့ပြုသည့်၊ အမှုအပေါ်၊ တော် မတော်ဖြင့်၊ စော်စော်ကားစေ၊ ကောင်းပြုပေလည်း၊ စိတ်နေမခု၊ ချစ်မပြုဘဲ၊ လျစ်လျူရှုကာ၊ ဥပေက္ခာ၊ သည်ဟာဒါ့ကြောင့် ကောင်းသတည်း။**

မုန်းလည်းမမုန်း ချစ်လည်းမချစ်ဘဲ အလယ် အလတ်၌ တည့်မတ်သောစိတ်ကို "ဥပေက္ခာပြုခြင်း= လျစ်လျူရှုခြင်း"ဟု ခေါ်၏။ ထိုသို့ရှုရာ၌လည်း ပုဂ္ဂိုလ်ကို ရှုသည်မဟုတ်။ ထိုပုဂ္ဂိုလ်များ ပြုသောအမှုအပေါ်၌သာ (စော်ကားလည်းမမုန်း၊ ရိုသေလေးစားလည်း မချစ်ဘဲ) လျစ်လျူရှုခြင်းဖြစ်သည်။

(အရှင်ဇနကာဘိဝံသ၊ ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေ၊ ၅၁–၃၁)

ဘုရားအလောင်းတော်ဟာ မြင်ရသူ ကြားရသူတွေ

www.burmeseclassic.com

www.burmeseclassic.com



ကြက်သီးမွေးညှင်းထရလောက်အောင် ဥပေက္ခာပါရမီကို ဖြည့်ကျင့် ခဲ့တဲ့ ဘဝတစ်ခု ရှိခဲ့ဖူးပါတယ်။ ဝတ္ထုနာမည်က မဟာလောမဟံသစရိယပါတဲ့။ အဓိပ္ပါယ်ကတော့ မြင်ရသူတွေ ကြက်သီး မွေးညှင်းထမခန်း ဖြစ်လောက်အောင် ကျင့်ခဲ့တဲ့ဝတ္ထုလို့ဆိုပါတယ်။ အဲဒီဝတ္ထုလေးကို အရင်ပြောပြရအောင်ပါ။

တစ်ခါတုန်းက ဘုရားအလောင်းဟာ ချမ်းသာကြွယ်ဝတဲ့အမျိုးမှာ ဖြစ်ရပါတယ်။ အရွယ်ရောက်တဲ့အခါ ဒိသာပါမောက္ခ ဆရာကြီးဆီမှာ ပညာသင်ကြားပါတယ်။ ပညာစုံတဲ့အခါ ဇာတိအရပ်ကိုပြန်လာပြီး မိဘနှစ်ပါးကိုပဲ စောင့်ရှောက်လုပ်ကျွေးနေခဲ့ပါတယ်။

မိဘနှစ်ပါး ကွယ်လွန်တဲ့အခါမှာတော့ လောကရဲ့ မမြဲတဲ့သဘောတွေကိုသိပြီး တောထွက်ဖို့ စီစဉ်ပါတယ်။ တောထွက်တဲ့ နေရာမှာလည်း ရဟန်းဝတ်နဲ့တောထွက်ရင် ထင်ရှားကျော်ကြား လာဘ်လာဘတွေ ပေါများနေမှာစိုးလို့ လူဝတ်နဲ့ပဲ တောထွက်ခဲ့ပါတယ်။ အထူးသဖြင့် သူတစ်ပါးတို့အပေါ်မှာ လျစ်လျူရှုခြင်းဆိုတဲ့ ဥပေက္ခာပါရမီကို အထွတ်အထိပ်ရောက်အောင် ဖြည့်ကျင့် ဖို့ပါ။

ရွာနိဂုံး မြို့တွေမှာ တစ်နေရာ တစ်ညသာနေပြီး ကိုယ့်ကိုမရှိမသေ များများပြုလုပ်တဲ့အရပ်မှာတော့ ကာလကြာကြာ လေးနေပေးပါတယ်။

ဒီလိုနဲ့လှည့်လည်ရင်း ရွာနိဂုံးတစ်ခုကို ရောက်လာ



ခဲ့ပါတယ်။ အဲဒီရွာက ကလေးတွေဟာ ခပ်ဆိုးဆိုးလေးတွေပါ။ လမ်းမှာသွားလာနေတဲ့ အဖွားအို အဖိုးအိုတွေတောင် ချမ်းသာမပေးဘဲ နောက်ပြောင်နေကြတာပါ။

ဘုရားအလောင်းတော်ဟာ နောက်ပြောင်နေတဲ့ ကလေးတွေကိုကြည့်ပြီး "အင်း . . ငါ့အတွက် ဥပေက္ခာပါရမီ ဖြည့်ကျင့်ဖို့ အထောက်အပံ့ကောင်းတွေရပြီ"ဆိုပြီး အဲဒီရွာမှာပဲနေဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ကလေးတွေဟာ ဘုရားအလောင်းတော်ကို မြင်တာနဲ့ နောက်ပြောင် စနောက်တော့တာပါ။ ဒါကို ဘုရားအလောင်းတော်က မခံနိုင်သယောင် ကြောက်ရွံ့သယောင်ဆောင်ပြီး ပြေးပါတယ်။ ဒီတော့ ဘုရားအလောင်းတော်နောက်ကို ကလေးတွေက ဝိုင်းအုံပြီး လိုက်ကြတော့တာပါ။

ဘုရားအလောင်းက ရှေ့ကသွား၊ ကလေးတွေက နောက်ကလိုက်နဲ့ သုသာန်အနားကို ရောက်လာပါတယ်။ ဒီတော့ ဘုရားအလောင်းက စဉ်းစားပါတယ်။ "ဒီနေရာဟာ ကလေးတွေကို တားမြစ်မယ့်လူ တစ်ယောက်မှမရှိဘူး၊ ငါ့ရဲ့ ဥပေက္ခာပါရမီကို လှလှကြီးဖြည့်ရတော့မယ်"ဆိုပြီး သုသာန်ထဲကိုဝင်ပြီး လူရိုးတစ်ခုကို ခေါင်းအုံးအိပ်နေလိုက်ပါတယ်။

ကလေးငမိုက်သားလေးတွေကတော့ သူတို့အတွက် စကွက် နောက်ကွက်ရပြီဆိုပြီး တံတွေးနဲ့ ထွေးလိုက် ဟိုလိုလုပ်လိုက် ဒီလိုလုပ်လိုက်နဲ့ စိတ်တိုင်းကျ နောက်ပြောင်ပြီးမှ ပြန်သွားကြတော့တာပါ။ ကလေးငမိုက်သားတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့တွေမှာလည်း နေ့တိုင်း နေ့တိုင်း ရောက်ရောက်လာပြီး နောက်ပြောင်ကြပါတော့တယ်။

ဒါကို အသိဉာဏ်ရှိတဲ့လူတွေက တွေ့သွားပြီး ကလေးတွေကို တစ်ဖက်က တားမြစ်ရင်း "ဒီပုဂ္ဂိုလ်ဟာ တန်ခိုးအာနုဘော်ရှိတဲ့ မဟာယောဂီကြီးပဲ"ဆိုပြီး များပြားတဲ့ ပူဇော်သက္ကာရတွေကို ပြုကြပါသတဲ့။

ဒါပေမယ့် ဘုရားအလောင်းတော်မြတ်ကတော့ နောက်ပြောင်တဲ့ ကလေးငမိုက်သားတွေအပေါ်မှာလည်း မုန်းခြင်းမရှိ၊ များပြားစွာ ပူဇော်သက္ကာရပြုတဲ့ ပညာရှိတွေအပေါ်မှာလည်း ချစ်ခြင်းမရှိဘဲ နှစ်မျိုးလုံးအပေါ်မှာ အလယ်အလတ်သဘောဆိုတဲ့ တစ်ထပ်တည်း တူမျှတဲ့သဘောပဲရှိပြီး ဥပေက္ခာပါရမီကို ဖြည့်ကျင့်တော်မူခဲ့ပါတယ်။

(စရိယာပိဋကအဋ္ဌကထာ၊ စာမျက်နှာ –၂၅၉၊ ၂၆၀)

ဘုရားအလောင်းတော်ဟာ အာရုံဆိုးတွေရှိတဲ့နေရာကို တကူးတကကိုသွားပြီး ဥပေက္ခာပါရမီကို ဖြည့်ကျင့်ခဲ့တာပါ။ ဝတ္ထုနာမည်အတိုင်း ဖတ်ရသူတွေ ကြက်သီးမွေးညှင်းထချင်လောက်အောင် ကြည်ညိုရတဲ့ဝတ္ထုလေးပါ။

ဒီဇာတ်ဝတ္ထုလေးမှာ လိုရင်းကတော့ ကလေးတွေတံတွေးနဲ့ထွေးလို့လည်း စိတ်မဆိုး၊ ပညာရှိတွေ ပူဇော်လို့လည်း မသာယာဘဲ စိတ်ကို တစ်ဖက်ကို ယိမ်းမသွားအောင် အလယ်မှာ ထားလိုက်နိုင်ခြင်းဆိုတဲ့ ဥပေက္ခာပါရမီပါ။

တကယ်လို့သာ ကလေးတွေကို စိတ်ဆိုးလိုက်



မယ်၊ လူကြီးတွေရဲ့ ပူဇော်မှုကို သာယာလိုက်မယ်ဆိုရင် ဥပေက္ခာမဖြစ်တော့ပါဘူး။

လက်တွေ့သဘောလေးတွေနဲ့ နီးစပ်အောင်ပြောရရင် လောကဓံဆိုးတွေနဲ့တွေ့လို့လည်း ဝမ်းမနည်း၊ လောကဓံကောင်းတွေနဲ့ တွေ့လို့လည်း မသာယာဘဲ စိတ်ကို ချိန်ခွင်လျှာလို အလယ်မှာထားနိုင်တာဟာ ဥပေက္ခာပါ။

ဥပေက္ခာရဲ့ တိုက်ရိုက်အနက်က အသင့်အားဖြင့် ရှုခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ ဒါကို ရှေးဆရာတော်ဘုရားများက လျစ်လျူရှုခြင်းလို့ မြန်မာပြန်ဆိုပေးခဲ့ကြပါတယ်။

တချို့က လျစ်လျူရှုခြင်း ဝေါဟာရကို သဘောပေါက်လွဲပြီး ဥပေက္ခာဆိုတာ ဂရုမစိုက်တော့ဘဲ ဖြစ်ချင်ရာဖြစ် သူ့အကျိုးကို မဆောင်ရွက်တော့ဘဲ ပစ်ထားလိုက်တော့တာလို့ ယူဆတတ်ကြပါတယ်။

တကယ်တော့ ဥပေက္ခာပါရမီရဲ့သဘောက သူတစ်ပါးအကျိုး လောကအကျိုးကို အမြဲငဲ့နေတာပါ။ ကိုယ့်ကို မုန်းတဲ့သူက အကူအညီ တောင်းလာရင်လည်း ပေးလိုက်တာပါပဲ။ ကိုယ့်ကိုချစ်တဲ့သူက အကူအညီ တောင်းလာရင်လည်း ပေးလိုက်တာပါပဲ။ အဲဒီလူနှစ်ယောက်အပေါ်မှာ စိတ်နှစ်မျိုးမဖြစ်ဘဲ တစ်သားတည်းထားပြီး ကူညီတာပါ။ နီးနီးစပ်စပ်အနေနဲ့ပြောရရင်တော့ ရာထူးဌာနနဲ့ရှိ ငွေကြေးဥစ္စာရှိတဲ့သူရယ်၊ ကိုယ့်အိမ်မှာခိုင်းတဲ့ ကလေးလေးရယ် အကူအညီတောင်းလာခဲ့ရင် အဲဒီနှစ်ယောက်လုံး

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာထားတဲ့စိတ်ဟာ တစ်သားတည်းပါပဲ။ ဒါပေမယ့် နှစ်ယောက်လုံးရဲ့အကျိုးကိုတော့ ငဲ့ထားပါတယ်။ ပြီးတော့ သူတို့ဆီက အပူဓာတ်ကို မယူပါဘူး။

ဒီတော့ ဥပေက္ခာဆိုတာ အာရုံမပြုဘဲ ပစ်ထားလိုက်တာ မဟုတ်ပါဘူး။ ချစ်ခြင်း မုန်းခြင်းကင်းစွာနဲ့ ကူညီတာပါ။ သူတစ်ပါးအကျိုး လောကအကျိုးကို အစဉ်သဖြင့် ငဲ့နေပါတယ်။ မငဲ့နိုင်ရင် ဥပေက္ခာပါရမီ မဟုတ်ပါဘူး။

နိဗ္ဗာန်ရဲ့အထောက်အပံ့ဖြစ်ဖို့အတွက် ပါရမီတွေ ဖြည့်တယ်ဆိုပေမယ့် ဖြည့်နေတဲ့ ပါရမီတွေက ကိုယ့်ကို အစဉ်သဖြင့် ပြန်စောင့်ရှောက်နေတာပါ။ ပါရမီရဲ့ အစောင့်အရှောက်ကို ခံရတဲ့သူဟာ ဘယ်နေရာ ဘယ်ဒေသမှာပဲ ဖြစ်ဖြစ် ထိပ်တန်းကိုပဲ ရောက်ကြရတာပါ။

တကယ် သေချာစဉ်းစားကြည့်ရင် မိုးလင်းကနေ မိုးချုပ်အထိ လောကဓံ အဆိုးအကောင်း အာရုံမျိုးစုံနဲ့ နေ့စဉ်နီးပါး တွေ့တွေ့နေကြရတာပါ။ တကယ်လို့သာ ကိုယ့်မှာ ဥပေက္ခာရှိထားရင် တစ်ဖက်က ကိုယ့်ကို မကောင်းစကားပြောလို့ပဲဖြစ်ဖြစ်၊ အပူစကားပြောလို့ပဲဖြစ်ဖြစ်၊ ကျောလို့ပဲဖြစ်ဖြစ်၊ နှိမ်လို့ပဲဖြစ်ဖြစ် အာရုံဆိုးတစ်ခုခုကိုပြုတိုင်း မကျေနပ်တဲ့စိတ်၊ ဝမ်းနည်းတဲ့စိတ်လည်း မဖြစ်တော့ပါဘူး။ ဒီလိုပါပဲ။ ကိုယ့်ကံအလျှောက် ဟိုကကောင်းတဲ့ စကားပြောလိုက်၊ ဒီကကောင်းတဲ့စကားပြောလိုက်၊ ဟိုက ကူညီလိုက် ဒီက ကူညီလိုက် လုပ်သမျှ ပြောသမျှတွေ အောင်မြင်



လိုက်နဲ့ အာရုံကောင်းတွေနဲ့ တွေ့တွေ့နေရပေမယ့်လည်း သာယာတဲ့စိတ်၊ ဝမ်းသာတဲ့စိတ် မဖြစ်တော့ပါဘူး။

တစ်ဖက်သားက ကိုယ့်ဆီကို လာလို့လည်း ဝမ်းမသာဘူး၊ မလာလို့လည်း ဝမ်းမနည်းဘူး။ ဖုန်းဆက်လို့လည်း ဝမ်းမသာဘူး၊ ဖုန်းမဆက်လို့လည်း ဝမ်းမနည်းဘူး။ ကိုယ့်ကို ချစ်လို့လည်း ဝမ်းမသာဘူး၊ မုန်းလို့လည်း ဝမ်းမနည်းဘူး။ ကိုယ့်ကိုစကား ပြောလို့လည်း ဝမ်းမသာဘူး၊ စကားမပြောလို့လည်း ဝမ်းမနည်းဘူး။ ကိုယ့်ကို ခိုင်းလို့လည်း ဝမ်းမသာဘူး၊ မခိုင်းလို့လည်း ဝမ်းမနည်းဘူး။ ဈေးရောင်းကောင်းလို့လည်း ဝမ်းမသာဘူး၊ ဈေးရောင်းမကောင်းလို့လည်း ဝမ်းမနည်းဘူး။ ကောင်းတဲ့အဝတ်ဝတ်ရလို့လည်း ဝမ်းမသာဘူး၊ မကောင်းတဲ့အဝတ် ဝတ်ရလို့လည်း ဝမ်းမနည်းဘူး။ အခွင့်အရေးရလို့လည်း ဝမ်းမသာဘူး၊ အခွင့်အရေး မရလို့လည်း ဝမ်းမနည်းဘူး စသည်ဖြင့် ဒါတွေဟာ ဥပေက္ခာရဲ့သဘောတွေပါ။

စာသဘောနဲ့ပြောရရင်တော့ ချစ်ခြင်း မုန်းခြင်းတွေ ငြိမ်းနေတာဟာ ဥပေက္ခာပါ။ လောကမှာ ချစ်ရတာလည်း မကောင်းပါဘူး။ မုန်းရတာလည်း မကောင်းပါဘူး။ သံသရာမှာ ချစ်ခဲ့ရတာတွေလည်း များပါပြီ။ မုန်းခဲ့ရတာတွေလည်း များပါပြီ။ အဲဒီအချစ် အမုန်းတွေကြောင့်ပဲ သံသရာရှည်ခဲ့ရတာပါ။ ချစ်ခြင်း မုန်းခြင်းတွေ ကင်းတဲ့ ဘဝလေးတစ်ခုရအောင် ကြိုးစားရတော့မယ့်အချိန်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားခွင့် မသာသေးရင်တောင် ကိုယ့်အနာဂတ်အိပ်မက်ထဲမှာတော့ ချစ်ခြင်း မုန်းခြင်းကင်းတဲ့ ဘဝလေးတစ်ခုကို စိတ်ကူးနဲ့ တည်ဆောက်ထားနိုင်ရပါမယ်။

နိဗ္ဗာန်လိုချင်တဲ့သူဟာ ချစ်ခြင်း မုန်းခြင်းတွေ ငြိမ်းနေရပါ့မယ်။ ဘာဖြစ်လို့လဲဆိုတော့ နိဗ္ဗာန်ရဖို့ ဝိပဿနာတရား အားထုတ်ရမှာပါ။ ဝိပဿနာတရား အားထုတ်တဲ့နေရာမှာ "ဒါနအရာ ဝမ်းမြောက်တာ မှန်စွာအဓိကဖြစ်ပေသည်။ ဝိပဿနာအရာ ဥပေက္ခာ မှန်စွာအဓိကဖြစ်ပေသည်"ဆိုတဲ့အတိုင်း ဒါနပြုတဲ့နေရာမှာ ဝမ်းမြောက်ဖို့ အဓိကဖြစ်ပေမယ့် ဝိပဿနာတရား အားထုတ်တဲ့နေရာမှာတော့ ဥပေက္ခာက အဓိကဖြစ်နေလို့ပါ။ ဒါကြောင့် နိဗ္ဗာန်လိုချင်လို့ ဝိပဿနာတရား အားထုတ်တဲ့သူဟာ အရာအားလုံးကို ဥပေက္ခာရှုပြီး အားထုတ်ရမှာပါ။ ဒါက လောကုတ္တရာဘက်ကပြောတာပါ။

လောကီဘက်မှာလည်း ဥပေက္ခာကို ကိုင်ထားပြီး ရှုနိုင်သမျှ ရှုထားရပါမယ်။ လောကဓံအဆိုးအကောင်းတွေနဲ့ ရင်ဆိုင် လာရတဲ့အခါမှာ ဥပေက္ခာရှုနိုင်မှ နေပျော်တာပါ။ ဥပေက္ခာမရှုနိုင်ရင် သိပ်စိတ်ဆင်းရဲရတာပါ။

ဘာပဲပြောပြော ဥပေက္ခာကတော့ လူသားတစ်ယောက်ဘဝမှာ အင်္ဂါရပ်တစ်ခုအနေနဲ့ လိုအပ်နေတာတော့ အမှန်ပါပဲ။ လက်တွေ့မကျင့်နိုင်သေးရင်တောင် ကိုယ်က ဒီသဘောလေးတွေကို သိထားတယ်ဆိုရင်ပဲ မဆိုးပါဘူး။ တစ်နေ့မှာ ကျင့်နိုင်အောင်ပေါ့။



တကယ်တော့ တစ်စုံတစ်ယောက်အပေါ် မကျေနပ်တဲ့စိတ်ဖြစ်တယ်ဆိုတာ ကိုယ့်မှာ ဥပေက္ခာမရှိလို့ပါ။ ဥပေက္ခာသာရှိ တစ်ဖက်က ဘယ်လောက်ပဲဆိုးပြ ဆိုးပြ ကိုယ်က ဘာမှမဖြစ်တော့ပါဘူး။ ကိုယ့်စိတ်ကလေးက ပုံမှန်ပါပဲ။ ဥပေက္ခာဟာ အဲဒီလို ကိုယ့်ကိုအကျိုးပြုတာပါ။

တကယ်လို့ ကိုယ်က ဥပေက္ခာပါရမီကို ဖြည့်ကျင့်ချင်တယ်ဆိုပါတော့။ ဒါဆိုရင် မနက်အိပ်ရာထ ကိုယ်လက်သန့်စင်ပြီးတာနဲ့ ဘုရားရှေ့သွားပြီး "မြတ်စွာဘုရား ဘုရားတပည့်တော် ဒီနေ့ မြတ်စွာဘုရားကို ဥပေက္ခာပါရမီနဲ့ ပူဇော်ပါမည်ဘုရား"လို့ အဓိဋ္ဌာန်လိုက်ပါ။

စိတ်ထဲမှာလည်း အထက်က လောမဟံသဇာတ်တော်ရယ်၊ "ချီးမွမ်းလို့လည်း မသာယာ၊ ကဲ့ရဲ့လို့လည်း စိတ်မဆိုး၊ စိတ်နှစ်မျိုးမဖြစ်တာ ဥပေက္ခာ"ဆိုတဲ့ စကားစည်းမျဉ်းလေးကိုလည်း လက်ကိုင်ထားလိုက်ပါ။

အာရုံတွေ ကြုံလာတိုင်းလည်း "ငါ ဥပေက္ခာဖြစ်အောင်နေမယ်၊ ငါ ဥပေက္ခာဖြစ်အောင်နေမယ်" လို့ ထပ်ကာထပ်ကာ ကိုယ့်ကိုယ်ကိုယ် သတိပေးနေရပါတယ်။ သတိပေးမှုနဲ့အတူ နေလည်းနေပေးရပါမယ်။

တကယ်လို့များ ဝမ်းသာတဲ့စိတ်၊ ဝမ်းနည်းတဲ့စိတ်၊ ကျေနပ်တဲ့စိတ်၊ မကျေနပ်တဲ့စိတ် တစ်ဖက်ဖက်ကို သိမ်းနေခဲ့ရင် ကိုယ့်စိတ်ကလေးကို သေသေချာချာစိုက်ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



“ငါ့မှာ ဥပေက္ခာမရှိဘူးဖြစ်နေတယ်၊ ငါ့စိတ်ကလေးကို ဥပေက္ခာဖြစ်အောင် နေမယ်”လို့ နှစ်ခါသုံးခါလောက် ညာဏ်ဖြစ်တဲ့အထိ ဆင်ခြင်လိုက်ပါ။ ပြီးတော့ တစ်ဖက်ကို ယိမ်းနေတဲ့ ကိုယ့်စိတ်ကလေးကို အလယ်ဗဟိုကို ဖြည်းဖြည်းချင်း ပြန်ခေါ်ပါ။ ခေါ်စမှာခက်ပေမယ့် ခေါ်ပါများ ကျင့်ပါများလာရင် အလယ်ဗဟိုကို ရောက်လာပါလိမ့်မယ်။ ပုထုဇဉ်တွေဆိုတော့ အာရုံတစ်ခုခုနဲ့ တွေ့လိုက်တာနဲ့ စိတ်ကလေးက တစ်ဖက်ဆီကို ဖြတ်ကနဲယိမ်းသွားတတ်ပါတယ်။ ဒါပေမယ့် ကိုယ်က သတိပြန်ကပ်လိုက်ဖို့ပါ။

လွယ်လွယ်ကူကူနဲ့တော့ရမှာ မဟုတ်ပါဘူး။ ကျင့်ယူရင်း ကျင့်ယူရင်းနဲ့ ကိုယ်လိုချင်တဲ့ ဥပေက္ခာပါရမီဆီကို ရောက်သွားရမှာပါ။ ကိုယ်က ဥပေက္ခာပါရမီဖြည့်ချင်တဲ့ စိတ်ရှိဖို့ပဲလိုပါတယ်။

ကိုယ့်မှာ ဥပေက္ခာဖြစ်မဖြစ် သိချင်ရင် ကိုယ့်စိတ်ကလေးကို ပြန်ကြည့်လိုက်ပါ။ ဝမ်းသာတဲ့စိတ်၊ ဝမ်းနည်းတဲ့စိတ်၊ စိတ်တစ်ခုခုဖြစ်နေရင် ဥပေက္ခာ မဖြစ်သေးပါဘူး။ ကိုယ့်စိတ်ကလေးဟာ ဘယ်ဘက်ကိုမှ မယိမ်းဘဲ အလယ်မှာ တည်နေမှ ဥပေက္ခာဖြစ်တာပါ။

ဥပေက္ခာပါရမီဟာ သိပ်ပြီး သိမ်မွေ့နက်နဲသလို ကျင့်ဖို့လည်း သိပ်ခက်ခဲလှပါတယ်။

အမှန်တော့ စာရေးသူကိုယ်တိုင်လည်း ဥပေက္ခာရဲ့ သဘောကို ဝိုးတဝါးအသိပဲ ရှိပါတယ်။ အဲဒီဝိုးတဝါး အသိလေးနဲ့ပဲ စာဖတ်သူတွေကို စာကတစ်ဆင့် “တရားအသိလေး” ပေးလှူရတာပါ။

ဒီနေရာမှာ ဘာကို သဘောပေါက်မိသလဲဆိုတော့ ဥပေက္ခာရဲ့သဘောကိုသိဖို့ စာသိလောက်နဲ့တင် မလုံလောက်ပါဘူး။ လက်တွေ့သဘောနဲ့ပါ ပေါင်းစပ်ကြည့်မှ ဥပေက္ခာရဲ့သဘောကို ဝိုးတဝါးသိရတာပါ။

ဥပေက္ခာပါရမီရဲ့ အနှစ်သာရပိုင်းကို အပြည့်အဝ သိခွင့်မရသေးဦးတော့ ကျင့်လို့ ဝိုးတဝါးသိခွင့်ရလိုက်တယ်ဆိုရင်ပဲ ပုထုဇဉ်တစ်ယောက်အနေနဲ့ တော်တော်လေး လုံလောက်သွားတာပါ။

ကိုယ်က မြတ်စွာဘုရားကို ကြည်ညိုရသူဆိုတော့ မြတ်စွာဘုရားခိုင်းထားတာကို လုပ်ကြည့်သင့်ပါတယ်။ ရတာ မရတာကတော့ ပါရမီရဲ့အလုပ်လို့ပဲ သဘောထားလိုက်ပါ။

ဥပေက္ခာပါရမီကို အမြဲမဖြည့်ကျင့်နိုင်ရင်တောင် တစ်ပတ်တစ်ခါလောက်တော့ ကိုယ့်မွေးနေ့လေးတွေမှာ နှစ်နာရီ၊ သုံးနာရီလောက် အချိန်ပိုင်းလေး သတ်မှတ်ပြီး ဖြည့်ကျင့်ကြည့်ပါလား။ အထုံဖြစ်သွားအောင်လို့ပါ။

စာရေးသူကတော့ ဥပေက္ခာရဲ့သဘောကို စာသိရရုံနဲ့တင် ဥပေက္ခာရှိသူသိပ်ဖြစ်ချင်တာပါ။ ဖြစ်သလားဆိုတော့လည်း မနီးသေးသလိုပါပဲ။

ပိဋကတ်တော်ထဲက ဇာတ်လမ်းဝတ္ထုလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရတဲ့အခါ သိပ်အားကျရတဲ့ ဇာတ်ကွက်တစ်နေရာလေး တစ်ခု ရှိပါတယ်။ ဇာတ်ဆောင်တစ်ယောက်ဟာ အာရုံ တစ်ခုခုနဲ့တွေ့ပြီး သံဝေဂဖြစ်၊ အဲဒီသံဝေဂကိုပဲ အခြေခံပြီး ဝိပဿနာရှုမှတ်လိုက်တာ တရားထူး တရားမြတ်တွေ ရရသွားတဲ့ ဇာတ်ကွက်ပါ။

ဖတ်ပြီးတဲ့အခါတိုင်း အားကျစိတ်နဲ့အတူ "သြော် . . သူတို့ကျတော့လည်း လွယ်လိုက်တာနော်"လို့ တွေးမိ ပါတယ်။

တစ်ခါတလေ အာရုံတစ်ခုခုကိုတွေ့ပြီး သံဝေဂ လည်းဖြစ်မိပါရဲ့၊ အဲဒီသံဝေဂကိုအခြေခံပြီး တရားလည်း ရှုမှတ်ကြည့်ဖူးပါရဲ့။ ဒါပေမယ့် ဘာဖြစ်လဲ၊ ဘာမှမဖြစ် ပါဘူး။ အဲဒါ ဘာကြောင့်ပါလဲ?။

အဖြေက ဒီလိုပါ။

ပိဋကတ်တော်ထဲက ဇာတ်ဆောင်တွေ တရားထူး တရားမြတ်ရသွားကြတာ ဘာကြောင့်လည်းဆိုတာ ပါဠိ လေးတစ်ခု ပါပါတယ်။ ဘာလဲဆိုတော့ ဟေတုသမ္ပတ္တိ= အကြောင်းရဲ့ ပြည့်စုံခြင်းကြောင့်ပါတဲ့။

အကြောင်းရဲ့ပြည့်စုံခြင်းဆိုတာ သံသရာတစ် လျှောက် ဖြည့်ကျင့်ခဲ့တဲ့ ပါရမီတွေရဲ့ ပြည့်စုံခြင်းပါ။

ဒီတော့ ကိုယ်ကသံဝေဂဖြစ်၊ တရားရှုမှတ်ပေမယ့် ဘာမှမဖြစ်သေးတာ ဟေတုသမ္ပတ္တိ=အကြောင်းရဲ့ ပြည့်စုံ ခြင်း မရှိသေးလို့ပါ။ ပါရမီ မပြည့်သေးလို့ပါ။



ဒါကြောင့် တရားထူး တရားမြတ်ရဖို့အတွက် ဟေတုသမ္ပတ္တိလိုပါတယ်။ ပါရမီလိုပါတယ်။

ဘဝကို ဟိုတွေး ဒီတွေး၊ ဟိုပြော ဒီပြော၊ ဟိုလုပ် ဒီလုပ်၊ ဟိုသွား ဒီသွား၊ ဖုန်းပြောလိုက် စိတ်ဆိုးလိုက် စိတ်ကောက်လိုက်တွေနဲ့ပဲ အဓိပ္ပါယ်မဲ့ အချိန်တွေကုန် မသွားသင့်တော့ပါဘူး။ သေလည်း သေရဦးမှာပါ။

လူတစ်ယောက်ရဲ့ ဘဝမှာ နိဗ္ဗာန်ရဖို့သာ အဓိက ပါ။ ဒါကြောင့် မနက်အိပ်ရာကထတာနဲ့ "ငါ နိဗ္ဗာန်ရဖို့ အဓိက၊ ငါ ပါရမီတွေဖြည့်ရမယ်"လို့ သုံးလေးခါလောက် ဆင်ခြင်လိုက်ပါ။ စာရေးသူကတော့ အဲဒီလို ဆင်ခြင်ဖြစ် လိုက်ရင်ပဲ စိတ်စွမ်းအားတစ်ခု ရင်ထဲကို ရောက်ရောက်လာ တယ်လို့ ခံစားရပါတယ်။ အဲဒီလို ဆင်ခြင်ရင်း ရရှိတဲ့ စိတ်စွမ်းအားတစ်ခုနဲ့တင် ဘဝတစ်နေ့တာကို ကောင်း ကောင်းဖြတ်သန်းလို့ ရသွားတာပါ။ နိဗ္ဗာန် = ပါရမီတွေနဲ့ ယှဉ်လိုက်ရင် တွေ့ကြုံနေရတဲ့ လောကီအာရုံတွေဟာ ဘာမှ မဟုတ်တော့ပါဘူး။ အဓိကနဲ့ သာမညကို အသိထဲမှာ ကွဲသွားတဲ့အတွက် စိတ်ကလည်း ပေါ့ပေါ့ပါးပါး ဖြစ်သွား တော့တာပါ။

တရားလိုချင်တဲ့သူဟာ သံယောဇဉ် တွယ်တာသမျှ တွေကို စွန့်ရမှာပါ။ စွန့်ပြီးကျင့်မှလည်း ကိုယ့်ရဲ့တရား လမ်းကြောင်းက အဆင်ပြေမှာပါ။ သံယောဇဉ်တွယ်တာ သမျှတွေနဲ့ တရားကျင့်နေရင် ကိုယ်ကျင့်တဲ့တရားလမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းအတွက် အနှောက်အယှက်ဖြစ်နေပါလိမ့်မယ်။ စိတ်ရှင်းနေမှလည်း တရားမှတ်လို့ကောင်းတာပါ။ စိတ်ရှင်းနေဖို့အတွက်လည်း တွယ်တာသမျှ သံယောဇဉ်တွေကို ဖြတ်ရပါမယ်။ စွန့်သင့်တဲ့အချိန်မှာ စွန့်လိုက်တာကတော့ အကောင်းဆုံးပါပဲ။ စွန့်ပြီးကျင့်ခဲ့လို့ ကိုယ့်ရင်ထဲမှာ တရားအသိတွေရောက်လာတဲ့အခါ တစ်ချိန်က ကိုယ်သံယောဇဉ်တွယ်တာခဲ့ရသူတွေကို တရားနဲ့ပြန်ကူညီလို့ရပါတယ်။ တရားနဲ့ ကူညီတာကတော့ လောကမှာ အမြတ်ဆုံး ကူညီမှုပါ။ ကိုယ်သံယောဇဉ်ရှိခဲ့တဲ့သူတွေကို အမြတ်ဆုံး ကူညီမှုတွေနဲ့ ကူညီချင်တယ် ဆိုရင်တော့ စွန့်သင့်တာတွေကို စွန့်ပြီးကျင့်ရမှာပါ။ အထူးသဖြင့် ကိုယ့်ရင်ထဲမှာဖြစ်နေတဲ့ သံယောဇဉ်စိတ်ကို စွန့်ရမှာပါ။ ဘုရားအလောင်းတော်မြတ်ဟာ သံသရာတစ်လျှောက် သက်ရှိသက်မဲ့အရာအားလုံးကို စွန့်ပြီးကျင့်ခဲ့တာပါ။ စွန့်ပြီးကျင့်ခဲ့လို့ သိခဲ့တဲ့တရားအသိတွေနဲ့ပဲ သံသရာတစ်လျှောက် သတ္တဝါအားလုံးကို အမြတ်ဆုံး ကူညီမှုတွေနဲ့ ကူညီခဲ့နိုင်တာပါ။ ဒါကြောင့် စွန့်သင့်တဲ့အချိန်မှာ စွန့်သင့်တဲ့ အရာကို စွန့်လိုက်တာကတော့ အကောင်းဆုံးပါပဲ။

တစ်သက်လုံး ဘယ်တော့မှ မပြီးဆုံးနိုင်တဲ့ လူမှုရေးကိစ္စတွေလောက်နဲ့ပဲ ဘဝတစ်နေ့တာ ကုန်ကုန်သွားနေရရင် ဘဝဟာ ပန်းတိုင်ပျောက်နေသလိုပါပဲ။ ကိုယ့်ကိုယ်ကိုယ် ပန်းတိုင်မပျောက်ဖို့ သိပ်အရေးကြီးပါတယ်။



လူတစ်ယောက်ဟာ နိဗ္ဗာန်လိုချင်တဲ့စိတ် များများရှိနေဖို့ပဲလိုပါတယ်။ နိဗ္ဗာန်လိုချင်တဲ့စိတ် များများရှိနေရင် တော်ရုံတန်ရုံ အကုသိုလ်စိတ်လည်း မဝင်တော့ပါဘူး။

ဒီစကားတွေဟာ စာဖတ်သူကို ရင်ထဲက ပြောတာပါ။ သံသရာ ကျင်လည်ရတာလည်း များလှပါပြီ။ နောင်ကျင်လည်ဖို့လည်း ငြီးငွေ့သင့်လှပါပြီ။ ဒါကြောင့် "ဘဝမှာ နိဗ္ဗာန်ရဖို့ အဓိက"ဆိုတဲ့ အတွေးလေးတစ်ခု စာဖတ်သူရဲ့ ရင်ထဲကိုရောက်သွားတယ် ဆိုရင်ပဲ စာရေးသူ ဒီစာကို ရေးရကျိုးနပ်ပါပြီ။

ဘာပဲပြောပြော ဒီစကားတွေဟာ စာဖတ်သူကို ရင်ထဲက မေတ္တာစေတ်အပြည့်နဲ့ ပြောဖြစ်တာပါဆိုတာကိုတော့ သစ္စာပြုရင်း ပါရမီဆယ်ပါးကို ဒီမှာပဲ နိဂုံးချုပ်လိုက်ပါတယ်။

**"စာဖတ်ပရိသတ်အားလုံး စိတ်ကော ရုပ်ကော ချမ်းသာကြပါစေ"။**

**ရဝေနွယ်(အင်းမ)**

**ကျမ်းကိုး**

၁။ လယ်တီဒီပနီ၊ စတုတ္ထတွဲ၊ ဥတ္တမပုရိသဒီပနီ။
(လယ်တီဆရာတော်ဘုရား)

၂။ မဟာဗုဒ္ဓဝင် ပထမတွဲ၊ ပထမပိုင်း။
(မင်းကွန်းတိပိဋကဆရာတော်ဘုရား)

www.burmeseclassic.com

www.burmeseclassic.com



၃။ ဗုဒ္ဓ (သို့မဟုတ်) လောကသားတို့၏အနှိုင်းမဲ့ကျေးဇူးရှင်။
(ဆရာကြီးဦးရွှေအောင်)

**ရပ်ရှင်တေးကဗျာမဂ္ဂဇင်း**
**အောက်တိုဘာ၊ ၂၀၀၇။**



# " ဆုတောင်း "

ဤပါရမီ(၁၀)ပါး ကျင့်စဉ်တရားတော်ကို ရေးသားပူဇော်ရသော ကုသိုလ်ကောင်းမှုအဖို့ဘာဂသည် နိဗ္ဗာန်၏အထောက်အပံ့ဖြစ်ပါစေသတည်း။

နိဗ္ဗာန်ရဖို့ရန် ပါရမီဖြည့်စဉ်ကာလအတွင်း ကြည်ညိုလေးစားရသူနှင့် တွေ့ဆုံပါရမီဖြည့်ခွင့် ရရပါလို၏။

**အရှင်ရာဇိန္ဒ (ရဝေနွယ် – အင်းမ)**
၁၃ . ၁၂ . ၂၀၀၇
**ညနေ ၆ နာရီ ၄၅ မိနစ်**
၁၄ . ၁၂ . ၂၀၀၇
**နံနက် ၆ နာရီ ၂၀ မိနစ်**

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မရဝေ ဓမ္မစာပေပြန့်ပွားရေးထာဝရပဒေသာပင်

## ဓမ္မဒါနအလှူရှင်များ

| | | |
|---|---|---|
| ၁။ | အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) | ၁,၆၀၀,၀၀၀ |
| ၂။ | ဦးရှိန်ဝင်း + ဒေါ်ခင်ချိုဦး (တက်လမ်းဆောက်လုပ်ရေး) | ၁,၁၆၀,၀၀၀ |
| ၃။ | ကိုစိုးနိုင် + မစိမ့်ဟန်နီ (ဇီဝဖိုးပွဲရုံနှင့် စိမ့်ရတနာဆိုင်) | ၆၄၀,၀၀၀ |
| ၄။ | ဦးခင်မောင်အေး + ဒေါ်ခင်စောမူ (ပရင့်ဆက်ဟိုတယ်) | ၅၀၀,၀၀၀ |
| ၅။ | ဦးစိုးကြီး(ကွမ်းယာ)+ဒေါ်ညွန့်ရီ(မြိတ်မြို့) | ၅၀၀,၀၀၀ |
| ၆။ | ဦးအောင်ဇော် + ဒေါ်နန်းကျော့ (ဩစတြေးလျ) | ၄၅၀,၀၀၀ |
| ၇။ | ဦးအောင်မြင့် + ဒေါ်သုခ (အောင်သုခမြန်မာထမင်းဆိုင်) | ၄၀၀,၀၀၀ |
| ၈။ | Dr. အောင်နိုင် + Dr. ဖြူဖြူဝင်း | ၄၀၀,၀၀၀ |
| ၉။ | ဦးမောင်မောင်စိုး + ဒေါ်မဋ္ဌူ၊ သား ခန့်ကြွယ်စိုး၊ သမီး စုလဲ့ဖြူ | ၄၀၀,၀၀၀ |
| ၁၀။ | ကိုအေးထွန်း+မချောစု၊သမီးထွန်းအိန္ဒြာစုံ (ခ)ဂုံဂုံ၊ သားဟိန်းမြတ်ထွန်း(ခ)ကောင်းချစ်၊(ဖျာပုံ) | ၃၅၀,၀၀၀ |
| ၁၁။ | ဘိုကလေးမြို့တရားနာအလှူရှင်များ | ၃၅၀,၀၀၀ |
| ၁၂။ | ဦးမျိုးမြင့် + ဒေါ်မြင့်မြင့်သိန်း | ၃၅၀,၀၀၀ |
| ၁၃။ | Dr. ထူးမောင်အုန်း+ဒေါ်ခင်မေအုံကြီး (U.S.A) | ၃၀၀,၀၀၀ |
| ၁၄။ | ကိုအောင်ထွန်းသိန်း + မလွင်မာအောင် | ၃၀၀,၀၀၀ |



| | | |
|---|---|---|
| | သား မင်းသန့်ကျော် (အောင်သပြေဆေးဆိုင်၊ ဈေးချို၊ မန္တလေး) | |
| ၁၅။ | ဦးသန့်ဇင်ဦး + ဒေါ်လဲ့လဲ့ | ၂၅၀,၀၀၀ |
| ၁၆။ | ဦးဝင်းမြင့် + ဒေါ်ခင်သန်းလှ | ၂၅၀,၀၀၀ |
| ၁၇။ | ဗိုလ်မှူးကြီးမင်းလှအောင် + ဒေါ်ကြူကြူမာ | ၂၅၀,၀၀၀ |
| ၁၈။ | စာအုပ်ချုပ် ဦးမြင့် + ဒေါ်လှလှအေး | ၂၂၀,၀၀၀ |
| ၁၉။ | ဦးညွန့်ဝင်း + ဒေါ်ခင်နီလာမြင့် သားမောင်ရဲခေါင်ဦး၊သမီးမတာရာမြတ်မိုရ် (စာပေလောက–၆) | ၂၁၀,၀၀၀ |
| ၂၀။ | ကိုချိုတူး + မပုံ့ပုံ့(မန္တလေး) | ၂၀၀,၀၀၀ |
| ၂၁။ | ကိုမျိုးထက်ညွန့် + မကြည်ကြည်စန်း၊ သားမျိုးဆက်ပိုင်၊ ဇော်မျိုးဆက် (ဖျာပုံ) | ၂၀၀,၀၀၀ |
| ၂၂။ | ဦးအောင်ကိုကို + ဒေါ်ခင်ခင်ဦး သမီးမမျိုးမြတ်လင်း (ဘိုကလေး) | ၂၀၀,၀၀၀ |
| ၂၃။ | ဦးကျော်စွီး+ဒေါ်မိမိခိုင် (မြိတ်မြို့) | ၂၀၀,၀၀၀ |
| ၂၄။ | ဗိုလ်ကြီးကျော်ရဲထွန်း+ဒေါ်ခိုင်ခိုင်ဝါ မင်္ဂလာဦးအလှူ (မြိတ်မြို့) | ၂၀၀,၀၀၀ |
| ၂၅။ | ဒေါ်ကြွေကြွေ+ဒေါ်အေးအေးမြင့်+ ဒေါ်စိမ်းစိမ်းရည် (မန္တလေး) | ၂၀၀,၀၀၀ |
| ၂၆။ | (ဦးဟုတ်ယုံ)+ဒေါ်ကျင်လှ၊ သား(Capt:)ကိုမွှေးမြင့် | ၂၀၀,၀၀၀ |
| ၂၇။ | ဒေါ်တင်တင်မိုး၊ ဦးကိုကြီး+ဒေါ်ကြည်ကြည်မိုး သားမောင်သန့်စင်၊ သမီးမလင်းညီအေး(မုံရွာမြို့) | ၂၀၀,၀၀၀ |
| ၂၈။ | ဦးကျော်ခင် + ဒေါ်မွှေးမွှေးမိသားစု ( Decoland Co.Ltd ) | ၂၀၀,၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၂၉။ | ဦးရဲမြင့်ဆွေ + ဒေါ်တင်တင်ဝင်းမိသားစု | ၁၇၅,၀၀၀ |
| ၃၀။ | လွန်းထားထား (ဆေးတက္ကသိုလ်) | ၁၆၁,၀၀၀ |
| ၃၁။ | ဒေါ်တင်ရီ(ပေါင်းတည်) | ၁၅၀,၀၀၀ |
| ၃၂။ | မယဉ်မျိုးမျိုးအေး | ၁၅၀,၀၀၀ |
| ၃၃။ | ဦးလေးမောင်အားရည်စူး၍ဇနီးဒေါ်ယဉ်မြင့် | ၁၄၀,၀၀၀ |
| ၃၄။ | ကွယ်လွန်သူ ဒေါ်သန်းသန်း (စကြာပူ) | ၁၃၀,၀၀၀ |
| ၃၅။ | ဦးကျော်စိန် + ဒေါ်ခင်အေး၊<br>သမီး မမိုး (သစ်ခွခြံ) | ၁၂၀,၀၀၀ |
| ၃၆။ | ဒေါက်တာစောဝင်းအေး၊ မမိုးစပါယ်အေး<br>(ခေတ္တ U.S.A) (၃.၁.၀၄) | ၁၁၀,၀၀၀ |
| ၃၇။ | ဦးဝင်းသန်းသောင်း + ဒေါ်တင်တင်ရွှေ<br>သားရန်မျိုးအောင်၊ သမီးထက်သဥ္ဇာအောင် | ၁၁၀,၀၀၀ |
| ၃၈။ | ဦးသိန်းအေး + ဒေါ်လှဲလှဲ၊ သမီးယမင်းထက် | ၁၀၀,၀၀၀ |
| ၃၉။ | မဝင်းပပချယ်ရီထွေး(ခေတ္တ–Japan) | ၁၀၀,၀၀၀ |
| ၄၀။ | ဦးအောင်သန်းဝင်း(ခေါ်)မိုးကြီး+ဒေါ်နီနီမာ | ၁၀၀,၀၀၀ |
| ၄၁။ | ဦးကျော်ခ + ဒေါ်စူး (တောင်ငူ) | ၁၀၀,၀၀၀ |
| ၄၂။ | ဦးဇော်မောင်အုံးနှင့် (တူ)ထွန်းဝင်းလှ | ၁၀၀,၀၀၀ |
| ၄၃။ | ဒုဗိုလ်မှူးကြီးဇင်ဝေသိမ်း+ဒေါ်ခင်ခင်ဝင်း | ၁၀၀,၀၀၀ |
| ၄၄။ | ဗိုလ်မှူးဟန်တင် + ဒေါ်စန်းစန်းလေး<br>သမီးဒေါက်တာနွယ်နီဟန်တင် | ၁၀၀,၀၀၀ |
| ၄၅။ | ဦးထွန်းအောင် + ဒေါ်ခင်ရီ | ၁၀၀,၀၀၀ |
| ၄၆။ | ဦးစိန်ဝင်း+ဒေါ်ဖြူဖြူအေး၊ သားကုဋ္ဌေအောင်<br>ကုဋ္ဌေအောင်ဟိုတယ် ( ပုဂံ ) | ၁၀၀,၀၀၀ |
| ၄၇။ | ပိုင်ဇေရဲထွန်း + သဲသဲ | ၁၀၀,၀၀၀ |
| ၄၈။ | ရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်းမိသားစု | ၁၀၀,၀၀၀ |



| | | |
|---|---|---|
| ၄၉။ | ဦးတင်ဝင်းသျှင်+အကယ်ဒမီဒေါ်ခင်လေးသိမ့်<br>သမီးကြည်ဖြူသျှင် – နုရွှေရည် | ၁၀၀,၀၀၀ |
| ၅၀။ | ဦးဝင်းခင်+ဒေါ်မြင့်မြင့်ကြည်၊ သား<br>သရုပ်ဆောင်ကျော်ရှိန်း၊ ဗိုလ်ကြီးမျိုးဇော်ဝင်း၊<br>သမီးသဥ္ဇာဝင်းခင်၊ သရုပ်ဆောင်ပပဝင်းခင် | ၁၀၀,၀၀၀ |
| ၅၁။ | ဦးသက်လွင် + ဒေါ်ကြည်ကြည်ဝင်း၊<br>မြသီရိ မိသားစု | ၁၀၀,၀၀၀ |
| ၅၂။ | ဦးစိုးစိုး+ဒေါ်သီဂီဝင်း၊ သားမောင်ဇော်ထွန်း<br>သမီး မစန္ဒီထွန်း | ၁၀၀,၀၀၀ |
| ၅၃။ | ဦးဝိုင်စိန် + ဒေါ်ထွေးသိန်း မိသားစု<br>(ကျောက်တံခါးမြို့) | ၁၀၀,၀၀၀ |
| ၅၄။ | ဗိုလ်မှူးကြီးမောင်အုံး(ငြိမ်း)+ဒေါ်ခင်စိုး | ၁၀၀,၀၀၀ |
| ၅၅။ | ဦးစိုးနိုင် + ဒေါ်သီသီအောင်<br>သားမောင်ဘုန်းနိုင်မိသားစု | ၁၀၀,၀၀၀ |
| ၅၆။ | Diary Queen မိသားစု | ၁၀၀,၀၀၀ |
| ၅၇။ | မောင်ကျော်ကျော်စိုး + မညိုညိုလွင် | ၁၀၀,၀၀၀ |
| ၅၈။ | ဒေါ်မွေးမွေးကြည်၊ သားမောင်ကောင်းကျော်<br>(U.S.A) | ၁၀၀,၀၀၀ |
| ၅၉။ | ဦးဟုန် + ဒေါ်သန်းလှ<br>သမီးဒေါ်ခင်ခင်ဦး၊ သားမျိုးဇော်ဦး | ၁၀၀,၀၀၀ |
| ၆၀။ | ဒေါက်တာနွယ်နွယ်ဦး (U.K) | ၁၀၀,၀၀၀ |
| ၆၁။ | ဒေါက်တာကျော်ကျော်မိုး + မခင်မိုးဆမ်း | ၁၀၀,၀၀၀ |
| ၆၂။ | ပါမောက္ခချုပ် ဦးမင်းသန်းသောင်း(ငြိမ်း)+<br>ဒေါ်ခင်ခင်ခ | ၁၀၀,၀၀၀ |
| ၆၃။ | ဦးမြင့်စိုး+ဒေါ်မူမူစိုး၊ သမီးနေခြည်မြင့်စိုး၊ | ၁၀၀,၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



သော်တာမြင့်စိုး
၆၄။ ဦးဟန်တင်+ဒေါ်ကြည်စိန်၊ သမီးခင်ခင်စိုး၊ ၁၀၀,၀၀၀
(မိတ္ထီလာ)
၆၅။ ဦးစိုး+ဒေါ်ခင်မေမိသားစု ၁၀၀,၀၀၀
(အောင်စိုးမိုးဆန်စက်) ဝေါမြို့
၆၆။ ဦးထွန်းထွန်း၊ ဒေါ်ချိုချိုစန်း၊ သက်လင်းထွန်း၊ ၁၀၀,၀၀၀
ဇင်နွယ်ထွန်း
၆၇။ ကိုစိုးလွင် + မမိုးမိုးစိုး၊ ၁၀၀,၀၀၀
သားစည်သူဝင်းထွန်း (ဝေါ)
၆၈။ ဒေါ်အေးအေးဝင်း ၁၀၀,၀၀၀
၆၉။ မကေသီ (Yangon Air Way) ၁၀၀,၀၀၀
၇၀။ ကိုအောင်ကျော်ဆင့်+မနှင်းငွေရည် ၁၀၀,၀၀၀
(မြကြာငုံစာပေ)
၇၁။ ဦးမျိုးချစ်+ဒေါက်တာညိုညိုဝင်း၊ ၁၀၀,၀၀၀
သားပြည်သိမ်းခိုင်မိသားစု
၇၂။ ဦးကျော်မြင့်သန်း+ဒေါ်လှကြည်၊ ၁၀၀,၀၀၀
သားအေးဇော်မျိုး၊ ဓာတ်ပုံအေးဇော်မိုး (စက်မှု)
သမီး မဝင်းမင်းအေး မိသားစု
( ဖြိုးမိုးသိင်္ခ (Photo-Video) Studio )
၇၃။ ဦးသာတင့်+ဒေါ်သင်းသင်းဌေး ၁၀၀,၀၀၀
(ခေတ္တ – Australia )
၇၄။ သောတုဇနေ ညီအမများ (၁၂) ပါး (မုံရွာမြို့) ၁၀၀,၀၀၀
၇၅။ ဒေါ်စန်းစန်းညွန့်၊ ရှယ်မုန့်တိုက် (မော်လမြိုင်) ၁၀၀,၀၀၀
၇၆။ ဦးသန်း+ဒေါ်ခင်ကြည်၊ သမီးမသန်းသန်းဦး ၁၀၀,၀၀၀
သားကိုကျော်မင်းသန်း (ပန်းကုံကော်စတိုး)



မိသားစု (မုံရွာမြို့)
၇၇။ ဒေါ်စိန်ခင်ဌေး၊ (တူ) နေလင်းဘို၊ ၁၀၀,၀၀၀
ငြိမ်းချမ်းဘို၊ (တူမ) လမင်းစန္ဒာဘို
(သီဂီရွှေစင်–ရွှေဆိုင်) မိသားစု (မုံရွာမြို့)
၇၈။ ဦးတိုး+ဒေါ်ခင်စန်းမြင့်၊ ၁၀၀,၀၀၀
သားDr.သိန်းထွန်းအောင်၊ ကိုပြည့်ဖြိုးအောင်
ကိုပြည့်မျိုးအောင် (မုံရွာမြို့)
၇၉။ ကိုသုတအောင်၊ ၁၀၀,၀၀၀
၈၀။ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး ၁၀၀,၀၀၀
(MRTV)+ ဒေါ်နွဲ့နွဲ့(အ.လ.ပြ)(ငြိမ်း)မိသားစု
၈၁။ ကိုကိုစိုး+မအင်ကြင်းအောင်၊ သမီးခင်မြတ်နိုး ၁၀၀,၀၀၀
(Japan)
၈၂။ ကိုကျော်စိုး၊ ဇနီးဒေါ်သန်းသန်းအေး၊ ၁၀၀,၀၀၀
သား ကိုရဲအောင်
၈၃။ ဦးမြင့်ဆွေအားရည်စုး၍ ဇနီး ဒေါ်အုံးမြင့်၊ ၁၀၀,၀၀၀
သမီးမဆွေမြတ်မွန်၊ မမြတ်နိုးဆွေ
(ရွှေနဂါး–မိသားစု)၊ မိတ္ထီလာမြို့။
၈၄။ ဦးသောင်းလှ+ဒေါ်တင်ရွှေ၊ ၉၀,၀၀၀
သမီးမမို့မို့(ဖျာပုံ)
၈၅။ ဒေါ်ခင်စောတင့် ၈၀,၀၀၀
၈၆။ ဦးကျော့ရှင်း + ဒေါ်ခင်ခင်စော ၈၀,၀၀၀
၈၇။ မရတနာဖြိုး Golden Princess Fashion ၈၀,၀၀၀
၈၈။ ကိုမျိုးမြင့်အောင်+မဂန္ဓမာအောင်၊ ၈၀,၀၀၀
သမီး ရူပါမျိုးမြင့်
၈၉။ မင်္ဂလာကျောင်းသစ်၊ အိုးသည်ကုန်းမြို့။ ၇၅,၀၀၀

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၉၀။ | ကိုသန့်ဇော် + မနုနုအောင်(ဖျာပုံ) | ၇၀,၀၀၀ |
| ၉၁။ | ကိုခင်ဇော် + မမိုးသူ၊<br>သား ဟန်သုတ(လက်ပန်ကျေးရွာ) | ၇၀,၀၀၀ |
| ၉၂။ | ကိုတိုးလွင်+ မကေသီခိုင် သားလွင်ကိုဦး | ၇၀,၀၀၀ |
| ၉၃။ | ဦးစံမင်း + ဒေါ်မာလာဝင်း (NEW DAY) | ၇၀,၀၀၀ |
| ၉၄။ | ဒုရဲအုပ်အောင်သိန်းနှင့် ကိုတင်ထွန်းအောင် | ၇၀,၀၀၀ |
| ၉၅။ | ဒေါက်တာနေမျိုးအောင်+မခင်စိုးစိုးသင်း | ၆၃,၀၀၀ |
| ၉၆။ | ကိုကျော်သူ + မရွှေဇီးကွက် | ၆၀,၀၀၀ |
| ၉၇။ | ဦးမျိုးဇော်ဝင်း+မသီတာဝင်း၊<br>သားသားဇော်လင်းထက်(ပဲခူး) | ၆၀,၀၀၀ |
| ၉၈။ | ဦးညဏ်စိုး+ဒေါ်တင်မမ၊<br>သား မောင်တင်ကျော်စိုး | ၆၀,၀၀၀ |
| ၉၉။ | ဒေါ်အေး (၅၆) နှစ်ပြည့် မွေးနေ့ | ၅၇,၀၀၀ |
| ၁၀၀။ | ဦးမောင်မောင်လွင်+ဒေါ်မြမြသိန်း(ခ)<br>မမော်မော်၊ သားမောင်ကျော်ဇင်ဟိန်း | ၅၅,၀၀၀ |
| ၁၀၁။ | ဖခင်ဦးလေးမောင်အားရည်စူး၍<br>မအေးစံပယ်၊ မယုဇနု (ရန်ကင်း) | ၅၅,၀၀၀ |
| ၁၀၂။ | ဒေါက်တာကျော်သိန်း+ဒေါ်နန်းဥမ္မာရီ၊<br>သမီး နန်းရတနာသိန်း | ၅၀,၀၀၀ |
| ၁၀၃။ | မဌေးဌေးမွန်၊မခိုင်ခိုင်စိုး(ညောင်လေးပင်) | ၅၀,၀၀၀ |
| ၁၀၄။ | ပဲနွယ်ကုန်းဆရာတော် | ၅၀,၀၀၀ |
| ၁၀၅။ | ဦးသိန်းထိုက်ဦး + ဒေါ်မျိုးမျိုးမင်း<br>သမီး ဇေဇင်ဦး(မဃလုလင်သင်္ကန်းတိုက်) | ၅၀,၀၀၀ |
| ၁၀၆။ | (ဦးအောင်သန်း) + ဒေါ်တင်ရီ (ဖျာပုံ) | ၅၀,၀၀၀ |
| ၁၀၇။ | ဦးအောင်ကြည် + ဒေါ်ခင်ပြုံး (ဖျာပုံ) | ၅၀,၀၀၀ |

www.burmeseclassic.com